
တက္ကသိုလ်
နေလင်းအောင်
ခေါင်းတလား နှင့် ဓါးသိုင်းရှစ်ကွက်
တစဉ် (၁ + ၆)
ကုလုံ၏ ကျင်းရှောင်စန်းထွေး
တတိယပိုင်း (ဇာတ်သိမ်း)
2001
အပိုင်း (၁)
သိုင်းစာစဉ်များPAGE
6.2.2017
အလွမ်းရင်ခွင်(ကျော်ဆန်းဦး)
Alien မှ pdf အဖြစ် စကန်ဖတ်သည်

တက္ကသိုလ်

# နေလင်းအောင်

## ခေါင်းတလား နှင့် ဓါးသိုင်းရှစ်ကွက်










တတိယ

ဇာတ်သိမ်းပိုင်း

ကု လုံ ၏ ကျင်း ရှောင် စန်း ထွေး

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၁၁၃၀ / ၂၀၀၁ (၈) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၈၁၇ / ၂၀၀၁ (၁၀) |
| ထုတ်ဝေသူ | ဦးကျော်ဟင်း (၀၉၁၀) ယုံကြည်ချက်စာပေ၊ အမှတ်၁၁ ၃၃လမ်း၊ ကျောက်တံတားမြို့န ရန်ကုန်။ |
| အတွင်းပုံနှိပ်တိုက် | မထိုက်ထိုက်အောင် (၀၅၇၀၄) အောင်စေတနာစာပုံနှိပ်တိုက် အမှတ်(၉၀)၊ ဝေပုလ္လ(၂)လမ်း၊ (ယ)ရပ်ကွက်၊ မြောက်ဥက္ကလာ |
| မျက်နှာဖုံးပုံနှိပ်တိုက် | ဒေါ်အေးစန္ဒာညို(၀၄၉၆၇) မြတ်သိဒ္ဓိပုံနှိပ်တိုက် အမှတ်(၅) အင်ကြင်းမြိုင်လမ်း သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၁-ခုနှစ်၊ ပထမအကြိမ် |
| အုပ်ရေ | (၅၀၀) အုပ် |
| တန်ဖိုး | (၁၅၀) ကျပ် |
| ရန်ကုန်ဖြန့်ချိရေး | (တို့ခေတ်) စာပေ |
| အထက်မြန်မာပြည် ဖြန့်ချိရေး | **နဂါးစာပေ** |



## တက္ကသိုလ်နေလင်းအောင်


---

# ခေါင်းတလားနှင့် ဓားသိုင်းရှစ်ကွက်

## ဇာတ်သိမ်း

အခန်း(၁၃၂)

အပေးအယူ

ကုန်းမြေမို့ မို့ တစ်ခု၊ မှတ်တိုင်တစ်တိုင်။

ဟောင်းနွမ်းနေသော မှတ်တိုင်တွင် အမည်က မထင်ရှား တော့ပါချေ။

'အဲဒါ မင်းတို့အမေရဲ့ မှတ်တိုင်ပဲ၊ နှစ်တွေ ဒီလောက်ကြာ နေမှတော့ နာမည်ကတော့ ပျက်ပြီပေါ့'

ယက္ခမယ်တော်က ပြောလိုက်၏။

ဆင်းပီရဲနှင့် လိပ်ပြာသခင်မတို့၏ မျက်ဝန်း အိမ်တွင် မျက်ရည်ဖြိုင်ဖြိုင် သိုစီးကျနေလေသည်၊

သူတို့သည် မသိမမြင်မမှတ်မိခဲ့သော မိဘများကို တမ်းတခဲ့ကြ၏။ သူတို့အလိုချင် အတောင့်တဆုံးသောအရာမှာ သူတို့၏မိဘများနှင့် ပြန်လည်တွေ့ဆုံရန်ပင် ဖြစ်ပါသည်။

ယခု သူတို့ဆန္ဒ မည်သည့်အခါမှ ပြည့်ဝမည် မဟုတ်ပါချေ။

ဖခင်မှာ သေဆုံးပြီးဖြစ်သလို မိခင်မှာလည်း သေမှန်း ရှင်မှန်း သူတို့မသိကြရပေ။ သို့ရာတွင် ကဗျာဆရာ သိုင်းသမား၏ ဇနီးက သူ့မိခင်ကို သတ်ပစ်မည်သာ ဖြစ်ပါသည်။

ဆင်းပိရဲသည် အံကြိတ်လိုက်၏။ သူသည် ဖခင်အား သတ်သူကို လက်စားချေရန် ဆုံးဖြတ်ချက်ချလိုက်၏။

ဆင်းပိရဲနှင့် လိပ်ပြာသခင်မသည် ဖခင်၏မြေပုံကို ဦးခိုက်ကန်တော့ကြလေ၏။ သူတို့၏မျက်ဝန်းများတွင် မျက်ရည်များ ပြည့်လျှံနေသည်၊

ယက္ခမယ်တော်သည် သူတို့အနီးသို့ လျှောက်လာလေ၏။

သူမသည် အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်။ အချင်းလေးလက်မခန့်ရှိသော ကြေးမုံမှန်ကလေး တစ်ချပ်သာတည်း။

သူမသည် ထိုကြေးမုံမှန်ကလေးကို ဆင်းပိရဲအား လှမ်းပေးလိုက်၏။

'ရော့....မင်းအတွက်လက်ဆောင်'

'ကြေးမုံကလေးတစ်ချပ်ပါလား'

'ဟုတ်တယ်လေ၊ ဒါဟာ ဘီလူးကြေးမုံပဲ'

'ဗျာ'



'မင်းကိုငါလက်ဆောင်ပေးတာ၊ မင်းက ကောင်းကင်ဓားကို ရအောင်ယူတဲ့လူမဟုတ်လား၊ ဒီတော့ ဒီကြေးမုံမှန်ကလေး လိုတာပေါ့'

ဆင်းပိရဲသည် မျက်ရည်ဝေသော မျက်လုံးများဖြင့်ကြည့်ရင်း ကြေးမုံမှန်ချပ်ကလေးကို လှမ်းယူလိုက်လေ၏။

ယက္ခမယ်တော်က....

'ပြီးတော့ မင်း ရွှေသော့ကိုရအောင်ရှာ၊ အဲဒီ သိုင်းပညာကိုရမှ မင်းဟာ ရန်သူအပေါင်းကို နိုင်နိုင်မယ်'

ဆင်းပိရဲခေါင်းညိတ်လိုက်၏။

'မယ်တော်ဟာ ဖေဖေ မိတ်ဆွေဖြစ်နေလို့ ကျွန်တော်တို့ကို ခုလိုကူညီတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ခုလိုကူညီတာကို ကျေးဇူးတင်ပါတယ်'

ထိုစဉ် လိပ်ပြာသခင်မက....

'ရွှေသော့....ဟုတ်လား'

'ဟုတ်တယ်.... သိုင်းလောကမှာ ကျော်ကြားနေတဲ့ ရွှေသော့လေ'

ဆင်းပိရဲက ပြောလိုက်၏။

ယက္ခမယ်တော်က....

'ရွှေသော့ကို ညည်းသိလို့လား'

'သိပြီလား မယ်တော်ရယ်၊ ဒီရွှေသော့ဟာ တခြားသူရဲ့ပစ္စည်းမဟုတ်တာပဲ၊ ကျွန်မဆရာရဲ့ပစ္စည်းပဲ'

ဆင်းပိရဲ အလွန်ဝမ်းသာသွားလေ၏။

'ဟင်း....ဝမ်းသာလိုက်တာ၊ ကျွန်တော် ရှည်ရှည်ဝေးဝေး သွားရှာစရာမလိုတော့ဘူးပေါ့၊ မမဆီမှာ ရှိတယ်ပေါ့'

လိပ်ပြာသခင်မလ....

'အရင်ကတော့ ရှိခဲ့ပါတယ်'

ဆင်းပိရဲ မျက်မှောင်ကြုတ်သွားလေတော့၏။

'ဒါဖြင့် အခု မမဆီမှာ မရှိတော့ဘူးပေါ့၊ သော့ ဘယ်ရောက်သွားပြီလဲ'

'မမတို့ ဖမ်းထားတဲ့ အမျိုးသမီးက မမကိုဖမ်းပြီးနှိပ်စက်တယ်လေ၊ ဒီနှိပ်စက်မှုကို မခံနိုင်တော့ သော့ကိုထုတ်ပေးလိုက်ရတာပေါ့'

ဆင်းပိရဲ စိတ်ပျက်သွားသည်။

'ဒါဆို မမကိုဖမ်းတဲ့ အမျိုးသမီးနောက်ကို လိုက်ရမှာပေါ့၊ အဲဒီအမျိုးသမီးဟာ ဘယ်သူလဲ'

'အနီရောင်ပျံလွှားပါ'

ဆင်းပိရဲ ဘာစကားမျှ မပြောနိုင်တော့ပေ။

သူတို့လူစုထဲတွင် ယက္ခမယ်တော်ပြီးလျှင် လိပ်ပြာသခင်မသည် သိုင်းပညာ အဆင့်အမြင့်ဆုံးဖြစ်၏။

ယခု အနီရောင်ပျံလွှားကိုလည်း လိပ်ပြာသခင်မရှုံးနိမ့်ပြီးခဲ့လေပြီ။ ယက္ခမယ်တော်ကလည်း ဟိုကျန်းကို ရှုံးနိမ့်ပြီးခဲ့လေပြီ၊

သူ မည်သူ့ကို နိုင်ပါမည်နည်း၊ ဤအရေးကိစ္စတွင် လက်ရုံးရည် နှလုံးရည်ကို ပိုသုံးရမည်ဖြစ်ကြောင်း ဆင်းပိရဲတွေးမိလေ၏။



'မမ....ရွှေသော့ပုံစံက ဘယ်လိုရှိသလဲ'

ဆင်းပိရဲက မေးလိုက်၏။

လိပ်ပြာသခင်မက ရွှေသော့ပုံစံကို ပြောပြလိုက်သည်။

ဆင်းပိရဲသည် သေချာစွာမှတ်သားလိုက်သည်။

ဆင်းပိရဲသည် အံကြိတ်လိုက်ရာ သူသည် စိတ်ထဲမှလည်း ကျိတ်၍ ဆုံးဖြတ်ချက်ချမိလေ၏။

'ငါ ဒီပစ္စည်းအားလုံးကိုရအောင် ကြိုးစားရမယ်၊ တစ်နေ့မှာ ဒီပစ္စည်းအားလုံး ငါ့လက်ထဲ ရောက်ရှိရမယ်'

ထို့နောက် ဆင်းပိရဲက လိပ်ပြာသခင်မအား ပြောလိုက်၏။

၈

'မမက ယက္ခမယ်တော်ဆီမှာ နေခဲ့မှာလား'

လိပ်ပြာသခင်မက ခေါင်းညိတ်၏။

'နေခဲ့မယ်။ ယက္ခမယ်တော်ဟာ မမရဲ့ဆရာ ဖြစ်သွားပြီပဲ'

'အဲ....ဒီလိုဆိုရင်လဲ ကျွန်တော်တို့သွားတော့မယ်၊ ယက္ခမယ်တော်ကို ဂါရဝပြုပါတယ်'

ဆင်းပိရဲ၊ တုလျှံဝေးနှင့် ငွေခါးချိန်ဖုံတို့သည် ယက္ခမယ်တော်အား လက်နှစ်ဖက်ဆုံကာ ဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။

ချိန်ဖုံသည် လိပ်ပြာသခင်မအား ရီဝေသောမျက်လုံးများဖြင့် ကြည့်လိုက်သည်၊ လိပ်ပြာသခင်မသည် ခေါင်းငုံ့သွားလေ၏။

တို့နောက် သူတို့သုံးယောက်သည် ယက္ခမယ်တော်နှင့် လိပ်ပြာသခင်မတို့အား ကျောခိုင်း၍ ထွက်ခွာလာကြလေသည်။

ယက္ခမယ်တော်နှင့် လိပ်ပြာသခင်မတို့သည် ဆင်းပိရဲတို့ ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေခဲ့သည်၊

ဆင်းပိရဲတား ဟိုကျန်းနောက်သို့ လိုက်ကြတော့သည်၊ သူတို့သည် မင်းသားလေးဟိုကျန်း မည်သည့်နေရာသို့ သွားသည်ကို စနည်းနာကြသည်။ စုံစမ်းကြသည်၊

မင်းသားလေးဟိုကျန်းကားခြေထောက်ဖွဲ့ပါသည်ဟုဆိုရမည်။ ဟိုမြို့ရောက်နေပြီဟု စုံစမ်း၍ပြီး ဆင်းပိရဲတို့ လိုက်သောအခါ သည်မြို့သို့ရောက်နေသည်။ သည်မြို့သို့ ရောက်နေပြီဟု လိုက်သောအခါ ဟိုမြို့သို့ ရောက်နေသည်။

ဆင်းပိရဲတို့နှင့် အလွဲကြီးလွဲနေတော့သည်။

သို့သော် ဆင်းပိရဲ စိတ်မလျှော့ပါ၊ မင်းသားလေးဟိုကျန်းအား မတွေ့မချင်း တွေ့နိုင်မည်ဟုသာ မျှော်လင့်နေပေသည်။

အခန်း (၁၃၃)

မင်းသားလေး ဟိုကျန်းမှာ ရေပေါ်စားသောက်ဆိုင်တစ်ခုသို့ ရောက်ရှိနေလေ၏။ ထိုရေပေါ်စားသောက်ဆိုင်လှေတစ်စီးသဏ္ဌာန် ပြုလုပ်ထားသည်။

မြစ်ထဲချောင်းထဲတွင်ရှိသော စားသောက်ဆိုင်ဖြစ်၍ လှကြီးနိုင်ဖြန်းနိုင်သူများ၊ သူကြွယ်သား၊ သူဌေးသားများ တက်ဆိုင်သို့ လာရောက်စားသောက်ကြသည်။

ဤဆိုင်တွင် ရေသတ္တဝါစားသောက်ဖွယ်ရာ အစုံရှိသည်။ အစားအသောက် ကောင်းလှသည်။ နာမည်ကျော်စားသောက်ဆိုင် ဆယ်ခုတွင် ဤဆိုင်သည် အပါအဝင်ဖြစ်သည်။

ဟိုကျန်းသည် ကုန်းပတ်ပေါ်ရှိ စားပွဲတွင် ထိုင်နေသည်၊ သူ၏ စားပွဲပေါ်၌ဈေးအကြီးဆုံးစားသောက်ဖွယ်ရာ များနှင့် အကောင်းဆုံးသော ဝါးရွက်စိမ်း အရက်များခင်းကျင်းထား ရှိလေ၏။

ဝါးရွက်စိမ်းအရက်ကို သုံးဖြုန်း နိုင်လွန်း သူများသာ သောက်တတ်ကြသည်။

ဟိုကျန်းသည် အရက်သောက်ရင်း ရေလှိုင်းလေး များကို ငေးကြည့်နေသည်၊

သူ၏နောက်တွင် ကိုယ်ရံတော် မိန်းကလေးသုံးယောက်တို့ ရှိနေကြ၏။ ထိုကိုယ်ရံတော်သုံးယောက်သည် အမြဲတမ်းဖျတ်လတ်နိုးကြားနေကြလေ၏။

ဓားစွန်း၊ သွေးစွန်းနှင့် အဆိပ်စွန်းတို့ ဖြစ်ကြတော့သည်၊ သူတို့မျက်နှာများသည် ရေပြင်ကိုသာ ငေးစိုက်ကြည့်နေကြသည်။

...နှင့် ရေပြင်တွင် အစက်ကလေး တစ်စက် ပေါ်လာ
အား ။

...နှ်းက....
...လာပြီ
ပြောလိုက်လေသည်။

...မပြောလည်းအားလုံးကတွေ့မြင်ပြီးသား ဖြစ်သည်၊
...လုံး ရေပြင်ကိုတစ်ချိန်လုံး စိုက်ကြည့်နေကြသည် မဟုတ်
...လော၊



အစက်ကလေးသည်တဖြည်းဖြည်း ကြီးလာသည်၊ ထိုအစက်ကလေးမှာ လှေတစ်စင်းသာဖြစ်ပါသည်။

လှေဦးတွင် လူတစ်ယောက်ရပ်နေ၏၊ နောက်မှလှော်ခတ်သူမှာပျောက်ကွယ်နေသည်၊ လှေဦးတွင် ရပ်နေသူက ကွယ်ထားသလိုဖြစ်နေသည်။

ကြည့်ရင်း....ကြည့်ရင်း မြင်ကွင်းပို၍ ပီပြင်လာ၏၊

လှေပေါ်တွင် အနီရောင် ဝတ်ဆင် ထားသော အမျိုးသမီးတစ်ဦးရပ်နေကြောင်း ဟိုကျန်းတို့နှင့် ကိုယ်ရံတော် သုံးဦးတို့ တွေ့ရှိကြတော့သည်။ သူသည် သူမ၏အင်္ကျီ လက်အိုးအားဝှေ့ယမ်းနေလေ၏။

နောက်မှ လှော်ခတ်သူအား အားဖြည့်ပေးသည့် အနေဖြင့် အင်္ကျီလက်အိုးအား တက်သဖွယ် အသုံး ပြုနေခြင်း ဖြစ်လေသည်၊

အဝေးမှကြည့်သောအခါ အနီရောင် ငှက်တစ်ကောင် ပျံသန်းနေသည်နှင့်တူလှတော့သည်၊

မကြာမီ လှေကလေးသည် ရေပေါ် စားသောက်ဆိုင်အနီးသို့ရောက်ရှိလာတော့သည်။

အမျိုးသမီးသည် လှေသဏ္ဌာန် ပြုလုပ်ထားသော လှေကြီးပေါ်သို့ခုန်ပျံ ရောက်လာသည်။

သူမ၏ခုန်တက်ပုံမှာ ငှက်တစ်ကောင် ပျံဝဲလာပြီး တက်လာသည့်အလား ဖြစ်သည်။

မင်းသားလေး ဟိုကျန်းကလက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

'ခင်ဗျားရဲ့ လှုပ်ရှားမှုကတော့ စံတင်လောက်ပါပေရဲ့ဗျာ၊ အနီရောင်ပျံလွှားဆိုတဲ့ နာမည်နဲ့လိုက်ဖက်ပါပေတယ်၊ ခင်ဗျားရဲ့ ကိုယ်ဖော့ပညာဟာ တကယ် အဆင့်အတန်း မြင့်ပေတာပဲ'

'ခစ်....ခစ်....ခစ်'

အနီရောင်ပျံလွှားသည် ရှုတည်တည်နှင့် ရပ်နေသည့်ကိုယ်ရံတော် သုံးယောက်အား မျက်လုံး ဖေ့ကြည့်လိုက်လေသည်။

ကိုယ်ရံတော်သုံးယောက်သည် မင်းသားလေး ဟိုကျန်း နောက်နား၌ ဓားရိုးပေါ် လက်တင်ပြီး ရပ်နေကြသည်။

အနီရောင်ပျံလွှားသည် ရယ်မောရင်း ခုံလွတ် တစ်ခုတွင် ဝင်ထိုင်လိုက်လေ၏။

သူမ၏ ရုပ်ရည်မှာ ရွက်ကြမ်းရေကျိုသာ ဖြစ်သည်၊ သို့သော်အရွယ်တင်လှသည်။

သူမကိုကြည့်လိုက်လျှင် အသက်သုံးဆယ်မျှသာ ရှိမည်ဟု ထင်ကြပေမည်။ တကယ်တော့ သူမသည် အသက် ငါးဆယ် ရှိခဲ့ပြီဖြစ်သည်။

အနီရောင်ပျံလွှားသည် ဟိုကျန်းအား စေ့စေ့ကြည့်လိုက်၏။ ဟိုကျန်း၏မျက်လုံးများသည် အေးစက်မာကြော နေလေသည်။

'အင်း....ဒီကောင်လေးက မြွေပွေးလို ကြောက်စရာကောင်းတဲ့ ကောင်လေးပဲ၊ သူနဲ့ ဆက်ဆံရင် ငါသတိထား ဆက်ဆံရမယ်'



သူမသည် သူ့ကိုယ်ကိုကြိုသိ၍သတိပေးလိုက်လေ၏။ သို့ရာတွင် သူမပြောလိုက်သည့် စကားကတော့ ချိုသာပြေပြစ်နေသည်။

'မင်း အကြောင်း ကြားထားရတယ်၊ မင်းဟာ လူငယ်သလောက် ထက်မြက်မှုပါပေတယ်'

ဟိုကျန်းက ဦးညွှတ်ဂါရဝပြုလေ၏။

'အခု ချီးမြှောက်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်'

အနီရောင်ပျံလွှားသည် အခြားစားပွဲများကို ကြည့်လိုက်သည်။ စားပွဲများရှိသော်လည်း လူများမရောက်ကြသေးပေ။

'ငါ မင်းနဲ့စကားရှည်ရှည်ပြောဖို့ အချိန်မရဘူး၊ ငါ့ကို ချိန်းလိုက်တဲ့ကိစ္စကို သိချင်တယ်၊ မင်းတို့ ငါ့ကို ဘာကြောင့် ချိန်းတာလဲ'

ဟိုကျန်းက....

'ဟုတ်ကဲ့၊ စားသောက်ရင်းနဲ့ စကားပြောကြတာပေါ့၊ စားပါခင်ဗျား'

အနီရောင်ပျံလွှားသည် ငွေဆံထိုးကို ဖြုတ်ယူလိုက်၏။ ထို့နောက် အစားအသောက်များထဲသို့ ငွေဆံထိုးထည့်ကာ စမ်းသပ်ကြည့်တော့သည်။ အစားအသောက်များထဲ၌ မည်သည့် အဆိပ်မျှ ခတ်မထားပါ။

ဟိုကျန်းသည် မျက်နှာပျက်သွား၏။ ဤသည်မှာ သူ့ကိုစော်ကားခြင်းဖြစ်သည် မဟုတ်ပါလော။ သူသည် အေးစက်စွာ ပြောလိုက်လေ၏။

'ဘယ်အစားအသောက်မှ အဆိပ်မပါပါဘူး'

အနီရောင်ပျံလွှားသည် ဟိုကျန်း မျက်နှာပျက်သွားသည်ကို သိသည်။ သို့သော် ဂရုမစိုက်ပေ။

'ငါက ငါကိုယ်တိုင်ကလွှဲလို့ ဘယ်သူ့ကိုမှ စိတ်ချယုံကြည်တာ မဟုတ်ဘူး'

ဟိုကျန်းသည် အနီရောင်ပျံလွှားကို အေးစက်စွာ ကြည့်လေ၏။ အနီရောင်ပျံလွှားသည် အပြုံးအမူဖြင့် စော်ကားပြီးနောက် စကားဖြင့် သူ့အား စော်ကားပြန်လေပြီ။

အနီရောင်ပျံလွှားအား သူပညာပြရပေတော့မည်။ ပညာမပြလျှင် ဤအမျိုးသမီးကြီးသည် သူ့အား ထပ်မံစော်ကားနေပေတော့မည်။

'ကျုပ်အရက်ငွေပေးပါရစေ'

သူသည် အရက်အိုးကို လက်ဖဝါးဖြင့် ညှစ်လိုက်လေ၏။ အရက်များပန်းထွက်လာပြီး အနီရောင်ပျံလွှားရှေ့မှ ခွက်ထဲသို့ ကျသွားလေ၏။ ခွက်ပြည့်သည်နှင့် ဟိုကျန်း လက်လွှတ်လိုက်သည်။

အရက်အိုးမှာ အက်ရာမျှပင် မထင်ပါ။

ဤသို့ပြုလုပ်ထားခြင်းမှာ အလွန်ပင်ခက်ခဲလှသည်။ အတွင်းအားပြည့်စုံရန်လိုအပ်ရုံတင်မက အချိန်အဆလည်းမှန်ရပေမည်။ ဟိုကျန်း၏အတွင်းအား မည်မျှကောင်းသည်ကို ဤသရုပ်ကိုကြည့်၍သိနိုင်ပေသည်။

အနီရောင်ပျံလွှားသည် လန့်သွားလေ၏။

သူမသည် ဟိုကျန်းအား အထင်မသေးရဲတော့ချေ။

'မင်းက မင်းမိခင်ရဲ့အမွေကို ဆက်ခံနိုင်တာပဲ'



ဟိုကျန်းက ရယ်မောလိုက်သည်။ သူ့ရယ်မောသံက အသက်မပါချေ။ သူသည် မသိမသာ ခြိမ်းခြောက်လိုက်၏။

'မေမေက ကျွန်တော့်ကို အမြဲတမ်းဆူပူနေတာပါ၊ ကျွန်တော်ကလဲ ညံ့သကိုး၊ မေမေရဲ့ ပညာဆယ်ပုံတစ်ပုံကိုတောင် မရတော့ သူလဲဆူမှာပေါ့လေ'

အနီရောင်ပျံလွှားကလည်း အေးစက်စက်ရယ်မောလိုက်လေ၏၊ ဟိုကျန်း၏သိုင်းပညာသည် သူ၏မိခင်ထက်ပင် သာလွန်နေပြီလားဟု အနီရောင်ပျံလွှား တွေးလိုက်မိ၏။

သူမက....

'ကဲ....ကိစ္စကို ပြောပါဦး'

ဟိုကျန်းက အေးဆေးတည်ငြိမ်စွာဖြင့် ပြောလေ၏။

'ကျွန်တော်တို့ ဆွေးနွေးကြမယ်၊ အပေးအယူပေါ့'

အနီရောင်ပျံလွှားက....

'ငါ့မှာ မင်းတို့နဲ့ အပေးအယူလုပ်စရာ ဘာမှမရှိပါဘူး'

ဟိုကျန်းက အေးစက်စက် ပြုံးလိုက်၏။

'ရှိတာပေါ့ဗျာ၊ ဥပမာ ခင်ဗျားရောင်းချနိုင်တဲ့ပစ္စည်းနဲ့ ပတ်သက်ပြီးလို့ပေါ့'

အနီရောင်ပျံလွှားသည် ခေါင်းညိတ်လိုက်လေ၏။

'ငါနားလည်ပြီ၊ ငါ့မှာ လောလောဆယ် ရောင်းချနိုင်တဲ့ ပစ္စည်းတစ်ခုပဲရှိတယ်၊ အဲဒီပစ္စည်းကို မင်းလိုချင်တယ်ပေါ့'

'ခင်ဗျား ဒီလိုသဘောပေါက်တာကို ကျွန်တော်ဝမ်းသာပါတယ်'

'ငါ့ဆီမှာ ရွှေသော့ရှိတယ်'

'ကျွန်တော် သိပါတယ်'

'ငါက ဒါကိုအလကား မပေးနိုင်ဘူး'

'ဟုတ်တယ်၊ ခင်ဗျား ဘယ်လောက်နဲ့ ရောင်းချနိုင်မလဲ ဆိုတာကို ပြောပါ'

အနီရောင်ပျံလွှားက....

'ဈေးတော့နည်းနည်းကြီးမယ်'

ဟိုကျွန်းက....

'ဒါကို ကျုပ်နားလည်ပါတယ်ဗျာ၊ ခင်ဗျားရောင်းချင်တဲ့ ဈေးကိုသာ ပြောပါ'

အနီရောင်ပျံလွှားက တစ်လုံးချင်းပြောလိုက်၏။

'ငွေစင်တစ်သိန်း'

'ဗျာ....'

ဟိုကျွန်းမှာယောင်ယမ်း၍ နအော်မိလေ၏။ သူသည် ငွေစင် တစ်သိန်းဟူသောစကားကို လန့်သွားလေ၏။

ခေါင်းကိုသွင်သွင် ခါယမ်းလိုက်သည်။

'မဟုတ်သေးပါဘူး၊ ခင်ဗျား အပြောမှားနေပြီနဲ့ တူပါ တယ်'

အနီရောင်ပျံလွှားက ပြုံးလိုက်၏။

'မမှားပါဘူး၊ တစ်သိန်းတိတိပါ'

ဟိုကျွန်းက သက်ပြင်းချလိုက်၏။

'ရွှေသော့ဟာ အဖိုးမတန်ပါဘူးဗျာ'

'မင်းထင်လို့ပါ'



'ထင်လို့မဟုတ်ဘူး၊ တကယ်သိ ပြောနေတာဗျ၊ တခြား ပစ္စည်းတွေမရှိရင် ဒီသေတ္တာ ဘာများအသုံးဝင်မှာလဲ'

အနီရောင်ပျံလွှားက ထက်ဟက်ဟက်ဟက် ရယ်မောလိုက် လေ၏။

## အခန်း ( ၁၄ )

'ကျန်တဲ့ပစ္စည်းတွေရှိနေပြီးတော့ ရွှေသော့မရှိရင်ထဲ ဘာ
များ အသုံးဝင်မှာလဲ'

ဟိုကျန်းသည် အနီရောင်ပျံလွှားကို သိပ်လည်းမည်
မထင်ခဲ့ချေ။ ယခု သူ့အထင်မှားနေကြောင်း တွေ့ရှိရလေပြီ

အနီရောင်ပျံလွှားသည် ကောင်းကင်မှား၊ ဘီလူးကြီးမ
နှင့် ရွှေသော့များအကြောင်း အားလုံး သိထားပုံရသည်။

အနီရောင်ပျံလွှားသည် ဈေးအစ်ကြည့်လေ၏။

'နည်းနည်းဈေးဖြင့်လိုက်ပါလား'



အနီရောင်ပျံလွှားက ခပ်တည်တည်နှင့် ပြောလေ၏။

'ငါကစကားအရမ်းမပြောပါဘူး၊ လူ့အခြေအနေကို အရင်ကြည့်ပါသေးတယ်၊ လူ့အခြေအနေကိုကြည့်ပြီးမှဈေးကို သတ်မှတ်တာပါ၊ တခြားလူဆိုရင် ငွေစင်တစ်သောင်းထက်ပိုပြီး ဈေးကိုခေါ်မှာ မဟုတ်ပါဘူး'

ဟိုကျန်းသည် စိတ်ထဲမှကျိတ်၍ ကျိန်ဆဲမိလေ၏။

သို့ရာတွင် မျက်နှာက ပြုံးချိုနေသည်။ လေသံကလည်း ချိုနေသည်။

'တစ်သောင်းလောက်ဆိုရင်တော့....

သူ့အနည်းငယ်စဉ်းစားဟန်ပြုလိုက်သည်။

'ကျုပ်ကိုယ်တိုင်ဆုံးဖြတ်လို့ဖြစ်ပါတယ်'

သူသည် သူဆုံးဖြတ်နိုင်သည့် အခွင့်အာဏာထဲတွင်ရှိသည့် အကြောင်းအရာကို ပြောလိုက်သည်။

အနီရောင်ပျံလွှားသည် တစ်ချက်သမ်းဝေလိုက်၏။

'ဆွေးနွေးပွဲက ပျင်းစရာကောင်းတယ်'

ဟိုကျန်းမျက်နှာပျက်သွား၏။

အနီရောင်ပျံလွှားသည် ထရပ်လိုက်၏။

'ဆွေးနွေးပွဲပြီးပြီပေါ့'

ဟိုကျန်းက အလောတကြီး တားလိုက်၏။

'မပြီးသေးပါဘူး၊ မပြီးသေးပါဘူး'

အနီရောင်ပျံလွှားသည် ပြန်ထိုင်ချလိုက်၏။

'ငါက ဈေးလျှော့မှာမဟုတ်ဘူးနော်၊ ဈေးလျှော့ခိုင်းဖို့တော့ မစဉ်းစားနဲ့'

'စိတ်ချ၊ ခင်ဗျားဟာ အဝ့်မတန် လောဘကြီးတယ်၊ ငွေ
တစ်သိန်းဆိုတာ အလုပ်သမားဆယ်ယောက် ဆယ်နှစ်ရှာ
မရနိုင်တဲ့ ငွေဗျ၊ ခင်ဗျားငွေတစ်သိန်းတော့ မရဘူး၊ ငွေ
အစား ခါးပဲရမယ်'

ဤစကားမှာ သူ နှုတ်မှထုတ်ပြောလိုက်သောစကားမဟုတ်
ချေ။ စိတ်ထဲမှ ပြောလိုက်သည့် စကားသာ ဖြစ်ပါသည်၊

* * *

တကယ်တမ်း ပြောလိုက်သည့် စကားကတော့ ထိုသို့မဟုတ်
ချေ။

'ခဏလောက် စောင့်ဆိုင်းနေမလား၊ သိပ်ရက်မကြာစေ
ရပါဘူးဗျာ၊ ကျွန်တော့်အမေရဲ့ ဆုံးဖြတ်ချက်ကို သိချင်
လို့ပါ'

အနီရောင်ပျံလွှားက....

'ကောင်းပြီ'

သူမသည် ခေတ္တမျှစဉ်းစားပြီး ဆက်ပြောလိုက်၏။

'ဆယ်ရက်စောင့်မယ်၊ ဒါပေမယ့် မင်းတို့ငါ့ဆီမလာနိုင်
တော့ဘူး'



ဟိုကျွန်းက....

'အဆင်ပြေရင် ဆယ်ရက်အတွင်း ကျွန်တော်ရောက်လာ
မှာပါ၊ လာနိုင်ဖို့ မျှားပါတယ်'

အနီရောင်ပျံလွှားက ဟိုကျွန်းကို စိုက်ကြည့်လိုက်ပြီး....

'မင်းလာတဲ့အခါ အဖော်မပါစေနဲ့၊ အဖော်ပါလာရင်
ငါ့ကိုတွေ့ရမှာ မဟုတ်တော့ဘူး'

ဟိုကျွန်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့....ကျုပ်နားလည်ပါသယ်၊ ခင်ဗျားသာဆယ်ရက်
အတွင်း စောင့်ပါ၊ ကျွန်တော်လာနိုင်ဖို့မျှားပါတယ်'

'ကဲ....ဒါဖြင့် ငါသွားမယ်'

အနီရောင်ပျံလွှားသည် လှေငယ်ပေါ်သို့ လွှားခနဲခုန်ပျံ
ဆင်းလိုက်သည်။ ငှက်ငယ်အလားပေ၊ အနီရောင်ပျံလွှားသည်
လှေပေါ်သို့ ရောက်ရှိသွားသည်။

သူမသည် လှေသမားအား အမိန့်ပေးလိုက်၏။

'သွားမယ်'

လှေကလေးသည် ရေပေါ်ရှားသောက်ဆိုင်မှ ထွက်ခွာ
သွားကြလေတော့၏။

အဆိပ်စွန်၏လေသံထွက် လာသည်။

'သူ့ကိုရှင်းပစ်လိုက်ရမလား'

မင်းသားလေးဟိုကျွန်းသည် အနီရောင်ပျံလွှား၏လှေကို
စိုက်ကြည့်နေ၏။ အတန်ကြာ ငြိမ်သက်နေ၏။ ထို့နောက်
ခေါင်းယမ်းလိုက်လေ၏။

'မဖြစ်ဘူး'

အဆိုပ်စွန်က....
'ဘာဖြစ်လို့လဲ'
ဟိုကျန်းက....
'ငါတို့ ယက္ခမယ်တော်ကို အနိုင်ရခဲ့ပေမယ့် ဘီလူးမြေပုံကို မရခဲ့ဘူးမဟုတ်လား၊ ဒီလိုပဲပေါ့'
အဆိပ်စွန်က ပြောလိုက်၏။
'ကျွန်မ နားလည်ပြီ၊ သူကလဲ ရွှေသော့ကိုလျှို့ဝှက်ထား လိမ့်မယ် ဆိုတဲ့သဘောပေါ့'
ဟိုကျန်းက ခေါင်းညိတ်လိုက်၏။
'ဒါတင်မကဘူး၊ သူ့ရဲ့သိုင်းပညာဟာ ခုထက်ထိ အစွမ်း ထက်နေတုန်းပဲ၊ သူဟာ တော်ရုံတန်ရုံသိုင်းသမားကို အသာ ကလေး အနိုင်ယူနိုင်တယ်၊ သူ့ကို အထင်မသေးနဲ့၊ အထင် သေးရင် ခံသွားရလိမ့်မယ်'
ဤကား ဟိုကျန်း၏ ပင်ကို အရည်အချင်းကို ပြခြင်းဖြစ် သည်။ သူသည် မည်သည့်ရန်သူကိုမျှ အထင်မသေးချေ။
အဆိပ်စွန်က....

'ဒါဖြင့် ဘာဆက်လုပ်မလဲ'

ဟိုကျန်း စဉ်းစဉ်းစားစား ပြောလေ၏။

'ဆယ်ရက်တော့ အချိန်ရပါသေးတယ်၊ မေမေ့ ဆီ အကြောင်း ကြားလိုက်ပါ၊ အခြေ ိ ပြန်ချက်ကို စော ကြည့်တာပေါ့'



အဆိပ်စွန်က ခေါင်းညိတ်လိုက်၏။
ဟိုကျန်းက ဟိုဟိုသည်သည် လမ်းလျှောက်လိုက်လေ၏။
'အင်း.... ဆယ်ရက်.... ဆယ်ရက်၊ ဒီမှာအချိန် ဖြုန်းနေဦးမှာလား'
သူသည် အိပ်ခန်းဆီသို့ လျှောက်သွားလေ၏။
ကိုယ်ရံတော်သုံးယောက်စလုံး သူ့နောက်မှ လိုက်သွားကြလေ၏။ အခန်းဝသို့ရောက်သောအခါ ဟိုကျန်းသည် ကိုယ်ရံတော်သုံး ယောက်အား စေ့စေ့ကြည့်လေ၏။

ဓားစွန်သည် ခပ်သွယ်သွယ်ဖြင့် လှသည်။

သွေးစွန်သည် ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ဖြင့် ပြည့်စုံသည်။

အဆိပ်စွန်သည် အနေတော်ဖြစ်သည်။

ဓားစွန်သည် မျက်နှာပျက်သွား၏။ သို့သော် ချက်ချင်းပင် ပြင်လိုက်နိုင်သည်။ သူ့အလိုမလိုက်လျှင် မရဏသေမင်းတိုင်းပြည်သို့ အလည်အပတ် သွားရပေမည်။ မည်သူမျှမသွားချင်ပါ။
'အမိန့်အတိုင်းပါ မင်းသားလေး'
ဟိုကျန်းသည် သဘောကျစွာ ရယ်ပြီးအခန်းထဲ ဝင်သွားသည်။ ဓါးစွန်လည်း နောက်မှ ဝင်လိုက်သွားရလေတော့သည်။

သွေးစွန်းနှင့်အဆိပ်စွန်းတို့မှာ သူတို့အလှည့် မည်သည့်အချိန် အခါကျရောက်မည်ကို စိတ်ရှည်စွာ စောင့်ဆိုင်း နေရတော့သည်။

အခန်း (၁၇၅)

## လျှို့ဝှက်သောအစီအစဉ်

ဆင်းဗီရဲတို့လူစုမှာ ဟိုကျွန်းရှိရာ အရပ်သို့ စနည်းနာပြီး နောက်မှ တကောက်ကောက်လိုက်နေကြသည်။

ယခုလည်း တောလမ်းအတိုင်း လိုက်နေကြသည်။ သူတို့သည် တောလမ်းအတိုင်း လိုက်ကြသဖြင့် စားရေး၊ သောက်ရေးအခက်ကြုံလာကြသည်။

တစ်နေ့တာန်ခရီးဆက်နေရခြင်းက သူတို့၏ဆာလောင်မှုကို မီးလောင်ရာလေပင့် လုပ်နေသည်။

ဆင်းဗီရဲက....။

'ကျုပ်တို့ ခဏနားကြရင်ကောင်းမယ်'

တုလျှံပေးက ချက်ချင်းထောက်ခံသည်။

'အလွန် သင့်လျော်ပါတယ်ဂိုဏ်းချုပ်ကြီး'

ဆင်းပီရဲက....

'ကျုပ်တို့စားစရာ အသီးအနှံ၊ ဒါမှမဟုတ် သစ်ဥသစ်ဖုတ့်ကိုရှာကြမယ်'

ငွေဓားချိန်ဖုံက....

'ဟုတ်တယ်၊ ငါတို့ခရီးဆက်လာတာတစ်နေကုန်ပဲ. စားသောက်ဖို့ ပစ္စည်းရှာတာ အကောင်းဆုံးပါ၊ စားသောက်အနားယူပြီးရင် တစ်ညလုံးခရီးဆက်တာပေါ့'

သူတို့ သုံးယောက်စလုံး သဘောတူကြ သဖြင့် အရိပ်ကောင်းသော သစ်ပင်အောက်၌ အနားယူလိုက်ကြလေ၏။

သူတို့သည် တာဝန်အသီးသီးခွဲဝေလိုက်ကြ၏။ ခွဲဝေလိုက်သော တာဝန်အရ ဆင်းပီရဲက မီးမွေးရန် တာဝန်ယူရမည်ဖြစ်သည်။

တုလျှံပေးက ရေရှာဖွေရမည် ဖြစ်ပြီး ငွေဓားချိန်ဖုံက စားစရာ အစားအသောက်အသီးအနှံ၊သားငါး စသည်တို့ကို ရှာဖွေရမည်ဖြစ်သည်။

တုလျှံပေးနှင့် ငွေဓားချိန်ဖုံတို့သည်ထွက်ခွာသွားကြသည်။ ဆင်းပီရဲမှာသစ်ကိုင်းခြောက်များကိုလိုက်ကောက်ရာ မြောက်မြားစွာရရှိလာသည်။

ထို့ကြောင့် မီးခတ်ကျောက်ကို အသုံးပြု၍ မီးမွေးလေတော့၏။



မီးဖိုတစ်ဖို ဖိုပြီး မီးလျှံများ ထွက်လာလေတော့သည်။ ရေသွားရှာသောသူနှင့် အသီးအနှံ၊ သားငါးရှာသူများပြန်မလာကြသေးပါ။

ဆင်းပီရဲမှာ မီးဖိုတစ်ဖို ဖိုထားပြီးသဖြင့် သူ့တာဝန် ကျေပွန်လေပြီ။ သို့သော်သူသည် ကျောက်ခဲများကို ကောက်ယူပြီး သစ်ပင်၌လာနားသည့် ငှက်များကို ပစ်ချရန် ပြင်နေပါတော့သည်။

'ရေသွားရှာတဲ့လူလဲ ပြန်မလာသေးဘူး၊ အသီးအနှံ၊ သားငါးသွားရှာတဲ့ လူလဲပြန်မလာသေးဘူး၊ ငါလဲ မီးမွေးပြီးပြီ၊ ငါဒီအတိုင်းငြိမ်ပြီး ထိုင်နေရတာ မကောင်းလှဘူး၊ သစ်ပင်ပေါ်လာနားတဲ့ ,ငှက်တွေကို ခဲနဲ့ပစ်ချတာ ကောင်းမယ်'

သူသည် ထိုသို့တွေးပြီး ငှက်များကို စောင့်ကြည့်နေလေသည်။

ထိုစဉ် ငှက်တစ်ကောင်သည် ပျံသန်းလာလေ၏။ဆင်းပီရဲသည် ခဲသုံးလုံးကို တစ်လုံးပြီးတစ်လုံး ဆက်တိုက် ပစ်လိုက်၏။ ခဲတစ်လုံးသည် ငှက်ကို ထိမှန်သွားလေ၏။

'ဘုတ်....'

ဆင်းပီရဲဝမ်းသာသွား၏။

'သူတို့ရှာနေတာ ဘာမှ မရသေးဘူး၊သွားမရှာတဲ့ ငါက ငှက်တစ်ကောင်ရနေပြီ'

သူသည် ငှက်ကို ပြေးကောက်လိုက်၏။

သူသည် မျက်လုံးကျယ်သွားလေ၏။

'ဟင်....ငှက်ခြေထောက်မှာ စာတစ်စောင်ပါလား ဒုက္ခပဲ၊ စာပို့ငှက်ကိုမှ ဝါကပစ်ချမိတယ်၊ အရေးကြီးလို့ အကြောင်းကြားတဲ့စာဆိုရင်တော့ သူတို့တာဝေါ့ကြောင့်ဒုက္ခရောက်တော့မှာပေါ့'

သူသည် ငှက်ခြေထောက်မှစာကို ဖြုတ်ယူရန်ကြည့်လိုက်သည်။ ငှက်ခြေထောက်တွင် ဝါးကျည်တောက်အလေး ပါရှိပြီး ထိုအထဲမှ ဆင်းပိရဲသည် စာကိုနှိုက်ယူလိုက်လေ၏။

သူသည် စာကို ဖွင့်ဖတ်လိုက်သည်။

စာဖတ်ရင်းဆင်းပိရဲသည် တဖြည်းဖြည်း မျက်မှောင်ကုတ်လာတော့၏။ သို့နောက်သူ၏မျက်နှာတဖြည်းဖြည်းပြုံးရွှင်လာလေ၏။

မကြာမီ တုလျှံဝေးသည် ရေရှာ၍ လည်းကောင်း၊ မင့်ဓားချိန်ဖုံသည် ဆတ်ထစ်ကောင်ထမ်း၍ လည်းကောင်း ပြန်ရောက်လာလေ၏။

'ခင်ဗျားတို့ကို သတင်းကောင်းပေးစရာရှိတယ်'

ဆင်းပိရဲကသူတို့အား ခရီးရောက်မဆိုက် ပြောလိုက်လေသည်။

ငွေဓားချိန်ဖုံသည် ဆတ်သေကောင်ကြီးအား ပစ်ချလိုက်ပြီး ဆင်းပိရဲဘေးသို့ ပြေးလာလေ၏။ တုလျှံဝေးလည်း ဝါးကျည်တောက်ကို သစ်ပင်ခြေရင်းတွင် ထောင်ထားခဲ့လိုက်ပြီး ဆင်းပိရဲဘေးသို့ ပြေးလာလေသည်။

ဆင်းပိရဲသည် သူရရှိထားသည့် စာအား တုလျှံဝေးနှင့် ချိန်ဖုံတို့အားပြသလိုက်၏။



တုလျှံဝေးနှင့် ချိန်ဖုံတို့သည် စာကိုဖတ်ရှုပြီးနောက် ဆင်းပိရဲအား ပြန်ပေးလိုက်သည်။

ဆင်းပိရဲသည် စာကိုလုံးချေပြီး မီးဖိုထဲထည့်လိုက်၏။ စာမှာ တစ်ခဏချင်းမီးလောင်ကျွမ်းသွားသည်။

## အခန်း(၁၄)

ချိန်ဖုံက....

'ဒီစာအရ ဆိုရင် သူတို့ဟာ ဒီတောနဲ့သိပ်မဝေးဘဲနေရာမှ ရှိနေကြပြီ၊ ငါတို့ကံကောင်းတာပဲ၊ သူ့နောက် လိုက်ခဲ့တာ ကြာပြီ၊ ခုမှပဲမိတော့တယ်'

တုလျှံဝေးက....

'ဒီစာကို ဘယ်ကရသလဲ'

ဆင်းပီရဲက ငှက်သေကောင်အားပြလိုက်သည်။

'ကံအားလျော်စွာ ဖြစ်ကြတာပဲ၊ အဲဒီငှက် ပျံလာတုန်း ကျုပ်နဲ့ပစ်ချမိတာပဲ၊ စာပို့ငှက်ဖြစ်နေတယ်'



'ကျွန်တော်တို့ဘယ်လိုလုပ်ကြမလဲ ဂိုဏ်းချုပ်ကြီး'

ဆင်းပီရဲသည် စဉ်းစားတွေးတောနေ၏၊

ချိန်ဖုံက....

'သူဟာ အင်အားများတယ်၊ သိုင်းပညာလဲထက်မြက်တယ်၊ ငါတို့ပြောင်ပြောင်တင်းတင်းဝင်တိုက်ခိုက်လို့တော့ မဖြစ်ဘူး နဲ့တူတယ်'

ဆင်းပီရဲက

'ကောင်းကင်ဓားကို ပြန်ရဖို့စိတ်အေးအေးထားကြမှဖြစ် မယ်၊ လက်ရုံးရည်အားကိုးလို့ မဖြစ်ဘူး၊ နှလုံးရည်ကိုပဲ အား ကိုးကြရမယ်၊ သူတို့က အစစ အရာရာသာနေကြတယ် မဟုတ် လား'

တုလျှံဝေးက....

'ဂိုဏ်းချုပ်ကြီးမှာ အကြံဉာဏ်များ ရှိနေပြီလား'

ဆင်းပီရဲက....

'အစီအစဉ်တခုရှိတယ်၊ ဒီအစီအစဉ်မှာ ချွတ်ယွင်းချက် တွေ ရှိချင်မှရှိမယ်၊ ခင်ဗျားတို့ဝိုင်းပြီး အကြံဉာဏ် ပေးကြ ပါဦး'

သူသည် အစီအစဉ်ကို ပြောပြလိုက်၏၊

တုလျှံဝေးနှင့် ငွေဓားချိန်ဖုံတို့သည် ပြုံးလာလေ၏။

'သိပ်ကောင်းတဲ့ အစီအစဉ်ပဲ'

ဆင်းပီရဲက....

'အန္တရာယ်များပါတယ်ဗျ'

တုလျှံဝေးက....

'အာပဲဖြစ်ဖြစ် ကောင်းကင်ဓား ပြန်ရနိုင်တဲ့ နည်းလမ်းကောင်းပဲ၊ ဒီအကြံဉာဏ်ထက်ကောင်းတဲ့အကြံဉာဏ်ကို ကျွန်တော် မစဉ်းစားနိုင်တော့ အမှန်ပဲဂိုဏ်းချုပ်ကြီး'

ငွေဓားချိန်ဖုံက တက်ကြွစွာ ထောက်ခံလေ၏။

'ဟုတ်တယ်၊ ဒီအကြံဉာဏ်အတိုင်း ဆောင်ရွက်မယ်၊ မင်း[illegible]ာမှစိတ်ပူနဲ့၊ ကဲ...အစားအသောက် စားသောက်လိုက်ကြဦးရို'

သူတို့သည် ဆက်ကြီးကိုဖျက်ပြီး မီးကင်စားသောက်လေတော့၏။ စားသောက်ပြီးနောက် သူတို့သည် ခရီးဆက်ကြလေတော့၏။

* * *

လခြမ်းကွေးကွေးသည် ကောင်းကင်၌ ချိတ်ဆွဲထားသကဲ့သို့ တွဲရရွဲတည်ရှိနေလေ၏၊ လခြမ်းမှ အလင်းရောင်များများ မရပါ၊ ထို့ကြောင့် ညသည်မှိုန်ပျနေပါသည်။

ရေပေါ် စားသောက်ဆိုင်၏ ကုန်းပတ်ပေါ်တွင် မိန်းကလေး တစ်ယောက် ရပ်နေလေ၏။ သူမ၏ဘေးတွင် မည်



သူမျှ မရှိချေ။ သူမသည် အဝေးသို့ ငေးမျှော်ကြည့်နေလေသည်။

ညလေ၏ တိုက်ခတ်မှုကြောင့် သူမ၏ဆံကေသာများ လေထဲတွင် လွင့်မျောနေပေသည်။

မပီဝိုးဝါးသော လရောင် သူမအပေါ် ကျရောက်နေသည်။

မိန်းကလေးသည်ငယ်ရွယ်လှပသူတစ်ယောက်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုမိန်းကလေးမှာ အခြားသူ မဟုတ်ပါ၊ ဟိုကျန်း၏ ကိုယ်ရံတော်မိန်းကလေး ဓားစွန်ပင်ဖြစ်ပါတော့သည်။

သူမသည် မပီဝိုးတဝါးဖြစ်နေသော လရောင်ဖြင့် ကမ်းစပ်ပေါ်မှ သစ်ပင်များကို ကြည့်နေမိပါသည်။

လေတိုက်သဖြင့် သစ်ပင်များယိမ်းထိုးနေပုံမှာ ယိမ်းကသည့်နှယ် ရှိနေပါသည်။ ဓားစွန်သည် ထိုသစ်ပင်များကို ကြည့်နေပါသည်။

ထိုစဉ် သူမအနီးသို့ လူရိပ်တစ်ရိပ် ရောက်ရှိလာလေတော့သည်။

'ငါက မင်းပျောက်လို့ လိုက်ရှာနေတာ မင်းက ဒီမှာကိုး'

ဓားစွန်သည် အံ့သြတွက်ပေါ်လာသဖြင့် လှည့်ကြည့်မိသည်၊ သူမသည် မင်းသားလေး ဟိုကျန်းအား တွေ့လိုက်ရလေ၏။

သူမ၏ မျက်လုံးတွင် အရောင်တစ်မျိုး ထွက်လာ၏၊ သို့သော် ထိုအရောင်သည် ချက်ချင်း ပျောက်ကွယ်သွားလေ၏။

*

## အခန်း (၁၃၇)

မင်းသားလေးဟိုကျွန်းသည် ဓားစွန်၏ပခုံးကို အသာဖက်လိုက်သည်၊

'အင်း....လှပတဲ့ ညတစ်ညပါပဲ'

ဓားစွန်မှာ ငြိမ်နေရသည်။ သူမသည် အသက် မပါ ပါ။ သို့သော် သူမဘာဝသည် နှစ်မွှန်းသွားပြီ ဖြစ်ပါသည်။

ထိစဉ်....'

'ဝိုး....'

'ဒေါက်....'

မင်းသားလေး လှေ၏ ဝဲလက်ရန်းဆီသို့ ကြည့်လိုက်၏။ မြားတစ်စင်း၊ အမှောင်ထုအတွင်းမှ ထိုးဖောက်ဝင်ရောက်လာသောမြားတစ်စင်း၊ မြားသည် လှေ၏လက်ရန်းတွင် လာစိုက်နေ၏။

'ဝိုး....'

'ဒေါက်....'

နောက်ထပ်မြားတစ်စင်း။

'ဝိုး....'

'ဒေါက်'

မြားသုံးစင်းသည် လှေ၏လက်ရန်းတွင် လာစိုက်နေလေသည်။

'ဘယ်သူလဲ ချောင်းပြီး တိုက်ခိုက်တာ'

မင်းသားလေးက အော်လိုက်၏။ အော်လိုက်တာမှ နောက်ထပ် မြားသုံးစင်းသည် မင်းသားလေးထံသို့ တည့်တည့်မတ်မတ်ကြီး ဝင်လာတော့၏။

ဟိုကျန်းက မဲ့ရွဲ့လိုက်ပြီး လက်တစ်ဖက်ဖြင့် ဝှေ့ယမ်းလိုက်ရာ မြားတံများသည် အောက်သို့ ပြုတ်ကျသွားလေ၏။

'ရာရာစစ၊ ကျုပ်ကို ဘယ်သူကများ လုပ်ကြံချင်ရတာလဲ'

ဟိုကျန်းသည် ကမ်းစပ်သို့ ထဲ့မ်းကြည့်လိုက်၏။ ထိုမြားခြောက်စင်းကို ကမ်းစပ်မှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ပေသည်။

ကမ်းစပ်ပေါ်၌ ခပ်ရေးရေးလှုပ်ရှားသွားသော လူရိပ်ကို ဟိုကျန်း တွေ့မြင်လိုက်ရသည်။



ဟိုကျန်း ငေါသထွက်သွားလေ၏။ သူ့အား ဤကဲ့သို့ လုပ်ကြံလျှင် ရနိုင်သည်ဟု မည်သူကပြောသနည်း။ ဤ ပြေးထွက်သွားသော လူကို သူဆုံးမရပေလိမ့်မည်။

သူသည် မျှလေသာ့ငှက်ခါး နားခါမှသိရေမည်ဟု မကြုံးဝါးပေ၊ လာမည့်ဘေးကို ပြေးတွေ့ရင်ဆိုင်သူသာ ဖြစ်သည်။

'မင်း....ဘယ်ကိုပြေးမလဲ ပြေးစမ်း၊ မင်းကပြေးလို့လွတ်မယ်လို့ ထင်တယ်၊ ငါကလဲ မင်းကို မီအောင် လိုက်ပြမယ်'

သူသည် ကြုံးဝါးလိုက်ပြီး စားသောက်ဆိုင်ဘေးတွင် ကပ်ချည်ထားသော လှေငယ်ပေါ်သို့ ခုန်ဆင်းလိုက်၏။ ထို့နောက်လှေငယ်ကိုကမ်းစပ်သို့လှော်ခတ်သွားတော့၏။

လှေသည် တစ်ဖက်ကမ်းစပ်သို့ရောက်သွားပြီး ကမ်းပေါ်သို့ ခုန်တက်ပျောက်ကွယ်သွားသည်။

ဓားစွန်သည် လျှပ်တစ်ပြက် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များကြောင့် ငေးကြောင်ကြည့်နေမိသည်။

* * *

ထိုစဉ် ကမ်းစပ်မှလှေကလေးသည် ပြန်ထွက်လာသည်ကို တွေ့ရလေ၏။ လှေငယ်ကလေးသည် စားသောက်ဆိုင် လှေကြီးဘေးတွင် ကပ်ရပ်လိုက်၏။

ထို့နောက် ဟိုကျွန်းသည် လှေပေါ်ခုန်တက်လာလေ၏၊ အဆိပ်စွန်နှင့်ဓားစွန်တို့လည်း မင်းသားလေးဟိုကျွန်းကို ဝိုင်းဝန်း မေးမြန်းကြတော့သည်။

'ရန်သူကို တွေ့သလား သခင်လေး'

ဟိုကျွန်းက ပခုံးတွန့်လိုက်၏။

'မတွေ့ပါဘူး၊ မြင်းနဲ့ထွက်ပြေးသွားတယ်၊ ဒါတောင်ခပ်ရေးရေးပဲ မြင်လိုက်ရတာ....'

အဆိပ်စွန်က....

'အနီရောင်ပျံလွှားရဲ့ လက်ချက်လား'

'မပြောနိုင်ဘူး'

ဟိုကျွန်းသည် ကိုယ်ရံတော်သုံးယောက်အား ကြည့်ပြီး....

'ကဲ....ကဲ....ကိုယ့်နေရာကိုယ် ပြန်ကြပေတော့'

အဆိပ်စွန်နှင့် သွေးစွန်တို့သည် ဟိုကျွန်းကို ဂါရဝပြုကာ ထွက်ခွာသွားကြ၏။

ဓားစွန်က....

'သခင်လေး နားတော့မလား'

ဟိုကျွန်း ခေါင်းညိတ်လိုက်၏။

'နားမယ်'



ဓားစွန်သည် ဟိုကျွန်းအား အခန်းဆီသို့ ဦးဆောင်ခေါ်သွားလေ၏။

အခန်းတွင်းသို့ ရောက်သောအခါ ဓားစွန်က မီးအိမ်ကို အသာမှိန်လိုက်သည်။ သူမ၏တာဝန်မှာ မင်းသားလေး ဟိုကျွန်း၏ အလိုသို့ လိုက်လျောရဦးမည် မဟုတ်ပါလော။

ဟိုကျွန်းက သက်ပြင်းချလိုက်၏။

'ကျုပ်တစ်ယောက်တည်း နားချင်တယ်၊ စိတ်မရှိပါနဲ့၊ သွားနိုင်ပြီ၊ မင်းအဖော်တွေဆီ သွားပါ'

ဓားစွန်၏မျက်လုံးထဲတွင် အံ့ဩရိပ်ပေါ်လာလေ၏၊ တစ်ကိုယ်လုံး တောင့်ခနဲဖြစ်သွားသည်။

'မင်းသားလေး တကယ်ပဲ ကျွန်မကို အလိုမရှိတော့တာလား'

'မင်းကို ကျုပ် မညှာတာသလိုများ ဖြစ်နေရော့သလား မသိဘူး'

'ကျွန်မကို အဲဒီလိုခွင့်ပြုတာ ညှာတာရာကျပါတယ်ရှင်'

ဟိုကျွန်း ခေါင်းညိတ်လိုက်၏။

'ဟိုဘက်ကမ်းက ရန်သူတွေအကြောင်း ကျုပ်တွေးလိုက်ချင်တယ်၊ ဘယ်သူကများ ကျုပ်ကို လုပ်ကြံချင်ရတာလဲ မသိဘူး'

ဓားစွန်သည် မင်းသားလေးဟိုကျွန်းကို ဂါရဝပြုကာ အခန်းထဲမှ ထွက်ခွာသွားလေတော့၏။

မင်းသားလေးဟိုကျွန်းသည် နဖူးပေါ်လက်တင်ကာ စဉ်းစားရင်း ကျန်ရစ်ခဲ့၏။

'အင်း....မင်းသားလေးရဲ့ စကားသံ တစ်မျိုးပဲ'

ထွက်ခွာသွားသော ခေးစွန်သည် တွေးခေါ်ငြိုးငြား သွားလေ၏။

## အခန်း(၁၄)

## ခေါင်းတုံးပေါ် ထိုင်ကွက်ခြင်း

ခေးစွန်သည် မင်းသားလေးတို့ကျွန်းက အိပ်ခွင့်ပြုလိုက်သော်လည်း အိပ်မရသေးပါချေ။ ထို့ကြောင့် ကျွန်းပတ်ပေါ်သို့ ပြန်လျှောက်လာခဲ့လေ၏။

ကျွန်းပတ်ပေါ်တွင် လရောင်က မပီဝိုးတဝါး ကျနေသည်။ ခေးစွန်သည် လရောင်အရိပ်ထဲတွင် မနေချင်သဖြင့် အရိပ်ကျရာ ပဲ့ပိုင်းဆီသို့ လျှောက်လာခဲ့လေ၏။

သူမသည် ပဲ့ပိုင်းတွင်ရပ်ပြီး လမင်းကြီးကို မော့ကြည့်သည်။ သူမ တွေးနေသည်။ သူမ၏ရင်ထဲ၌ တစ်စုံတစ်ခုကို

မချိမဆံ့ ခံစားနေရသည်။ သူမ မျက်ရည်များ ရစ်ဝဲလာတော့သည်။

သူမ၏ရင်ပွင်းမှခံစားချက်များကို မည်သူမျှနားလည်မည်မထင်ပါ။ သူမ၏ ရင်တွင်း၌နာကျင်နေပါသည်။ မိမိမည်သူ့ကို အပြစ်တင်ရပါမည်နည်း။

ထိုစဉ်၊ ရေထဲမှ အသံတစ်သံကို ကြားလိုက်ရလေ၏။

ဓားစွန်သည် မျက်ရည်သုတ်ပြီး ရေထဲသို့လှမ်းကြည့်လိုက်လေ၏။ လှေတစ်စင်းခွာသွားခြင်း ဖြစ်သည်။ လှေသည် တစ်ဖက်ကမ်းသို့ လှော်ခတ်သွားလေသည်။

လှေပေါ်တွင် လူတစ်ယောက်။

မင်းသားလေး ဟိုကျုန်းသာတည်း။

ဓားစွန် မျက်မှောင်ကုတ်သွားသည်။

တဖြည်းဖြည်း ဝေး၍ ပျောက်ကွယ်သွားသော လှေကလေးအား ငေးကြည့်ရင်း သက်ပြင်းချလိုက်လေ၏။

'မင်းသားလေးဟာ စောစောကလုပ်ကြံတဲ့လူတွေနောက် လိုက်တယ်၊ အခုတစ်ခါ မှောင်ကြီးမည်းကြီးထဲ ထွက်သွားပြန်ပြီ၊ လုပ်ကြံတဲ့လူနောက် လိုက်တာပဲလား မသိဘူး၊ ဘယ်လို ဖြစ်တာလဲ မသိဘူး'

သူမသည် ငေးမောတွေးတောနေ၏။

ထိုစဉ် ကုန်းပတ်ပေါ်သို့ လူတစ်ယောက် ခုန်တက်လာလေ၏။

သူမ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

'ဓားစွန်....မင်း ဘာကြောင့်ကြည့်နေတာလဲ'



မင်းသားလေးဟိုကျုန်းက ငေါက်ငမ်းလိုက်၏။ ဓားစွန်သည် ရေထဲသို့တစ်ဖန်ကြည့်လိုက်ပြန်သည်။ စောစောကထွက်သွားသည့်လှေမှာ မရှိတော့ပါ။

ထိုလှေကလေးပေါ်တွင် မင်းသားလေးဟိုကျုန်းအား တွေ့မြင်ခဲ့သည်။ ယခုလည်း သူမရှေ့တွင် မင်းသားလေးဟိုကျုန်းကို တွေ့နေရသည်။

သူမ မျက်စိချာချာလည်နေချေပြီ။ သူမ မယုံကြည်နိုင်လောက်အောင်ဖြစ်မိလေ၏။ သူမပင် အမြင်မှားလေသလော။ မင်းသားလေးဟိုကျုန်းကပင် အလွန်လျင်မြန်စွာ ပြန်လာလေသလော။

မင်းသားလေးဟိုကျုန်းသည် သူ့အား ကြောင်ကြည့်နေသော ဓားစွန်ကိုမကျေမနပ်ဖြင့် ကြည့်လိုက်လေ၏။ သူသည် ဓားစွန်ရှိရာသို့လျှောက်သွားပြီး ပခုံးနှစ်ဖက်အား ကိုင်လှုပ်လိုက်၏။

'ဓားစွန်....မင်း ဘာဖြစ်နေသလဲ'

ထိုအခါမှ ဓားစွန်သတိဝင်လာလေ၏။

'မင်း သားလေး ဘယ်ကပြန်ရောက်လာတာလဲ'

မင်းသားလေးဟိုကျုန်းမှာ အံ့အားသင့်သွား၏။

'မင်းနဲ့အတူ ကုန်းပတ်ပေါ်မှာရပ်နေရာက ရန်သူနောက်သွားတာ မင်းအမြင်ပဲမဟုတ်လား'

ဓားစွန် မျက်လုံးပြူးသွား၏။

'စောစောက တစ်ခေါက်ပြန်မလာဘူးလား'

'ဘာ....'

'ရှေးစောစောက မင်းသားလေးတစ်ခေါက် ပြန်လာသေးတယ်လေ'

'မင်း ဘာတွေပြောနေတာလဲ'

'ကျွန်မ မင်းသားလေးကိုစောစောကတင် တွေ့လိုက်သေးတယ်'

မင်းသားလေးဟုကျွန်းသည် သူ့အိပ်ခန်းဆီသို့ ပြေးဝင်သွားလေတော့၏။ သူသည် ဒေါသဖြင့်အော်ဟစ်လိုက်လေသည်၊

'မရှိတော့ဘူး....မရှိတော့ဘူး၊ ကောင်းကင်ခါးမရှိတော့ဘူး....'

မင်းသားလေး ဟုကျွန်းသည် မေးရိုးများထောင်လာအောင် အံကြိတ်လိုက်လေ၏။

သူသည် အားလုံးကိုနားလည်လိုက်ပြီးဖြစ်၏။

ရန်သူသည် သူ့အားမြှားနှင့်ပစ်ခဲ့၏။ သူ့အားထိအောင် ပစ်ခြင်းမဟုတ်ပေ။

သောင်ပြိုပစ်ခတ်ခြင်းသာဖြစ်သည်။ သူ့အား ဤနေရာမှ ထွက်ခွာသွားစေရန်သာ ပစ်ခတ်ပြကြခြင်းဖြစ်သည်။ သူကလည်း ထိုပရိယာယ်ကိုမသိသဖြင့် ဤနေရာမှ ထွက်ခွာမိလေသည်၊

သူ ဤနေရာမှထွက်လာချိန်တွင်ရန်သူသည် သူ့ဟန်ဆောင်ကာ ကောင်းကင်ခါးရယူသွားခြင်းဖြစ်ပေသည်။

'တောက်....'



ဟုကျွန်းသည်တွေးမိတိုင်း အသည်းနာသဖြင့် တောက်တစ်ချက် ခေါက်လိုက်လေ၏။

ထိုစဉ် သွေးစွန်းနှင့်အဆိပ်စွန်းတို့လည်း ရောက်ရှိလာတော့၏။ သူတို့လည်း တစ်ခဏအတွင်း အခြေအနေကိုနားလည်သဘောပေါက်သွားကြလေ၏။

## အခန်း (၁၃၉)

ဟိုကျန်းက...

'အယောင်ဆောင်လာတဲ့လူကို မင်း မခွဲခြားနိုင်တာကို ထောက်ရင် သူ့ရဲ့ရုပ်ဖျက်ပညာဟာ အလွန်တော်တယ်လို့ဆို ရမှာပဲ'

ဓားစွန်က....

'သူသာရုပ်ဖျက်လာရင် ကျွန်မသိမယ်လို့ထင်တယ်'

ဓားစွန်က ဆက်လက်ပြောလိုက်လေ၏။

'သူဟာ မင်းသားလေးမှ မင်းသားလေးအစစ်ပါပဲ'

ဟိုကျန်းက အော်လိုက်၏။



'ဓားစွန် မင်းစကားဟာ သူဟာရုပ်မဖျက်ဘဲနဲ့ ငါနဲ့တူနေတယ်လို့ ပြောတာလား'

ဓားစွန်က....

'ကျွန်မ အဲ့ဒီလိုယူဆမိတယ်'

ဓားစွန်က စဉ်းစဉ်းစားစား ဖြင့်ပြောသည်။

'မင်းသားလေး၊ ကျွန်မထင်ထားတာများရင်တော့ သူတို့ရဲ့ရုပ်ဖျက်ပညာဟာ မျက်နှာတစ်ထောင်နဲ့ အဆင့်အတန်းတူတယ်လို့ သတ်မှတ်ရတော့မှာပဲ'

မျက်နှာတစ်ထောင်မှာ သိုင်းလောက၌ ရုပ်ဖျက်ပညာ အတော်ဆုံးဖြစ်၏။ သူနှင့်တွေ့ဖူးသူများမှာ ရုပ်ဖျက်ထားသော မျက်နှာကိုသာဖြစ်၏။ သူ၏ပကတိမျက်နှာကို မည်သူမျှ မမြင်ဖူးကြချေ။

ဟိုကျန်းက....

'သူ ဘယ်အချိန်ပြန်ထွက်သွားသလဲ'

ဒေသွးစွန်နှင့်အဆိ ၂စွန်တို့က ခေါင်းခါကြသည်၊

'ကျွန်မတို့ကတော့မသိကြပါဘူး၊ မင်းသားလေး'

ဓားစွန်က....

'ကျွန်မအခန်းထဲဝင်ပြီး ခဏနေခဲ့ရတယ်၊ ချက်ချင်းလိုလို ပြန်ထွက်လာရတာပဲ၊ သူဘယ်အချိန်ပြန်ထွက်သွားတယ်ဆိုတာ တော့ မသိပါဘူး၊ ဒါပေမယ့် ကြာတော့မကြာသေးပါဘူး၊ အဲဒါ သေချာတယ်'

ဟိုကျန်းသည် ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ....ဒီမှာရှိတဲ့အခန်းတွေအားလုံး ရှာကြမယ်'

'လှေပေါ်မှာ တစ်ယောက်မတောင်မကျန်စေနဲ့'

ကိုယ်ရံတော်သုံးယောက်သည် လျှင်မြန်စွာထွက်ခွာသွားလေ၏။ ဓားသွန်းမှာ သူအဘယ်ကြောင့်လိမ်ပြောလိုက်သည်ကို မစဉ်းစားတတ်အောင် ဖြစ်နေ၏။

လှေပေါ်တွင်မရှိတော့သည့် ဟိုကျန်းအတွက်ကို သူမသည် တက်ကြွစွာ ရှာဖွေနေမိလေ၏။

ထမင်းအိုးတစ်လုံးကျက်ခန့်ကြာသောအခါ ရှာဖွေခြင်းအမှု ပြီးစီးသွား၏။ မည်သူ့ကိုမျှမတွေ့ရချေ။

မင်းသားလေးဟိုကျန်းသည် ဒေါသအမျက် ခြောင်းခြောင်းထွက်နေလေ၏။ သူကသာ သူတစ်ပါးကို တစ်ပတ်ရိုက်ခြင်းအား လွန်စွာဂုဏ်ယူဝင့်ကြွားခဲ့သည်။

ယခု သူကိုယ်တိုင် တစ်ပတ်ရိုက်ခံလိုက်ရလေပြီ။ သူ့အား တစ်ပတ်ရိုက်သွားသူအား အစိမ်းလိုက်ဝါးစား ချင်စိတ်များ ဖြစ်ပေါ်နေမိလေ၏။

* * *



'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

လူသုံးယောက်သည် အားရပါးရ ရယ်မောနေကြလေ၏။ ယင်းအထဲတွင် ငွေဓားချိန်ဖုံသည် အရယ်အသန်ဆုံး ဖြစ်လေ၏။

တုလျှံဝေးက....

'ဂိုဏ်းချုပ်ကြီးရဲ့ အကြံအစည်ဟာ သိပ်ကောင်းတာပဲ၊ အန္တရာယ်များတယ်လို့ ထင်ရပေမယ့် တကယ်ကွက်တိလုပ်နိုင်ရင် အဆင်ပြေပါတယ်၊ ဒီအကြံအစည်ကို ဟိုကျန်းသာ သိသွားခဲ့ရင် စွေ့စွေ့ခုန်နေမှာ သေချာတယ်'

'ဟား....ဟား....ဟား'

ဆင်းပိရဲသည် ရယ်လိုက်ပြီးနောက်....

'ဟုတ်တယ်ဗျ၊ ကျုပ်က ခင်ဗျားတို့ နှစ်ယောက်အတွက် စိတ်ပူနေတာ၊ ဒီကောင့်လက်ကလွတ်အောင် မပြေးနိုင်ရင် ခင်ဗျားတို့ သေမှာပဲ'

တုလျှံဝေးက....

'အဓိက ကျွန်တော်တို့လွတ်ထားတာကတော့ လှေကြောင့်ပါ၊ သူ လှေစီးနေတဲ့အချိန်မှာ ကျွန်တော်တို့ တက်သုတ်နှင်ချိန်ရတာပေါ့'

ငွေဓားချိန်ဖုံကလည်း....

'ငါတို့နှစ်ယောက်က သူ့ကိုကောင်းကောင်း အရှုံးလုပ်နိုင်ခဲ့တာပဲ၊ သူက ငါတို့နောက်ဆက်မလိုက်ဘဲ ပြန်သွားတော့၊ မင်းကိုတော့မိပြီလို့ ငါ့စိတ်ထဲမှာ ထင်နေတာကွ'

ဆင်းပီရဲက ပြုံးလိုက်၏။

'ကျုပ်ကလဲ ခင်ဗျားတို့အတွက်ပဲ ပူနေတာပဲ၊ ဒီခေတ်
သိုင်းပညာက အဆင့်မြင့်တယ် မဟုတ်လား'

'အဆင့်မြင့်ပေမယ့် ငါတို့က အချိန်ပိုရတယ်ကွ'

'ကျုပ်ဟာ သူနဲ့ရုပ်တူနေတဲ့အတွက် အကြိမ်ကြိမ်တော
ဒုက္ခရောက်ခဲ့ရတယ်၊ အခုတစ်ခါတော့ ရုပ်ချင်းတူတဲ့အတွက်
ကျုပ်အဖို့ အကောင်းဖြစ်သွားတယ်၊ အင်း တစ်ခါတလေ
တော့လဲ ဒီလိုအကျိုးခံစားရဦးမှာပေါ့ဗျာ'

ငွေဓားချိန်ဖုံက....

'ဒါဆို ကျုပ်တို့ဘယ်သွားမလဲ'

ဆင်းပီရဲက....

'အချိန်ရှိတုန်း ဒုတိယအစီအစဉ်ကို ဆက်လုပ်လိုက်ြ
တာပေါ့'

ထိုစဉ် တုဿျံဝေးသည် တစ်ခုတစ်ခုကို သတိရလိုက်၏။
သည် နဖူးကိုလက်ဝါးနှင့်ရိုက်မိတော့သည်။

အခန်း (၁၄၀)

'ဟာ....အခုမှ ဒုက္ခပဲ'

ဆင်းပီရဲက....

'ဘာဖြစ်လို့လဲဗျ'

'ဂိုဏ်းချုပ်ကြီး မေ့နေပြီလား'

'ဘာတို့မေ့နေရမှာလဲ'

'ကြေးရုပ်လူချီကုန်းနဲ့ ချိန်းထားတာလေ၊ အဲဒါဆယ်ရက်
လောက်ပဲ လိုတော့တယ်၊ အခုလောက်ပြန်ကြမှ ဖြစ်မယ်'

ငွေဓားချိန်ဖုံက....

'သိုင်းထိပ်သီး ချိကုန်း ဟုတ်လား။ သိုင်းလောကထိပ်သီး ခုနစ်ယောက်ထဲမှာပါတဲ့ ချိကုန်းလေ'

ဆင်းပီရဲက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ သူနဲ့ယှဉ်ပြိုင်ဖို့ ချိန်းဆိုထားတယ်ဗျ'

ဆင်းပီရဲသည် ငွေဓားချိန်ဖုံကို အကြောင်းစုံ ရှင်းလင်း ပြောပြလိုက်လေ၏။

ငွေဓားချိန်ဖုံသည် ဆင်းပီရဲ၏ သိုင်းပညာအဆင့်ကို ကောင်းစွာသိရှိသဖြင့်....

'မင်းရဲ့သိုင်းပညာနဲ့ ကြေးရုပ်လူချိကုန်းကို ဘယ်လို ယှဉ်နိုင်မှာလဲ၊ အဲဒီစိန်ခေါ်တဲ့ဆီကို မင်းမသွားသင့်ဘူး'

ဆင်းပီရဲ ခေါင်းယမ်းလိုက်၏။

'မဖြစ်ဘူး၊ ကျုပ်သွားကိုသွားရမှာပဲဗျ၊ သူက ကျုပ်တို့ကို အထောက်အထားပြပြီး ရှင်းပြရမယ်လို့ဆိုတယ်၊ မပြနိုင်ရင် သူနဲ့ယှဉ်ပြိုင်ရမတဲ့'

'မင်းသိုင်းပညာအဆင့်က အဲ့ဒီလောက်မှမရှိတာ၊ မင်း သေမှာပေါ့ကွ'

'သေရင်သေပါစေဗျာ၊ စိန်ခေါ်တဲ့ဆီတော့ သွားရမှာပဲ'

ဆင်းပီရဲသည်လျှို့ချီအား သတိရလိုက်၏။ လျှို့ချီသည် ဂုဏ်သိက္ခာအတွက်သေချင်သေပ စေ၊ ယှဉ်ပြိုင်မည်ဟု ပြောခဲ့သည်မဟုတ်ပါလော။ လျှို့ချီသည် ဟိုကျန်းအား မနိုင်သော်လည်း ယှဉ်ပြိုင်ရင်းအသေခံမည်ဟု ပြောခဲ့ပါသည်။

တုလျှံဝေးက....

'ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ ဂိုဏ်းချုပ်ကြီး'



ဆင်းပီရဲက....

'အစီအစဉ်အတိုင်းပဲ ဆက်လုပ်ကြမယ်၊ ပြီးမှ စန့်ဝမ် မင်းတောင်ကို သွားကြတာပေါ့၊ ခြသေ့နန်းတော်ကို ပြန်နေ ရင်မမီဘူးပေါ့၊ မပြန်ဘဲနဲ့သွားရင်မီပါတယ်'

သူသည် စကားဆုံးသည်နှင့်ခြေလှမ်း ကျဲကျဲဖြင့် ထွက်ခွာ သွားလေတော့၏။

* * *

'ကျွိ....'

လေးလံသော ပစ္စည်းများကို တင်ထားရဟန်ဖြင့် မြင်း လှည်းကြီးသည် မရှုန်းချင် ရှုန်းချင်ရှုန်းနေရသည်။

မြင်းလှည်းမောင်းသမားက ရပ်တန့် လိုက်သော အခါ ချက်ချင်းရပ်တန့်သွားသည်။

မြင်းလှည်းပေါ်မှ ဝါးခမောက် ဆောင်းထားသည့် လူ တစ်ယောက်ပါလာသည်။

မြင်းလှည်းမှာ တကယ်လေးလံသော ပစ္စည်းများကို တင် လာခဲ့သည်။ မြင်းလှည်းဘီးများသည် မြေတွင် ကျွံနစ်ဝင် နေ၏။

မြင်းလှည်းသည် စမ်းချောင်းအနီးတွင် ရပ်တန့်သွား၏။ မြင်းလှည်းတံခါးပွင့်သွားပြီး အဖိုးတန် ဝတ်စုံဝတ်ဆင် ထားသော လူငယ်တစ်ယောက်ဆင်းလာ၏။

လူငယ်သည် သစ်တောအတွင်း ဝင်လာလေ၏။ ပတ်ဝန်းကျင်ကိုကြည့်သော်လည်း လူတစ်ယောက်မျှမမြင်ရချေ။

သူသည် လက်နှစ်ဖက်ကိုဆုပ်ပြီး ဂါရဝပြုလိုက်သည်။ ထို့နောက်အော်ပြောလိုက်လေ၏။

'အနီရောင် ပျံလွှား၊ ကျုပ်မင်းသားလေး ဟိုကျန်းရောက်လာပါပြီ'

အသံဆုံးသည်နှင့် သစ်တောထဲမှ အနီရောင် အရိပ် ပြေးထွက်လာလေတော့၏။

ထိုအနီရောင်အရိပ် ပြေးထွက်လာပုံမှာ လွန်စွာ လျင်မြန်လှသဖြင့် အနီရောင်တန်းတစ်ခု ဖြတ်သန်း သကဲ့သို့ ထင်မှတ်ရလေသည်။

အနီရောင်ပျံလွှားပင်ဖြစ်ပါသည်။

အနီရောင်ပျံလွှားသည် စမ်းချောင်းကလေးကိုခုန်ကျော်လာလေ၏။

'အနီရောင်ပျံလွှား ကျုပ်ဂါရဝပြုပါတယ်'

အနီရောင် ပျံလွှားကလည်း ပြန်လည်ဂါရဝပြုလေ၏။

'မင်းမှာ ငွေတွေပါသလား'

မင်းသားလေးဟိုကျန်းက မြင်းလှည်းတံခါးကို ဆွဲဖွင့်လိုက်သည်။ မြင်းလှည်းအတွင်း၌ သေတ္တာတစ်လုံး ပါလာသည်။



အနီရောင်ပျံလွှား၏ မျက်လုံးများဝင်းလက် တောက်ပသွား၏။

'ငွေတစ်သိန်းနော်'

'မဟုတ်ပါဘူးခင်ဗျား'

'ဘာ....မင်း ဘာအကြောင်းကြောင် လုပ်နေတာလဲ၊ ငါပြောထားတာ ငွေစင်တစ်သိန်းပဲ၊ တစ်သိန်းက တစ်ပြားမှ မလျော့နိုင်ဘူး'

'မဟုတ်ပါဘူးခင်ဗျား၊ ကျုပ်ပြောတဲ့စကားကို နားထောင်ပါဦး'

'ပြော....'

'ဒီငွေဟာ တစ်သိန်းတိတိ မဟုတ်ပါဘူး၊ ငါးသောင်းပဲ ရှိပါတယ်'

'ငါက တစ်သိန်းနဲ့ ဈေးပြောထားတာပဲ'

'ဟုတ်ပါတယ်၊ ကျုပ် ပြောတဲ့စကားလဲ ဆုံးအောင်နားထောင်ပါဦး'

အနီရောင်ပျံလွှားသည် သုန်သုန် မှုန်မှုန်ဖြင့် နားထောင်နေလေ၏။

ဟိုကျန်းက....

'ကျုပ် ငွေကို တောင်းထားပါတယ်၊ နောက်ထပ် ငါးသောင်း ထပ်ရောက်လာပါလိမ့်မယ်၊ ဒါပေမယ့် လမ်းခရီးမှာ သွားလာမှုအခက်အခဲရှိတယ်၊ နောက်ထပ်သုံးရက်လောက် အချိန်တိုးပေးပါ'

'မပေးနိုင်ဘူး'

'အဲဒီလိုတော့မလုပ်ပါနဲ့ဗျာ၊ ဒီငွေငါးသောင်းကို စရံအဖြစ် ခင်ဗျားကို ပေးထားမှာပါ၊ နောက်ထပ် သုံးရက်အတွင်း ခင်ဗျားကိုငွေငါးသောင်းအပ်နိုင်အောင် ကြိုးစားပါမယ်၊ ဒီငွေငါးသောင်း မရရင် စရံအဖြစ် ပေးအပ်တဲ့ငွေငါးသောင်းကို ခင်ဗျားအပိုင်ယူနိုင်ပါပြီ၊ ကျွန်တော်က ကတိပျက်တာကိုး'

အနီရောင်ပျံလွှားး၏မျက်နှာသည် ပြုံးလာ၏။

သူမအတွက် အရှုံးမရှိသည်ကို သူမသိလာလေ၏။

*

အခန်း(၁၄၁)

'ဒီလိုဆိုရင်တော့ တစ်မျိုးပေါ့'

'ခင်ဗျားသဘောတူသလား၊ မတူဘူးလားဆိုတာကိုပြောပါ'

'သဘောတူတယ်'

'ခင်ဗျားသဘောတူညီရင် ကျုပ်တစ်ခုတော့ တောင်းဆိုချင်တယ်'

'ဘာလဲ'

'ခင်ဗျားလက်ထဲ ရှိတယ်ဆိုတဲ့ ရွှေသော့ကို ကြည့်ချင်တယ်'

'ရတယ်....ကြည့်ပါ၊ ရော့....'

အနီရောင်ပျံလွှား၏ မျက်လုံးများသည်မြင်းလှည်းပေါ်မှ သေတ္တာကြီးဆီသို့ ရောက်နေလေ၏။

ဟိုကျန်းသည် သော့ကိုစစ်ဆေးပြီးသည်နှင့် အနီရောင်ပျံလွှားလက်ထဲသို့ သော့ကိုပေးအပ်လိုက်လေ၏။

'သော့ စစ်ပါတယ်'

'ငါက မပိုင်ရင် ဘာအလုပ်မှမလုပ်ဘူး'

'ဒီသုံးရက်တော့ ကျွန်တော် အမေရဲ့ချက်နှာကို ထောက်ထားပြီး စောင့်ပါလို့ တောင်းပန်ပါတယ်ဗျာ'

'သုံးရက်နော်'

'ဟုတ်ပါတယ်....သုံးရက်ကျော်လို့မှ ကျုပ်ရောက်မလာရင် အရောင်းအဝယ်ပျက်တယ်လို့ သဘောထားပါ၊ ဒီငွေတွေကိုလဲ ခင်ဗျားပိုင်သွားပြီ'

အနီရောင်ပျံလွှားက....

'ငါကတော့ သဘောတူပါတယ်၊ မင်းသာစိတ်ထားအမျိုးမျိုး မပြောင်းပါနဲ့'

'စိတ်ချပါ၊ ကျုပ်က ဘယ်လိုစိတ်ပြောင်းမှာလဲ၊ ကျုပ်ကရွှေသော့ကိုလိုချင်တဲ့လူပါ၊ ကျုပ်ငွေဝါးသောင်းကို ထပ်ပေးမှာလဲ အမှန်ပဲ၊ လမ်းခရီးအခက်အခဲကြောင့်သာ ခင်ဗျားကို သုံးရက်ထပ်စောင့်ဖို့ အခွင့်တောင်းရတာ'

'ကောင်းပြီ၊ ငါတို့သဘောတူကြပြီပေါ့'

ဟိုကျန်းသည် လက်ခုပ်တစ်ချက်တီးလိုက်၏။



မြင်းလှည်းမောင်းသမားသည် မြင်းလှည်းပေါ်မှသေတ္တာကို ချလေ၏။

သူလွယ်လွယ်ကူကူချနိုင်သည်မဟုတ်ပါ။ ခက်ခက်ခဲခဲချရခြင်းဖြစ်ပါသည်။

သေတ္တာကြီးကို မနိုင်မနင်း ချနေသည်ကို ဟိုကျန်းသည်သည်အတိုင်း လက်ပိုက်ကြည့်နေပါသည်။ အနီရောင်ပျံလွှားကလည်း သည်အတိုင်းကြည့်နေပါသည်။

သေတ္တာကြီးတွင် သော့နှစ်လုံးခတ်ထားပါသည်။ ဟိုကျန်းသည် အနီရောင်ပျံလွှားအား လက်နှစ်ဖက်ဆုပ်ပြီး ဂါရဝပြုဦးညွှတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ်၊ ကျုပ်ကိုသွားခွင့်ပြုပါဦး၊ ရက်ချိန်းသုံးရက်အတွင်း ကျုပ်ဆက်ဆက်လာခဲ့ပါမယ်'

သူသည် မြင်းလှည်းပေါ်သို့ပြန်တက်ပြီး မြင်းလှည်းတံခါးကို ပိတ်လိုက်၏။ မြင်းလှည်းမောင်းသမားသည် ပေါ့ပါးသော မြင်းလှည်းကို တရကြမ်း မောင်းနှင်ထွက်ခွာ သွားလေတော့၏။

ငွေသေတ္တာကြီးမပါတော့သည့်နောက် မြင်းလှည်းပေါ်၌ မည်သည့် အလေးအပင်မျှ မရှိတော့ပြီမဟုတ်ပါလော။

သစ်တောအဆုံးသို့ ရောက်သောအခါ လူတစ်ယောက်သည် မြင်းသုံးစီးနှင့် စောင့်နေလေ၏။

'မြန်မြန်လုပ်၊ မြင်းတွေပေါ်ကို ပြောင်းစီးကြ'

မြင်းလှည်းမောင်းသမားနှင့် မြင်းလှည်းထဲမှ ဟိုကျွန်း အယောင်ဆောင်ထားသော ဆင်းပိရဲသည် မြင်းလှည်းကို မောင်းနှင်လွတ်လိုက်သည်။

မြင်းလှည်းသည် မောင်းနှင်သူမပါဘဲ လမ်းအတိုင်း မောင်းချဲ့သွားလေ၏။

သူတို့သည် မြင်းသုံးစီးဖြင့် လက်ဝဲတက်သို့ချိုးကွေ့လျက် မြင်းများကို အပြင်းမောင်းနှင်လေတော့၏။

*

☆

အခန်း (၁၄၂)

ဆင်းပိရဲ၊ တုလျှံဝေးနှင့် ငွေဓားချိန်ဖုံတို့ တရကြမ်း မောင်းနှင်နေကြ၏။ မည်သို့ပင်ဖြစ်စေ သူတို့သည်အနီရောင် မှုံသွား၏လက်မှ လွတ်သွားပြီဖြစ်ပါသည်။

ဆင်းပိရဲက....

'ကျုပ်ရဲ့အစ်မဆီက ရွှေသော့ပုံစံအကြောင်းကျုပ်သေသေ ချာချာ မေးမြန်းခဲ့တယ်၊ အဲဒါ အင်မတန်ကံကောင်းသွားတဲ့ အချက်ပဲ၊ ကျုပ်သာ မမေးခဲ့မိရင် ကျုပ်တို့ဟာ သော့ကို ဘယ်လိုမှ အတုလုပ်နိုင်မှာ မဟုတ်ဘူး'

တုလျှံဝေးက....

'တစ်ချက်မှားတာနဲ့ ဇက်ပြတ်သွားမှာ သေချာတယ်'
ဆင်းပီရဲက ရယ်မောလိုက်၏။

'ဟား....ဟား....ဟား၊ သော့အတုလုပ်တဲ့လူကလဲအလွ
တော်တယ်လို့ ပြောရမယ်ဗျ၊ သော့ဟာ တော်တော်ကို တူ
တယ်၊ ကံကောင်းတော့ သော့ကအလေးချိန်ကလဲ တူတ
လောက်ပဲရှိတယ်ဗျ၊ သူဟာ လှည်းပေါ်က ငွေသေတ္တာကို
စိတ်ရောက်နေဘာသ်၊ သူ လောဘမွှန်နေတော့ ကျုပ်သော့တု
နဲ့ သော့အစစ်ကို လဲလှယ်ရတာ လွယ်သွားတာပေါ့'

ငွေခေါ်း ချိန်ဖုံသည် သက်ပြင်းချလိုက်၏။

'မင်းလုပ်သွားတဲ့ အစီအစဉ် ကောင်းလို့ပေါ့ကွာ၊ နို
မဟုတ်ရင် သော့ဝိဇ္ဇာလက်ချက်ဆိုတာ သူသိသွားနိုင်တယ်
ကွ....'

ဆင်းပီရဲမှာ အားရကျေနပ်စွာ ရယ်နေတော့သည်။

'ဟား....ဟား....ဟား၊ လူချင်းတူတာ ကျုပ်ကို အတော်
ကျေးဇူးပြုတာပဲ၊ ကျုပ်ဟာ မင်းသားလေး ဟိုကျန်းရဲ့ကိုယ်
ရံတော်တွေကိုလဲ မျက်စိလည်အောင် လုပ်နိုင်ခဲ့တယ်၊ အနီ
ရောင် ပျံလွှားကိုလဲ မျက်စိလည်အောင် လုပ်နိုင်ခဲ့တယ်၊အခု
တော့ ဟိုကျန်းနဲ့ အနီရောင်ပျံလွှားတို့ မပြေတဲ့ရန်သူတစ်ခု
ဖြစ်သွားတာပေါ့ဗျာ'

'ဟား....ဟား....ဟား'

တုလျှံဝေးနှင့် ငွေခေါ်းချိန်ဖုံတို့ သဘောကျစွာရယ်မော
ကြလေတော့၏။

* * * •



သုံးလ၊ သုံးရက်ရှိပေပြီ။

ဆင်းပီရဲသည် ပြတင်းပေါက်မှမြင်နေရသော စန့်ဝမ်မင်း
တောင်ကို လှမ်းမျှော်ကြည့်နေလေ၏။

စန့်ဝမ်မင်းတောင်၌ သိုင်းလောကသား အများအပြား
ရောက်ရှိနေလေပြီ။ သူတို့သည် ကြေးရုပ်လူချီကုန်းနှင့် ခြသေ့
နန်းတော်ဂိုဏ်းချုပ်တို့၏တိုက်ပွဲကို လာရောက်ကြည့်ရှုကြခြင်း
ဖြစ်သည်။

သို့သော် ပြိုင်ပွဲက အများမျှော်လင့်သလို ကောင်းမည်
မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ခြသေ့နန်းတော်ဂိုဏ်းချုပ်
သည် ကြေးရုပ်လူ၏ပြိုင်ဘက် မဟုတ်သောကြောင့်တည်း။

အကြောင်းသိသူများက သိုင်းကွက်တစ်ရာအတွင်း ခြသေ့
နန်းတော် ဂိုဏ်းချုပ် သေဆုံးနိုင်သည်ဟု သိရှိကြသည်။အချို့
က သိုင်းကွက်တစ်ရာအထိ မခံပါဟု ဆိုသည်။

ကြေးရုပ်လူ ချီကုန်းကလည်း ဆင်းပီရဲကို အသက်ရှင်ခွင့်
ပေးမည်မဟုတ်ပါ။ သူသည် ဆင်းပီရဲကို သုတ်သင်ရှင်းလင်း
ပစ်မှာ သေချာပါသည်။

အဘယ့်ကြောင့်ဆိုသော် ဂိုဏ်းချုပ်ကြီး ယီမုန့်ဇေ ဆိုသူက
ရှင်းပစ်ခဲ့သည်ဟု ခြသေ့နန်းတော်က သတင်းလွှင့်နေသော
ကြောင့်တည်း။

ဆင်းပီရဲသည် သေခြင်းတရားကိုကြောက်ရွံ့သောလူသား
တစ်ဦးပင် ဖြစ်ပါသည်။ သို့သော် အကယ်တမ်း သေဆုံးရ
မည်ကို သိသောအခါတွင် ထင်သလောက် မကြောက်တဲ့ဖြစ်
နေလေ၏။

သူသည် နောက်ဆံငင်နေမိသည်။ သူ ဆောင်ရွက်ရမည့် ကိစ္စများ များပြားစွာရှိနေခဲ့သည် မဟုတ်ပါလော။

ဆင်းပီရဲသည် ထထိုင်ပြီး စဉ်းစားနေတော့၏။

ငွေမားချိန်ဖုံသည် သိုင်းပညာမထက်မြက်သော်လည်း ရိုးသားပြီး သစ္စာရှိသူဖြစ်သည်။ ယို့အပြင် မိမိ၏အစ်မဖြစ်သူ လိပ်ပြာသခင်မအား မေတ္တာသက်ဝင်ချစ်ခင်နေသူ ဖြစ်သည်။

သိုင်းပညာမထက်မြက်သူကို သိုင်းပညာထက်မြက်စေရန် လေ့ကျင့်ပေးရသည်မှာ မခက်ခဲလှချေ။ ရိုးသားပြီး သစ္စာရှိရန် အဲရေးကြီးသည်။

ထို့ကြောင့် ကောင်းကင်မား၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ပြီး သိုင်းကွက်ရှစ်ကွက်ကို သင်ယူဘတ်မြောက်စေမည်ဟု ဆင်းဖီရဲ ဆုံးဖြတ်လိုက်၏။

ထိုသိုင်းကွက်ရှစ်ကွက်ကိုတတ်မြောက်ပြီးလျှင် ကြေးရုပ်လူ ချိကုန်းအား လက်စားချေမည်ဟု ဆင်းပီရဲ တွေးတောစဉ်းစား နေလေသည်။

ဤကိစ္စတွင် ငွေမားချိန်ဖုံသည်သာ အသင့်တော်ဆုံးလူ ဖြစ်နေသည်။တုလျှံဝေးမှာ ချိန်ဖုံထက် အသက်ကြီးပြီး သိုင်း ပညာ၌လည်း၎င်းသူ့လောက်ပင် မထက်မြက်ချေ။

ထို့ကြောင့် ချိန်ဖုံအား အကူအညီတောင်းရန် ဆင်းပီရဲ ဆုံးဖြတ်ချက်ချ လိုက်တော့၏။

ဆင်းပီရဲသည် အခန်းထဲမှ ထွက်လာလေ၏။သူသည် ချိန်ဖုံ ၏ အခန်းတင်သို့ ထွက်လာသည်။



ထိုစဉ် ချိန်ဖုံ၏အခန်းဆီမှ စကားသံသံသဲ့သဲ့ည်။
ရလေ၏။ ဆင်းပီရဲသည် နံရံကိုနားနှင့်ကပ်က
လိုက်သည်။ ဆင်းပီရဲ၏မျက်နှာသည် တဖြည်းဖြ
လေ၏။

သ၏။ ချိန်ဖုံ၏
လာလေသည်။

ကြောင့် မင်းနဲ့

★

ကဲ့ ခင်ဗျား

လူသည် နေ့
ကိစ္စများ များ
ဆင်းပိရဲသ
ငွေဓားချိ
သားပြီး သစ္စ
လိပ်ပြာသခင်မ
သိုင်းပညာ
လေ ကျင့်ပေးရ
ရှိရန် 'အံရေး

## အခန်း (၁၄၃)

## တာဝန်ပေးအပ်ခြင်း

ထို့နောက် သူသည် သူအခန်းဆီသို့ ပြန်သွားတော့သည်။ အခန်းထဲရှိ ခုတင်ပေါ် တက်ကာ ပြန်လဲလျောင်းနေလိုက်တော့၏။

မကြာမီ....

'ခေါက်....ခေါက်'

ဆင်းပိရဲ၏အခန်းတံခါးခေါက်သံ ပေါ်လာသည်၊ သူ လှမ်းအော်လိုက်သည်။

'ဝင်ခဲ့ပါ'



သူသည် ခုတင်ပေါ်မှ လူးလဲထလိုက်သည်။

'ကျွဲ'

တံခါးပွင့်သွားသည်။

ချိန်ဖုံနှင့် တာလျှံဝေးတို့ ဝင်ရောက်လာလေ၏။ ချိန်ဖုံ၏ လက်ထဲ၌ အရက်အိုးနှင့် အရက်ခွက်များ ပါလာလေသည်။

ချိန်ဖုံက....

'ထိုင်စောင့်နေရတာ ပျင်းတယ်ကွာ၊ ဒါကြောင့် မင်းနဲ့ အရက်သောက်ဖို့လာတာကွ'

ဆင်းပိရဲ ခေါင်းညိတ်၏။

'အတော်ပဲ၊ လာကြပါ....လာကြပါ၊ ကျုပ်ကလဲ ခင်ဗျား တို့ကို မှာစရာကလေး ရှိနေတယ်ဗျ'

'ဘာများမှာစရာရှိနေသလဲ ဂိုဏ်းချုပ်ကြီး'

တာလျှံဝေးက မေးလိုက်၏။

ဆင်းပိရဲသည် အိတ်အတွင်းမှ ယဲ့ရှန်ဆေးမြစ်၊ ရွှေသော့၊ ဘီလူးကြေးမုံ နှင့် ကောင်းကင်ဓားကို စားပွဲပေါ်တင်လိုက် သည်။

'ခင်ဗျားတို့အားလုံး ကြည့်ကြပါ'

ဆင်းပိရဲသည် ပစ္စည်းအားလုံးကို ပြလိုက်၏။

'ဒါတွေဟာ တိဖုံးရဲ့သိုင်းပညာရဖို့အတွက် ပစ္စည်းအပြည့် အစုံပါပဲ'

တာလျှံဝေးက....

'ဒီပစ္စည်းတွေကို ဘာလုပ်ရမှာလဲ'

ဆင်းပိရဲသည် ချိန်ဖုံဘက်သို့ ကြည့်လိုက်၏။

'ခင်ဗျားကို ကျုပ်တစ်ခု တောင်းပန်ချင်ပါတယ်'

'ထူးထူးဆန်းဆန်းကွာ၊ ဘာများလဲ'

'ကျုပ်ရဲ့မပြီးဆုံးသေးတဲ့တာဝန်ကို ဆက်ပြီးထမ်းဆောင်ပေးဖို့ပါပဲဗျာ'

'ဟာ...မင်းရှိနေတာပဲကွ'

'ကျုပ်မှာတာက အကြောင်းရှိလို့ပါ'

'ကဲ...ဆိုပါဦးကွာ'

'ခင်ဗျားအနေနဲ့ ဒီပစ္စည်းတွေကို အသုံးချပြီးရင် သိုင်းကျမ်းကို ရအောင်ယူပါ'

'သိုင်းကျမ်းရပြီးရင် မပြီးဆုံးသေးတဲ့ မင်းရဲ့တာဝန်တွေကို ဆက်ပြီးထမ်းဆောင်ရမယ် ဆိုပါတော့'

ဆင်းပိရဲက...

'ခင်ဗျား သဘောပေါက်လွယ်ပါတယ်၊ တုလျှံဝေးကတော့ ခြသေ့ဂိုဏ်းချုပ်ကြီးနေရာကို ဆက်ခံပါ၊ ကျုပ်ခြသေ့အလံကို လွှဲအပ်ခဲ့ပါတယ်၊ ချိန်ဖုံကိုလဲ တတ်နိုင်သမျှ အကူအညီပေးပါ'

တုလျှံဝေး သက်ပြင်းချလိုက်၏။ သူသည် လွန်စွာ စိတ်မကောင်းဖြစ်သွား၏။ ဆင်းပိရဲမှာကြားနေပုံမှာ သေဆုံးတော့မည့် လူတစ်ယောက်ကဲ့သို့ ဖြစ်နေသည်မဟုတ်ပါလား။

သို့သော် သူမငြင်းပယ်ပါ၊ ခေါင်းညိတ်လက်ခံလိုက်ပါသည်။

'စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ ကျွန်တော့်ဘက်က တာဝန်ကျေစေရပါမယ်'



ချိန်ဖုံသည် အရက်ခွက်များထဲသို့ အရက်ကိုထည့်လိုက်၏။ ဆင်းပိရဲခွက်ထဲသို့ အရက်ထည့်စဉ် သူ့လက်သည်းကြားမှ ဆေးမှုန့်အချို့ကို အရက်ခွက်ထဲသို့ ခါချလိုက်သည်။

ချိန်ဖုံသည် နောက်ဆုံးမှ အရက်ခွက်ကိုယူ၍ မော့သောက်လိုက်၏။ အရက်ဝမ်းထဲသို့ ဝင်သည်နှင့် သူ့မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ဆင်းပိရဲသည် ချိန်ဖုံအား ပြုံးကြည့်လိုက်၏။

'ခင်ဗျား အရက်ခွက်ထဲ ဆေးခတ်တဲ့ပညာကတော့ မဆိုးဘူးဗျ'

ချိန်ဖုံ အံ့အားသင့်သွား၏။

'မင်း...မင်း ဘယ်လိုလုပ် သိ...'

'ကျုပ်က အင်မတန် မျက်စိလျင်တဲ့ အကောင်ဗျ'

'ငါ...ငါအံ့သြတယ်'

'ဒါပေမယ့် အရက်ခွက်ချင်းလဲလိုက်တာကိုတော့ ခင်ဗျား သတိမထားမိဘူး မဟုတ်လား'

ချိန်ဖုံ စကားမပြောနိုင်တော့ချေ။

တုလျှံဝေးကလည်း ပါးစပ်ပိတ်နေတော့သည်။

သူသည် တုလျှံဝေးအား စိုက်ကြည့်လိုက်၏။

'ဒီကိစ္စမှာ ခင်ဗျားလဲ သဘောတူပါဝင်ခဲ့တယ် မဟုတ်လား'

တုလျှံဝေးမှာ တုန်ခါသွားလေ၏။

'ကျွန်တော်ရှင်းပြပါရစေ ဂိုဏ်းချုပ်ကြီး'

ဆင်းပိရဲက ခေါင်းခါယမ်းလိုက်၏။

'ရှင်းပြမှ ပို ရှုပ်သွားမယ်လို့ မထင်ဘူးလား၊ မရှင်းပါနဲ့'

တလျှံဝေးက....

'ဂိုဏ်းချုပ်ကြီး အံ့ထင်မှား....'

ဆင်းပီရဲက လက်ကာပြလိုက်၏။

*

အခန်း ( ၁၄၄ )

'ခင်ဗျားတို့ လျှို့ဝှက်ချက်ရဲ့စကားကို ကြားခဲ့တယ်မဟုတ်လား။ လျှို့ဝှက်ဟာ ရှုံးမှန်းသိပေမယ့်လဲ ယိုကျန်းကို သူ ဂုဏ်ဆိုက္ခာ အရ ယှဉ်ပြိုင်မယ်လို့ ပြောသွားခဲ့တယ်၊ ကျုပ်လဲဒီအတိုင်းပဲ၊ ကြေးရှင်လူ ချိတ်ကန်းသို့ ရှုံးမှန်းသိပေမယ့်လဲ ယှဉ်ပြိုင်ရမှာပဲ၊ ခင်ဗျားတို့ဘယ်လိုမှ ဟန့်တားလို့မရပါဘူး၊ အခု ကျုပ်ကို ဆေးခတ်ဖို့ကြံတဲ့အတွက် နှစ်ယောက်စလုံးကို အပြစ်ပေးရမယ်'

တလျှံဝေး၏မျက်နှာမှာ သွေးဆုတ် ဖြူရော်သွားသည်။

ဆင်းပ်ရဲက အရေးမထားဘဲ ဆက်ပြောလိုက်၏။

'အဲဒီအပြစ်ကတော့ ကိုဖိုးရဲ့ သိုင်းကွက်ရှစ်ကွက်ကို ရပြီးတဲ့အခါကျမှ ခင်ဗျားတို့နှစ်ယောက်ဟာ သိုင်းလောကထဲကို ပြန်ဝင်ရမယ်'

သူတို့အား ဆင်းပိုရဲက တကယ်အပြစ်ပေးမည်ဟု ထင်လားခဲ့သည်။

တုလျှံဝေးနှင့် ချိန်ဖုံတို့မှာ အံ့ဩသွားကြသည်။

ဆင်းပိရဲက ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား၊ ချိန်ဖုံက ကျုပ်ကိုအိပ်ဆေးခတ်ပြီး ကျုပ်ကိုယ်စား ကြေးရုပ်လူချီကုန်းကို သွားယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ခဲ့တာ ကျုပ်သိပါတယ်'

ချိန်ဖုံနှင့် တုလျှံဝေးတို့မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။

ဆင်းပိရဲသည် မည်သည့်နည်းနှင့် သိသွားသည်ကို သူတို့ မစဉ်းစားတတ်အောင် ဖြစ်သွားရသည်။

သို့သော် တီးတိုးတိုင်ပင်နေသည်ကို ဆင်းပိရဲအခန်းအပြင်မှ ချောင်းနားထောင်နေသည်ကို သူတို့ မသိခဲ့ပါချေ။

ချိန်ဖုံသည် ဆင်းပိရဲအား အံ့ဩစွာကြည့်ရင်း မျက်လုံးများ ဝေဝါးလာတော့သည်။ မျက်ခွံများ လေးကျလာသည်။

မျက်လုံးများကို အထူးကြိုးစား၍ ဖွင့်သော်လည်း မရတော့ချေ။ စားပွဲပေါ်၌ ခေါင်းငိုက်စိုက်ချပြီး အိပ်ပျော်သွားလေတော့၏။



ဆင်းပိရဲသည် ချိန်ဖုံ၏အဖြစ်ကို ပြုံးကြည့်နေလေ၏။

'ကျုပ်အပေါ်မှာ သစ္စာရှိတဲ့မိတ်ဆွေတွေ ရှိနေတာကို ကြည်နူးလို့မဆုံးပါဘူး တုလျှံဝေး၊ ချိန်ဖုံရောခင်ဗျားပါ ကျုပ်အတွက် အသေခံဖို့ ဝန်မလေးကြဘူးဆိုတာ ကျုပ်သိပါတယ်'

ဆင်းပိရဲသည် ပြောရင်းပြောရင်း ဆို့နင့်ဝင်သွား၏။

သူသည် ဆက်ပြောလေ၏။

'ကျုပ်မှာ ဒီလိုမိတ်ဆွေကောင်းတွေ ရှိနေတယ်ဆိုတာသိရတဲ့အတွက် ကျုပ်သေရမှာကိုလဲ မကြောက်တော့ပါဘူး၊ ခြင်္သေ့နန်းတော်အကျိုးအတွက် ဘာမှ မဆောင်ရွက်ရသေးဘဲနဲ့ သေသွားမှာ စိုးလို့ပါပဲ'

တုလျှံဝေး မျက်ရည်လည်လာမိ၏။ ဆင်းပိရဲသည် လူငယ်တစ်ဦးသာ ဖြစ်သော်လည်း စိတ်ထားအလွန် မွန်မြတ်သူဖြစ်ကြောင်း သူသိပေသည်။

ယခုအထိ အပြုအမူအားဖြင့် သော်လည်းကောင်း၊ စကားအားဖြင့် သော်လည်းကောင်း၊ ဆင်းပိရဲသည် သူ့ရန်သူကိုသော်မှ စော်ကားသည့် အမူအရာမျိုး မပြုလုပ်မပြောကြားခဲ့သည်ကို တုလျှံဝေး သိရှိပေသည်။

ဆင်းပိရဲသည် ခြင်္သေ့နန်းတော်အား ဦးစီးဦးဆောင်ပြုလုပ်ခဲ့လျှင် တစ်နေ့သောအခါ၌ ခြင်္သေ့ နန်းတော်သည်

လျှမ်းလျှမ်းတောက် ကျော်ကြားလာမည်ဟု ယုံကြည်လေသည်။

သူသည် ဆင်းပိရဲ သေဆုံးမသွားစေရန်အတွက် တုလျှဒေဝးတစ်ပေါက် ကျိတ်၍ ဆုတောင်းနေမိတော့သည်။

အခန်း(၁၄၅)

တရားသောတိုက်ပွဲ

သုံးလလေးရက်နေ့....

စန့်ဝမ်မင်းတောင်....။

စန့်ဝမ်မင်းတောင်သည် နှယ်နှယ်ရရနေရာတစ်ခု မဟုတ်ချေ။ သိုင်းလောကသားတို့ စိန်ခေါ်ပွဲ ဆိုလျှင် စန့်ဝမ်မင်းတောင်၌သာပြုလုပ်ကြသည်။

စန့်ဝမ်မင်း တောင်ပေါ်၌ သိုင်းလောကသား အများအပြားရောက်ရှိနေကြသည်။ သူတို့သည် ကြေးရှုပ်လူချိကုန်းနှင့်ခြေသည့်နန်းတော်ဂိုဏ်းချုပ်တို့၏ ပွဲကိုလာရောက်လေ့လာကြခြင်းဖြစ်သည်။

ကြေးရုပ်လူ ချီကုန်းကိုကား မသိသူမရှိပေ။ ခြင်္သေ့နန်းတော်ဂိုဏ်းချုပ်အသစ်ကိုသာ မမြင်ဘူးကြချေ။

စန္ဒဝမ်မင်းတောင်ထိပ်တွင် ကွက်လပ်တစ်ခုရှိပြီး ထိုကွက်လပ်၌ စင်တစ်ခုဆောက်လုပ်ထား၏။ ထိုစင်ပေါ်၌ စိန်ခေါ်သူများယှဉ်ပြိုင်ရပေသည်။

စင်ပတ်ဝန်းကျင်တွင် လူများ ရောက်ရှိနေကြ လေပြီ၊ သူတို့သည် အချင်းချင်း တီးတိုးစကား ပြောကြား နေကြသည်။

ကြေးရုပ်လူ၏သတင်းများ၊ ခြင်္သေ့နန်းတော်ဂိုဏ်းချုပ်၏ သတင်းများပင်ဖြစ်သည်၊

ချီကုန်းသည် ကြေးရုပ်လူ ဟူသောဘွဲ့နှင့်အညီ သူ၏ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံမှာ ကြေး ရုပ်တမျှမာကြော ကျစ်လစ်လှ၏။ တော်ရုံတန်ရုံ လက်သီး၊ လက်ဝါး ဓားချက် တို့သည် သူ့အားမည်သို့မျှ ဒုက္ခမပေးနိုင်ပါချေ။

သူ၏သိုင်းပညာမှာလည်း အလွန်တစ်ရာ အဆင့်မြင့်လှ၏၊ သိုင်းလောကထိပ်သီး ခုနစ်ယောက်တွင် တစ်ယောက်အပါအဝင်ဖြစ်သည် မသိုတ်ပါလော။

ခြင်္သေ့နန်းတော်ဂိုဏ်းချုပ် ဆင်းပိရဲကို မည်သူမျှ မသိရှိကြပါ။ ခြင်္သေ့နန်းတော်ကိုမူ သိုင်းလောက သားများ သိရှိကြပါသည်။

ယခင်က ဂိုဏ်းချုပ်ကြီး ယီမုန့်လေသည် သိုင်းလောကထိပ်သီးခုနစ်ယောက်တွင်အပါအဝင်ဖြစ်သည်မဟုတ်ပါလော၊



သို့သော်ခြင်္သေ့နန်းတော်၏ ဂုဏ်သိမ်သရေမှာမူ မှေးမှိန်နေပြီးဖြစ်ပါသည်၊

သူတို့ရောက်လာခြင်းမှာ ကြေးရုပ်လူချီကုန်းနှင့် ယှဉ်ပြိုင်မည့် ဆင်းပိရဲ မည်မျှစွမ်းသနည်းဟုအကဲခတ် လေ့လာလို၍ လာရောက်ကြခြင်းပင်ဖြစ်ပါသည်။

မိုးသောက်အရုဏ်ကျင်း၍ လင်းလာချေပြီ။

ကြည့်ရှုနေသူများ စန္ဒဝမ်မင်း တောင်ထိပ်သို့ စည်ကားများပြားစွာရောက်ရှိ နေလေပြီ။ ပရိသတ်များသည် လှုပ်လှုပ်ရွရွဖြစ်လာလေသည်။ ယှဉ်ပြိုင်ပွဲသည် နီးကပ်လာပြီ မဟုတ်ပါလော။

ထိုစဉ် အဝါရောင် အင်္ကျီရှည် ဝတ်ဆင်ထားသော လူတစ်ယောက်သည် ကွင်းလယ်သို့ တစ်လှမ်းချင်းထွက်လာလေတော့သည်။

လက်ခုပ်သြဘာသံများဆူညံသွားသည်၊

ဤသူကား အခြားသူ မဟုတ်ချေ၊

ကြေးရုပ်လူချီကုန်းပေတည်း။

ချီကုန်းသည် လေးဘက်လေးတန် ပွဲကြည့်ပရိသတ်ဘက်သို့ လှည့်လည်ဦးညွတ်နေလေသည်။

လက်ခုပ်သံများကား ကျယ်လောင်လှချေ၏။ သူတို့သည် ကြေးရုပ်လူချီကုန်းကိုသိရှိကြသည်၊ ထို့ကြောင့် ချီကုန်းကို ပို၍အားပေးကြသည်၊

ထိုစဉ်စင်မြင့်ပေါ်သို့ အစိမ်းရောင် ဝတ်စုံဝတ် အဘိုးအို သုံးယောက်ဘက်ရောက်လာလေ၏။ ထိုအဘိုးအို သုံးယောက်ကား မည်သူများနည်း။

စန္ဒဝမ်မင်းတောင်မှ ခုံသမာဓိ အဘိုးအို သုံးယောက်ပင် ဖြစ်ပါသည်။ သူတို့သည် ရှေးအစဉ်အဆက် ကပင် ခုံသမာဓိ လူကြီးများလုပ်ခဲ့ကြ၏။

သူတို့၏ သမာသမတ်ကျမှုမှာ အံ့ဩအတုယူဖွယ်ရာ ဖြစ်သည်။

အမြဲတမ်း မှန်ကန်တိကျစွာ ခုံသမာဓိလူကြီးများ ပြုလုပ်ခဲ့သဖြင့် သူတို့သည် နှစ်ပေါင်းနှစ်ဆယ်မျှကြာအောင်ခုံသမာဓိ လူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

နှစ်ပေါင်းနှစ်ဆယ်ဆိုသည်မှာ နည်းနည်းနောနောကာလ မဟုတ်ချေ။ လူ့သက်တမ်း သုံးချိုးတစ်ချိုးကာလပင် ဖြစ်ပါသည်။

ဆင်းပီရဲသည် တုလျှံဝေးအား ကြည့်လိုက်၏။

တုလျှံဝေးက ဆင်းပီရဲလက်ကို ဆုပ်ကိုင်ပြီးအား ပေးလိုက်သည်။

'တရားမျှတမှုဟာ ဘယ်တော့မှ မသေပါဘူး၊ ထာဝရ ရှင်သန်နေမှာပါ၊ ဂိုဏ်းချုပ်ကြီးဟာ တရားမျှတမှု အတွက် တိုက်ပွဲဝင်ရတဲ့လူပါ၊ ကျွန်တော်တို့လဲဂိုဏ်းချုပ်ကြီးရဲ့ လမ်းစဉ်ကိုလိုက်နာကြပါမယ်'

ဆင်းပီရဲက....



'ခက်တာက ဂိုဏ်းချုပ်ကြီး ယီမုန့်လေသေဆုံး သွားတာပဲ၊ သူ့ကို စွပ်စွဲနေရဦးမယ့် ဘာမှအထောက် အထားမရှိဘူး ဖြစ်နေတယ်၊ သူ့ကိုအနိုင်ရမှ သူ့ကိုဝန်ခံနိုင်အောင် လုပ်နိုင်မှာ၊ ဒီကနေ့သူ့ကိုမနိုင်ပေမယ့် နောက်တစ်နေ့သူ့ကို နိုင်တဲ့လူ ပေါ်လာမှာပဲ။ ကဲ....ကျုပ်သွားမယ်'

တုလျှံဝေးသည် ဆင်းပီရဲအား ဂါရဝပြုလိုက်၏။

'ကျွန်တော်စိတ်ထဲမှာ ဂိုဏ်း ချုပ်ကြီးဟာ ဘယ်တော့မှ သေဆုံးသူ မဟုတ်ဘူးလို့ ယုံကြည်လျက်ပါပဲ'

ဆင်းပီရဲသည် ဘာမျှ ပြန်မပြောတော့ပါ၊ စင်မြင့်ဆီသို့ သာလျှောက်သွားပါတော့သည်။

## အခန်း(၁၄)

သူသည် စင်မြင့်သို့တက်သွားပြီး ကြေးရုပ်လူ ချီကုန်းနှင့် ရင်ဆိုင်လိုက်၏။

သူတို့သည် တစ်ဦးနှင့်တစ်ဦး ဆယ်လှမ်းခန့် အကွာ၌ရပ်နေ၏၊ သူတို့နှစ်ဦး၏ အလယ်တွင် ခုံသမာဓိအဘိုးအို သုံးယောက် ရပ်နေကြပေသည်။

သူတို့သည် စန့်ဝမ်မင်းတောင်ထိပ်၏ စည်းကမ်းချက်များကိုရှင်းပြရမည် ဖြစ်ပေသည်။

သူတို့ ရှင်းမပြမီ ကြေးရုပ်လူချီကုန်းကမေးလိုက်၏။

'ခြင်္သေ့နန်းတော်ပိုင်ရှင် ဆင်းပိရဲဆိုတာမင်းလား'



သူ၏လေသံကအထင်သေးသေးဖြင့် မေးလိုက်သံ ဖြစ်၏။ ဆင်းပိရဲဆိုသည်မှာ မကြာမီကမှ ကြားဖူးခဲ့သည်ကို မဟုတ်ပါလား။ သူအထင်သေးမည် ဆိုပါက ဆိုလောက် ပါသည်။

ဆင်းပိရဲက....

'ဟုတ်တယ်....'

ကြေးရုပ်လူချီကုန်းက နှာခေါင်းရှုံ့လိုက်၏။

'နို့ နို့ တောင် မစင်သေးတဲ့ပုံပဲ'

'နို့ နို့ စင်တာမစင်တာ ခင်ဗျား အလုပ် မဟုတ်ပါဘူး၊ ခင်ဗျားအလုပ်က ကျုပ်နဲ့ယှဉ်ပြိုင်ဖို့ပဲ'

ကြေးရုပ်လူ ချီကုန်းက....

'မင်းသိပြီးပြီပေါ့၊ မင်းရဲ့ဂိုဏ်းသား စုဝမ်းလီက ကျုပ်အရှက်ကိုလာခွဲတာ'

'သူမှန်တာကိုပြောတာပဲဗျ'

ဆင်းပိရဲက စုဝမ်လီကို ထောက်ခံပြောလိုက်ရာကြေးရုပ်လူချီကုန်းမှာ မျက်နှာရဲခနဲဖြစ်သွားလေ၏။

'မင်းတို့ ကျုပ်ကို မတရားစွပ်စွဲတာပဲကွ'

'အမှန်အတိုင်းစွပ်စွဲတာပါဗျာ'

'ဂိုဏ်းချုပ်ကြီး ယီမုန့်လေကို ကျုပ်က သုတ်သင်ခဲ့တာဆိုရင် မင်းတို့ သက်သေပြရလိမ့်မယ်၊ သေတဲ့လူတောင် အရိုးဆွေး နေပြီ၊ ဒီစွပ်စွဲချက်တွေအတွက် မင်းဘူးထောက်တောင်းပန်မယ်ဆိုရင် မင်းတို့ခြင်္သေ့နန်းတော်ကို ငါခွင့်လွှတ်လိုက်မယ်....

ဆင်းပီရဲက....

'ခင်ဗျားရဲ့ကမ်းလှမ်းချက်ဟာလက်ခံစရာပါပဲ၊ ဒါပေမယ့် စုဝမ်းလီကဘာစွပ်စွဲခဲ့သလဲဆိုတာ ခင်ဗျား ပြောပြပါဦး'

ကြေးရုပ်လူ မျက်နှာပျက်သွား၏။ သူသည်ချက်ချင်း မျက်နှာ ပြန်ပြင်လိုက်၏။

'မင်းလူ ဘာပြောရမလဲ၊ ဂိုဏ်းချုပ်ကြီးဟောင်း ယီမုန့်လေကို ငါလုပ်ကြံတယ်လို့ စွပ်စွဲခဲ့တယ်၊ ဒါဟာငါ့ကို စော်ကားတာပဲ၊ ဒီအတွက် မင်းတို့ဝန်ချတောင်းပန်ရမယ်'

ဆင်းပီရဲက....

'စာခြား စွပ်စွဲချက်ဆိုရင်တော့ ကျုပ်က တောင်းပန်ဖို့ အဆင်သင့်ပါပဲဗျာ၊ အခု စုဝမ်းလီ စွပ်စွဲသွားတာဟာ မှန်ကန်တဲ့အတွက် ကျုပ်က တောင်းပန်ဖို့မလိုအပ်ပါဘူးဗျာ'

ကြေးရုပ်လူ ချိကုန်း၏မျက်နှာမှာ နီရဲသွား၏။

'မင်းတို့ တယ်စော်ကားပါလား'

ကြေးရုပ်လူချိကုန်းသည် လွန်စွာ ဒေါသထွက်သွားသဖြင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ၏။

'မလုပ်နဲ့'

အစိမ်းရောင်ဝတ်ခုံသမာဓိအဘိုးအိုတစ်ဦးကတားဆီးလိုက်လေ၏။

ခုံသမာဓိ အဘိုးအိုများကို သိုင်းလောကသားတိုင်းက လေးစားကြပေသည်။

ယခု သိုင်းလောကသား အများအပြား ဝိုင်းဝန်းကြည့်ရှုနေစဉ် အဘိုးအိုတစ်ဦးက တားဆီးသဖြင့် ကြေးရုပ်လူ



ချိကုန်းမှာ ငြိမ်သက်သွားရလေတော့၏။ သို့သော် ထရှူးရှူး တရှဲ့ရှဲ့တော့ ဖြစ်နေပေသေး၏။

ယခုကိစ္စမှာ သိုင်းလောကသားတိုင်းက လေးစားကြသော ခြေသော့နန်းတော် ဂိုဏ်းချုပ်ကြီးဟောင်း ယီမုန့်လေ သေဆုံးသည့်ကိစ္စဖြစ်နေသဖြင့် ခုံသမာဓိလူကြီး အဘိုးအိုသုံးဦးကလည်း သေချာစွာ စေ့စပ်စွာ မေးမြန်းစုံစမ်းနေတော့သည်။

ဂိုဏ်းချုပ်ကြီးဟောင်း ယီမုန့်လေသည် သိုင်းလောကမှ ရုတ်တရက် ပျောက်ကွယ်သွား၏။ သူသည် ကွယ်ပျောက်သွားပြီးနောက် ဆင်းပီရဲနှင့် သိုင်းလောကသားမဟုတ်ပေ။

ထို့ကြောင့် သိုင်းလောကသားများသည် ဂိုဏ်းချုပ်ကြီးကို မျက်ခြည် ပြတ်သွားကြသည်။ ဂိုဏ်းချုပ်ကြီးဟောင်း ယီမုန့်လေ ပျောက်သွားခြင်းသည် သိုင်းလောကအတွက် ပဟေဠိတစ်ပုဒ်သဖွယ် ဖြစ်နေခဲ့သည်။

ထို့ပြင် ဂိုဏ်းချုပ်ကြီးဟောင်း ယီမုန့်လေသည် သိုင်းလောကအကျိုးအတွက် လှုပ်ရှားခဲ့သူ ဖြစ်သည်၊ ဘာသိဘာသာ နေသူဖြစ်သည်။ ထို့ကြောင့် သိုင်းလောကထဲ၌ ယီမုန့်လေ ထင်ရှားကျော်ကြားခဲ့ခြင်းဖြစ်သည်။

ခုံသမာဓိအဘိုးအိုတစ်ယောက်ကို ပြောလိုက်လေ၏။

'ငါတို့က တိုက်ဆိုမှတိုက်၊ ဘယ်သူမှ အချိန်နောက်မကျပါဘူး၊ မင်းက ငါတို့ခွင့်မပြုရသေးဘဲနဲ့ တိုက်မယ်ခိုက်မယ် မလုပ်ပါနဲ့'

ကြေးရုပ်လူ ချိုကုန်းသည် အဘိုးအိုများကို ဂါရဝပြုလိုက်ရလေ၏။

## အခန်း(၁၄၇)

ချိုကုန်းက ဆင်းပီရဲအား မေးလိုက်၏။

'မင်းမှာ ဘာအထောက်အထားရှိသလဲ၊ ငါ့ကိုဒီလိုအရမ်းစွပ်စွဲလို့ရမတဲ့လား၊ သိုင်းလောကမှာ စွပ်စွဲတိုင်းသာ ဝန်ခံရရင် အားလုံး အပြစ်ရှိတဲ့လူချည်း ဖြစ်ကုန်မယ်'

ဆင်းပီရဲက နှာခေါင်းရှုံ့လိုက်၏။

'အထောက်အထားရှိရင် သိုင်းလောကတစ်ခုလုံးသိအောင် ဖွင့်ထုတ်လိုက်ပြီပေါ့၊ အခု စုဝမ်းလီဟာ သိုင်းလောကတစ်ခုလုံးကို ဖွင့်ထုတ်တာ မဟုတ်ဘူး၊ ခင်ဗျားကို လာပြောတာဗျ'

ခုံသမာဓိအဘိုးအိုတစ်ယောက်က မေးလိုက်သည်။

'မင်းက ဘာအထောက်အထားမှမရှိဘဲနဲ့ သူ့ကိုစွပ်စွဲတယ် ပေါ့ ဟုတ်လား'

ဆင်းပိရဲက....

'ကျုပ်မှာ သာအထောက်အထားမှမရှိပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့ဆရာကိုယ်တိုင် ယီမုန့်လေကိုယ်တိုင်က ဖွင့်ပြောခဲ့တာပါ၊ သူ့ကို ကြေးရုပ်လူ ချိကုန်းကအဆိပ်နဲ့ လုပ်ကြံခဲ့တာပါတဲ့၊ အခုဂိုဏ်းချုပ်ကြီး ယီမုန့်လေမရှိတော့ဘူး။ ကျုပ်ကဘယ်လိုလုပ် သက်သေပြရတော့မှာလဲ'

ကြေးရုပ်လူချိကုန်း မျက်နှာပျက်သွားသည်။

သူသည် ခုံသမာဓိအဘိုးအိုများအား ရှင်းပြလိုက်၏။

'အားလုံး စဉ်းစားကြည့်ကြပါ၊ ယီမုန့်လေ ပျောက်ဆုံးသွားခဲ့တာဟာ ဆယ်နှစ်လောက်ရှိပါပြီ၊ ယီမုန့်လေမသေခင်က သူ့ကိုပြောခဲ့တယ်လို့ ပြောခဲ့ပါတယ်၊ သူဟာအဲ့ဒီတုန်းက အသက် ဆယ်နှစ်ကျော်ကျော်ပဲရှိပါဦးမယ်၊ တကယ့်ကလေးဘဝပဲရှိပါသေးတယ်၊ ကလေးစကားကို အရေးအရာလုပ်ဖို့ကတော့ တကယ်ခက်ခဲပါတယ်'

ခုံသမာဓိအဘိုးအိုများ တွေဝေသွားသည်။

သူတို့သည် အဖက်ဖက်က စဉ်းစားကြရသည်။ ကြေးရုပ်လူ သိုင်းသမား ချိကုန်းသည်လည်း သိုင်းလောကသားတိုင်းက လေးစားကြသော သိုင်းထိပ်သီးတစ်ဦးပင်။



ဤသူ အပြစ်ကျူးလွန်သည်ကို မည်သူမျှယုံကြည်ကြမည် မဟုတ်ချေ။ သက်သေ အထောက်အထားကတော့ ပြသရမည်ပင်။

ဆင်းပိရဲက....

'ကျုပ်ရဲ့စကားဟာ သစ္စာစကားပဲ၊ တရားခံဟာ သူ့အပြစ်ကိုသူသိနေပါတယ်'

ခုံသမာဓိအဘိုးအိုများက နောက်ဆုံးပြောလိုက်တော့၏။

'မင်းက သူ့ကိုအပြစ်ကျူးလွန်တယ်လို့ စွပ်စွဲခဲ့တယ်၊ သူက အပြစ်မကျူးလွန်ဘူးလို့ ငြင်းကွယ်တယ်၊ အဲ့ဒီအခါမှာ သက်သေ အထောက်အထား ယူလာတယ်၊ စွပ်စွဲတဲ့လူကသက်သေ အထောက်အအား တင်ပြရစမြဲပါ၊ အခုတော့ ဘာသက်သေ အထောက်အထားမှ မရှိပါဘူး၊ မင်းကမတင်ပြနိုင်ပါဘူး၊ အဲ့ဒီတော့ လက်ရုံးရည်နဲ့ဖြေရှင်းကြဖို့ပဲ ရှိတော့တယ်၊ အဲ့ဒီအခါမှာ ငါတို့အနေနဲ့ ဘယ်သူအင်အားသာတယ်၊ ဘယ်သူအင်အားနည်းတယ်ဆိုတာ သိတယ်၊ သိပေမယ့်လဲ့ အင်အားကို ညှိပေးဖို့ တာဝန် တို့မှာမရှိပါဘူး၊ ဒီတော့ ဒီအတိုင်းပဲ တိုက်ကြရလိမ့်မယ်၊ လက်ရုံးရည်နဲ့ ဖြေရှင်းကြတဲ့အခါမှာ ရှုံးသူဟာ မှားယွင်းစမြဲပဲ၊ ဒီစကားကို မင်းတို့လက်ခံကြရဲ့လား'

ချိကုန်းနှင့် ဆင်းပိရဲတို့နှစ်ယောက်သည် ခေါင်းညိတ်ဝန်ခံကြရလေ၏။

ခုံသမာဓိအဘိုးအိုတစ်ဦးက....

'မင်းတို့ညစ်ပတ်ပြီး နားနိုင်မယူနိုင်အောင် တို့က ကြီးကြပ်ပေးမယ်၊ တရားသဖြင့်ရှုံးလို့ကတော့ ဘယ်သို့ရှုံးရှုံး၊ ငါတို့ကတော့ ကြည့်နေရမှာပဲ၊ ကဲ....ဘိုက်ကြပေတော့'

ခုံသမာဓိအဘိုးအို သုံးယောက်သည် နောက်ဆုတ်သွားလေ၏။

စင်မြင့်ပေါ်တွင် ချိုကုန်းနှင့် ဆင်းပိရဲတို့ တွေ့ဆုံမိကြလေပြီ၊ ကြေးရုပ်လူသိုင်းသမားသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ သိုင်းလောကသားများသည် အာရုံစူးစိုက်လျက် ကြည့်နေသည်ကို တွေ့ရလေ၏။

ထို့ကြောင့် သူသည် စိတ်ကောင်းစေတနာကောင်း ပြသသည့်သဘောဖြင့် ဆင်းပိရဲအား 'ပြောကြားလိုက်လေတော့သည်။

'မင်းကလူငယ်ပဲ၊ အဲဒီတော့ မင်းကပဲစတိုက်ပါ'

'မလိုပါဘူး၊ ပြိုင်တူဘိုက်နိုင်ပါတယ်'

'တိုက်ပါ၊ မင်းကိုအရင်တိုက်ခွင့်ပေးပါတယ်'

သူ၏စိတ်သဲတွင်မူ ဆင်းပိရဲကို အခသျှင်းလင်းပစ်ရန် ဆုံးဖြတ်ထားလေ၏။

'ဟင်း....မင်းတော့လား၊ သေစေရမယ်၊ အရိုးတခြားအသားတခြားကို ဖြစ်သွားစေရမယ်'

ဤသည်မှာ သူ၏စိတ်ထဲမှ ရေရွတ်လိုက်သောစကားဖြစ်သည်။

ဆင်းပိရဲမှာ အံကိုတင်းတင်းကြိတ်လိုက်၏၊ သူ့တာဝန်မှာကြီးလေးသောတာဝန်ကြီး ဖြစ်နေပါသည်။



ယခင်ကမျှော်လင့်ခဲ့သည်မှာ တိဖုံး၏ သိုင်းကွက်ရှစ်ကွက်ကို ရပြီးမှ ကြေးရုပ်လူချိုကုန်းကို ယှဉ်ပြိုင်မည်ဟူ၍ ဖြစ်ပါသည်။

ယခုတော့ တိဖုံး၏ သိုင်းကွက်ရှစ်ကွက်မှ ရလုဆဲဆဲ ဖြစ်နေပြီးမှ ရက်ချိန်းစေ့သွားပြီ ဖြစ်ပါသည်။သူသည် ကြေးရုပ်လူ ချိုကုန်းကို မည်သို့မျှမယှဉ်ပြိုင်နိုင်ပါ။

## အခန်း (၁၄၈)

### စိန့်ဝမ်မင်းတောင်ထိပ်၌သိုင်းပြိုင်ပွဲ

ထို့ကြောင့် ချိန်ဖုံနှင့်တုလျှံ ဝေးတို့အား မှာကြားတာဝန်လွှဲအပ်ခဲ့ခြင်း ဖြစ်ပါသည်။

သူ့ရဲကောင်းတို့မည်သည် တစ်သက်တွင် တစ်ခါသာ သေရစမြဲ ဖြစ်သည် မဟုတ်ပါလား။

ဆင်းပိရဲသည် အံကို တင်းတင်းကြိတ်ပြီး ချိကုန်းအား တိုက်ခိုက်လိုက်လေ၏။

သူသည် ချိကုန်းအား တိုက်လျှင် သူသေမည်ကိုသိ၏။ ထို့ကြောင့် သူသေမည်ဟုလျော်ညီစွာ ဒဏ်ရာရစေရမည်ဟု ဆုံးဖြတ်ပြီး အပြင်းတန်ဆုံးတိုက်ခိုက်ပေသည်။



ကြေးရုပ်လူချိကုန်းသည် ဆင်းပိရဲ၏ ဓားကိုလှမစွာရှောင်တိမ်းသွား၏။

ထို့နောက် လက်သီးစုံတွဲများထို အသုံးပြုကာ ပြန်လည်တိုက်ခိုက်သွား၏။

ဆင်းပိရဲသည် ယီမုန့်လေသင်ကြားပေးခဲ့သည့် ဓားကွက်သုံးဆယ့်ခြောက်ကွက်ကို အသုံးပြုရင်း ချိကုန်း၏ လက်သီးများကို ဖြတ်တောက်ပစ်ရန် ကြိုးစား၏။

ကြေးရုပ်ချိကုန်းမှာ သူ့လက်သီးများကိုပြန်လည်ရုပ်သိမ်းသွားရလေ၏။

ဆင်းပိရဲအံ့းတက်သွားသည်။ ကြေးရုပ်လူ ချိကုန်းသည် သူ၏လက်သီးများကို ပြန်လည် ရုပ်သိမ်းသွားရပြီ မဟုတ်ပါလား။

သူသည်လီပ်ပြာသခင်မသင်ပေးထားသော ခြေကွက်များကို ပေါင်းစပ် အသုံးပြုလေတော့၏။

ဤသို့ ထိုးခုတ် တိုက်ခိုက်နေရာ သိုင်းကွက် ဆယ်ကွက်ခန့် ထိုးခုတ်တိုက်ခိုက် မိသွားလေ၏။

ချိကုန်းမှာ ဆင်းပိရဲ၏ တိုက်စစ်ဆင်မှုကိုပြန်လည်မတိုက်ခိုက်နိုင်ပါ။ ခြေဖျက်မှုတော့ ပြုနိုင်ပါသည်။

သူသည် ဒေါသဖြင့် ဆင်းပိရဲကို ကြည့်လိုက်ပါသည်။

'မင်းက တော်တော်အစွမ်းထက်နေတယ်ဟုတ်လား၊ မင်းကငါ့ကို ယှဉ်ပြိုင်နိုင်တယ်ပေါ့'

'ကျုပ် ကြိုးစားပြီး တိုက်ခိုက်နေတာ၊ ခင်ဗျား ဘာမှ ပြောစရာ မလိုဘူး၊ ခင်ဗျားနိုင်အောင်သာ တိုက်ခိုက်ပါ'

'ငါ့ကို စောင့်ရှောက်ရုံသိုင်းသမား ဆယ်ကွက် မယှဉ်နိုင်ဘူးကွ၊ မင်းလိုနို့နံ့မစင်သေးတဲ့ ကောင်ကဆယ်ကွက် ယှဉ်တယ်ဆိုတော့'

သူသည်စကားကို ဆုံးအောင်မပြောတော့ဘဲ သူဝတ်ဆင်ထားသည့် ဝတ်ရုံရှည်ကြီးကို ချွတ်ပစ်လိုက်လေ၏။

ကြွက်သားများဖြင့် ကျစ်လစ်စွာ ဖွဲ့စည်းထားသော သူ၏ခန္ဓာကိုယ်ပေါ်ထွက်လာသည်။

ကြွက်သားများသည် အခြေမြှောင်း အခြေမြှောင်း ပေါ်ထွက်နေသည်။ သံမဏိသားကဲ့သို့ သူ့ကြွက်သားများ သည်ဖုထစ်ကြွရှနေပေသည်။

သူ၏ခန္ဓာကိုယ်မှာကြေးရုပ်တစ်ရုပ်အလား ဖြစ်ပေသည်၊

ဤသည်ကို ရည်ရွယ်၍ သူ့ကို ကြေးရုပ် သိုင်းသမားဟု ခေါ်ဆိုသည်လားမသိပေ။

* * *

ချိကုန်းသည် သူ၏ကြေးရုပ်အတွင်းအားကို စုစည်းလိုက်၏။ သူ၏ ကြွက်သားများသည် ကြေးရုပ်တစ်ရုပ်၏ ကြွက်သားများကဲ့သို့ ပိုမို၍တက်ကြွလာလေ၏။



ဆင်းပိရဲမှာ ချိကုန်းကိုကြည့်ပြီး ရင်ထိတ်သွားတော့၏။ ချိကုန်းသည် အစွမ်းကုန်တိုက်ခိုက်ပေတော့မည်။

ထို့ကြောင့် သူကလည်း အတွင်းအားကို အစွမ်းကုန်ထုတ်လိုက်၏။ ထို့နောက် ဓားကို ဝှေ့ယမ်းကာ အပြင်းအထန်တိုက်ခိုက်လေတော့သည်။

'ဝှီး....ဝှီး'

'ဝှစ်....ဝှစ်'

ဆင်းပိရဲ၏ ဓားချက်များသည် မည်မျှပင်ပြင်းထန်သနည်းဟူမူ လေတိုးသံသာ ကြားနေရတော့သည်။

ကြေးရုပ်လူသည် ဤမျှပြင်းထန်သော ဓားချက်များကို အလွယ်တကူ ရှောင်တိမ်းနိုင်လေ၏။

သူသည် မျက်နှာတစ်ချက်မဲ့လိုက်သည်၊ သူသည် ခြေကိုကြမ်းပြင်တွင် မြဲမြဲစွာရပ်ပြီး တစ်ကွက်ချင်း မြန်လည်တိုက်ခိုက်လေတော့၏။

ကြေးရုပ်လူသည် အများရှေ့တွင်ဖြစ်၍ ဆင်းပိရဲအားချက်ချင်းအနိုင်မယူနိုင်ပေ၊ သူအနိုင်ယူလျှင်ရသည်။ ဆင်းပိရဲသည် သာမန်သိုင်းသမားတစ်ယောက်ပေပဲ။

သိုင်းကွက်ပေါင်း တစ်ရာကျော်လာသောအခါ ဆင်းပိရဲမှာ တဖြည်းဖြည်း အရေးနိမ့်လာတော့၏။

သူက ဓားဖြင့် ကြေးရုပ်လူကလက်ဖြင့်တိုက်ခိုက်နေသော်လည်း ကြေးရုပ်လူ ချိကုန်း၏ သိုင်းကွက်များထဲတွင် သူ့ဓားကွက်များ နစ်မြုပ်နေတော့သည်၊

ဆင်းပီရဲက တဖြည်းဖြည်း အရေးနိမ့်လာတော့သည်။ ကြေးရုပ်လူ၏ လက်သီး၊ လက်ဝါး၊ တံတောင်များက သူ၏ ခေါင်းချက်များအကြားမှ အန္တရာယ် အကြီးအကျယ် ပေးနေလေ၏။

ထို့ပြင် ကြေးရုပ်လူ၏ အတွင်းအားမှာ လွန်စွာထူးဆန်းသည်။ အတွင်းအားလှိုင်း၏ ဆွဲငင်မှုအောက်တွင် ခေါင်းမှာ ဟိုကပ်သည်ကပ်ဖြစ်နေသည်။ ကောင်းစွာ မလှုပ်ရှားနိုင်ဘဲဖြစ်နေသည်။

★

အခန်း(၁၄၉)

သိုင်းရက် တစ်ရာ့နှစ်ဆယ်သို့အရောက်တွင် ကြေးရုပ်လူ ချိကုန်းလုံးဝ အရေးသာသွားတော့သည်။

'သွားစမ်း'

ကြေးရုပ်လူသိုင်းသမားသည် ဝုန်းခနဲ ရိုက်ချလိုက်သည်။

'ဝုန်း'

ဆင်းပီရဲမှာ စင်မြင့်ပေါ်မှ လိမ့်မကျရုံတမည် လွင့်စဉ်သွားလေ၏။ ဓားလည်း လွင့်စဉ်သွားသည်။

ဆင်းပီရဲ လူးလဲထလာလေ၏။

'ဟား....ဟား....ဟား သိပြီမဟုတ်လား'

ဆင်းပ်ရဲသည် ဒယီးဒယိုင်ထပြီးရပ်ကြည့်လိုက်၏။ ကြေးရုပ်လူ သိုင်းသမားသည် တဟားဟား ရယ်နေလေ၏။

သူသည် ကြေးရုပ်လူသိုင်းသမားထံပြေးဝင်သွားပြီးချိကုန်းအား လက်ဝါးတစ်ချက် ရိုက်ချလိုက်၏။

'ဟုတ်'

သူ့လက်ဝါးကြောင့် ကြေးရုပ်လူသိုင်းသမား ချိကုန်း ဝုန်းခနဲ လွင့်စဉ်မသွားပါ၊ သူ့လက်ဝါးသည် ကြေးရုပ်လူ၏ရင်ဝသို့ တည့်တည့်ထိမှန်ပါသည်။

သို့သော် ဖုတ်ခနဲထိမှန်ပါသည်။ သူ့လက်ဝါးသည်ကြေးရုပ်ထုတစ်ခုအား ရိုက်ချသကဲ့သို့ ဖြစ်နေပါသည်။ သူ့ ရိုက်ချက်မှာ မည်သို့မျှ အကျိုးသက်ရောက်မှု မရှိပါချေ။

'ဟား....ဟား....ဟား'

ချိကုန်းကား ရင်ကော့၍ရယ်နေလေသည်။

'ခပ်ဗျားရယ်သလား'

ဆင်းပိရဲသည် ထိုစကားကိုပြောရင်း အံကြိတ်ကာ ဘယ်လက်သီးဖြင့် ထိုးချလိုက်လေသည်။

'ဒုတ်'

ထိုလက်သီးသည် မည်သို့မျှမထူးခြားပါ၊ ကြေးရုပ်လူ၏ရင်ဝသို့ လက်သီးသည် တည့်တည့်မတ်မတ်ကြီး ထိပါသည်၊

ချိကုန်းက ရယ်မြဲရယ်နေလေ၏။

ဆင်းပိရဲ ထိတ်လန့်သွားသည်။

ထိုစဉ်....



'မင်း ရှောင်နိုင်ရင် ရှောင်ပေတော့'

ချိကုန်း၏လက်ဝါးသည် ဆင်းပိရဲထံသို့ တိုးဝင်သွားလေ၏။ ဆင်းပိရဲမရှောင်တိမ်းနိုင်ပါ။ ထို့ကြောင့် ကမန်းကတန်း ခုခံပေးလိုက်ရ၏။ လက်ဝါးလေးဖက်ပြင်းထန်စွာ ထိတွေ့သွားကြသည်။

'ဝုန်း....'

ဆင်းပိရဲ၏ရင်ထဲ အောင့်တက်လာသည်၊ လူသည်လည်း ပြိုင်ပွဲစင်မြင့်အစွန်းနားသို့ လွင့်စဉ်ထွက်သွား၏၊

ပထမလွင့်စဉ်သွားသောနေရာသို့ လွင့်စဉ်သွားခြင်းဖြစ်ပါသည်၊ သို့သော်အောက်သို့ လိမ့်ကျမသွားပေ။

ခုံသမားစီအားတိုးအိုသုံးဦးက မူ အခြေအနေကိုကြည့်နေလေ၏။ သူတို့သည် ဤသို့ဖြစ်လိမ့်မည်ကို မျှော်လင့် ထားပြီးဖြစ်သည်၊

စတိုက်မည်ဆိုကတည်းက အင်အားကို ညှိပေးရန် သူတို့ တွင်တာဝန်မရှိပါဟု ပြောဆိုခဲ့ပါသည်။

ကြေးရုပ်လူသိုင်းသမားကို ဆင်းပိရဲမည်သို့မျှမနိုင်ဆိုသည်ကိုသူတို့သိပြီးကြလေပြီ။

'ဟား....ဟား....ဟား'

ကြေးရုပ်လူ ချိကုန်းသည် သဘောကျစွာ ရယ်မော လိုက်လေ၏။

ဆင်းပိရဲမှာ အခြေအနေဆိုးနေလေပြီ။

ချိုကုန်းသည် ဆင်းပိရဲအနီးသို့ လျှောက်သာလေ၏။ ဆင်းပိရဲလဲကျနေသည်ကို ခါးထောက်၍ ကြည့်လိုက်၏။

ဆင်းစိရဲမှာ ထရပ်ရန် အတော်ကြိုးစားနေရသည်။ တို့နောက်ဒယီးဒယိုင်ဖြင့်ထရပ်လိုက်လေ၏။

ထိုစဉ်ရင်ထဲမှ ပျို့တက်လာသဖြင့် ဆင်းပိရဲသည် ဝေါခနဲထိုးအန်လိုက်သည်။ နီစွေးသော သွေးများသည် ရဲခနဲဖြာကျလာလေ၏။

ဆင်းပိရဲသည် ဒယီးဒယိုင်ဖြင့် မတ်ဘတ် ထလိုက်လေ၏။ ကြေးရုပ်လူချိုကုန်းက ယိမ်းထိုးနေသော ဆင်းပိရဲကို ကြည့်ပြီး....

'မင်းကို နောက်ဆုံးအနေနဲ့ အခွင့်အရေးတစ်ခု ပေးမယ်'

ဆင်းပိရဲက နွမ်းလျနေသော်လည်း အသံကို ကြိုးစား၍ မြှင့်တင်လိုက်လေ၏။

'ဘာ အခွင့်အရေးမှ မလိုချင်ဘူး'

'ကျုပ်စကားကိုဆုံးအောင်နားထောင်ပါဦးလေ၊ စုဝမ်းလီ စွပ်စွဲခဲ့တဲ့စကားတွေကို မင်းကဘောင်းပန်မယ်ဆိုရင် မင်းကို အသက်ချမ်းသာပေးလိုက်မယ်'

ဆင်းပိရဲအံကြိတ်ပြီး ခေါင်းတို ခါယမ်းလိုက်၏။ သူသည် အသေခံရန် စိတ်ပိုင်းဖြတ်ပြီးဖြစ်သည် မဟုတ်ပါလော။

'အမှန်တရားကို ဖုံးကွယ်ထားလို့မရပါဘူးဗျာ၊ မီးခိုးကို ဖုံးကွယ်ထားလို့မရသလိုပေါ့၊ တစ်နေ့ကျရင်အမှုမှန်ပေါ်လာမှာပဲ'



'မင်းအမှန်တရားဟာ ကျုပ်လက်သီးကို ယှဉ်နိုင်ပါ့မလား လို့ကျုပ်သံသယဖြစ်မိတယ်'

ကြေးရုပ်လူချိုကုန်းသည် ပြောပြောဆိုဆိုလက်သီးစုံတွဲဖြင့် သူ့အားထိုးလိုက်တော့၏။

★

အခန်း(၁၅၀)

'ဝှီး....ဝှီး....ဝှစ်'

ဆင်းပီရဲသည် အံ့ဩစွာရှောင်တိမ်းလိုက်ပြီး ချီကုန်းလက်မောင်းမှသွေးကြောကိုလှမ်းကုတ်ဆွဲလိုက်၏။

သူ လျှပ်တစ်ပြက်တိုက်ခိုက်မှုမှာ လျှင်မြန်လှသဖြင့်ကြေးရုပ်လူချီကုန်းပင် အံ့အားသင့်သွား၏။

သူတိုက်ခိုက်လိုက်သော သိုင်းကွက်မှာလေမီးခိုးသင်ကြားပေးခဲ့သောသိုင်းကွက်ပင်ဖြစ်ပါသည်။

ဆင်းပီရဲသည်ထိုသိုင်းကွက်များကို အထပ်ထပ် လေ့ကျင့်ထားသူဖြစ်ရာ သူ၏ လက်ငါးချောင်းသည် တိကျစွာ ချီကုန်း၏လက်မောင်းကိုဖမ်းဆုပ်မိ၏။



မိရမည်လေ၊ သူသည် ထိုသိုင်းကွက်ကို အထပ်ထပ် လေ့ကျင့်ထားသည်မဟုတ်ပါလေ။

သို့သော် သူမျက်လုံး ပြူးသွားလေ၏။ သံမဏိတမျှ မာကြောလှသော ချီကုန်း၏ ကြွက်သားများကို သူ့လက်မျှော်းက မထိုးဖောက်နိုင်ပါချေ။

ချီကုန်း၏ အသားအောက်မှ သွေးကြောများ ထိုကား ဝေးစွ၊ ဝေးစွပေတကား။

ဆင်းပီရဲမျက်နှာပျက်သွားလေ၏။ ထို့နောက် မျက်နှာ တစ်ခုလုံး သွေးဆုတ်ဖြူရော်သွားတော့သည်။ သူသည်လက်ကို ရုပ်သိမ်းကာ ခုန်ဆုတ်လိုက်လေ၏။

သူလျှင်မြန်သည်မှာကြေးရုပ်လူချီကုန်း အိပ်နေ သလောက် သာရှိသေးသည်။

သူလက်ရုပ်သိမ်းသော်လည်း မမီတော့ပါ၊ ချီကုန်း၏ လက်သီးက မိုး၍ လျှင်မြန်စွာ ဝင်ရောက်လာလေ၏။

'ဝုန်း....'

ဆင်းပီရဲမှာ လွင့်စဉ်ထွက်သွား၏။ ချီကုန်းသည် ခုန်ပျံလိုက်သွားပြီး သူ့ကိုကန်လိုက်သည်။

ဆင်းပီရဲမှာ ခင်ပေါ်မှ ပြုတ်ကျသွားပြီး မြေပေါ်တွင် လေးငါးပတ်မျှလိမ့်ဆင်းသွားသည်။

နှာခေါင်း၊ပါးစပ်တို့မှ သွေးများ မြိုင်မကောင်းအောင် ထွက်ကျလာလေတော့၏။

'ဟား....ဟား....ဟား၊ ကျုပ်တောင်းပန်ရင် သူ့ကို ခွင့်လွှတ်မယ်လို့ ပြောခဲ့တာသူမှလက်မခံဘဲကိုး၊ သူ သွားရမယ့်လမ်းကို သူ ရွေးတာပဲ'

ချိကုန်းသည်စင်မြင့်ပေါ်မှ ခုန်ချလိုက်သည်။ သွေးများထွက်ပြီး ကြည့်မကောင်း မြင်မကောင်းအောင် ဖြစ်နေသော ဆင်းပိရဲ၏ဘေး၌မားမားမတ်မတ် ရပ်လိုက်၏။

ဤပြိုင်ပွဲများကား ဤသို့ပင် နိဂုံး ချုပ်တတ်ပေသည်၊ များသောအားဖြင့် ပြိုင်ဘက် တစ်ဦးဦးသည် အသေ ဖြစ်တတ်ပေသည်။

* * *

တစ်ဦးတစ်ယောက်မျှသာ ဒုက္ခိတဖြစ်သွားတတ်ပေသည်၊ ခုံသမာဓိအဘိုးအိုသုံးဦးကား ဦးခေါင်းကို ခါယမ်း နေပေသည်။

ချိကုန်းသည်အေးစက်စွာ ရယ်မောလိုက်ပြီး ဆင်းပိရဲ၏ ငယ်ထိပ်ပေါ်သို့ လက်ဝါးတစ်ချက် ရိုက်ချ လိုက်လေ၏။

တုလျှံဝေးမျက်နှာမှာ ဖြူဖွေးသွားသည်။ သူသည်မကြည့်ရက်တော့ပါ၊ ထို့ကြောင့် မျက်လုံးစုံမှိတ်မိလေ၏။



ဆင်းပိရဲမှာ ရှောင်တိမ်းရန် မဆိုထားနှင့် လှုပ်ပင်မလှုပ်နိုင်သောကြောင့် အံကြိတ်ရန် ကြိုးစား လိုက်၏။ သူ့ခံမှုများအင်ကုန်ခမ်းနေသဖြင့် အံပင်မကြိတ်နိုင်တော့ပါ။

ထိုစဉ်မီးခိုးရောင် လူရိပ်တစ်ခုသည် လေတွင် တရိပ်ရိပ်ပြေးသောတိမ်တန်းသဖွယ် ပြေးလွှားလာလေတော့၏။

ထိုလူငယ်လှုပ်ရှားမှုမှာ လျှင်မြန်လှသဖြင့် ထိုသူမှာမည်သူမှန်းမသိနိုင်ဘဲဖြစ်သွားကြပါသည်။

ထိုလူသည် ချိကုန်းရိုက်ချလိုက်သော လက်ဝါးကိုကြားထဲမှခုခံပေးလိုက်သည်။

'ဝုန်း'

ချိကုန်းမှာ နောက်သို့လန့်သွားသည်၊ ထိုအချိန်မှာပင် ထိုလူရိပ်သည် ဆင်းပိရဲကိုပွေ့ချီကာ တောင်အောက်သို့ ပြေးဆင်းသွားလေတော့သည်၊

ထိုလူ၏ပြေးလွှားပုံမှာ လွန်စွာလျင်မြန်လှသဖြင့် ကြည့်နေသူများ၏မျက်စိ၌ တဖြည်းဖြည်းသေးငယ်ကာ လူရိပ်ပါ ပျောက်ကွယ်သွားလေတော့၏။

အဖြစ်အပျက်မှာ လွန်စွာလျင်မြန်လှ၏။

အားလုံးသတိဝင်လာသောအချိန်တွင် ဆင်းပိရဲနှင့်လူရိပ်ကို မတွေ့ကြရတော့ပေ။

ချိကုန်းသည် နှာခေါင်းရှုံ့လိုက်၏။

'ဆင်းပိရဲ၊ ဒီတစ်ခါတော့ မင်းလွတ်သွားသေးတာပေါ့ကွာ၊ နောက်တစ်ခါတွေ့ရင်တော့ မင်းသေပြီသာ မှတ်ပေတော့၊ မင်းကံကောင်းက မသေမချင်းသတ်မှာကွ'

သူသည် အော်ဟစ်ကြုံးဝါးလိုက်၏၊ သူ့အော်သံသည် စနိ့ စမ်မင်းတောင်ထိပ်၌ ပဲ့တင်ဂျုံ့လွင့်သွားလေ၏။

သို့သော် သူသိသည်၊ သူ့လက်သီးဒဏ်ချက်ကို ဆင်းပိရဲ့ ကောင်းစွာခံသွားရသည်။ ဆင်းပိရဲ့ သေသုဓမျာပါး ဖြစ် သွားသည်ကို သူကောင်းစွာသိရှိ၏။

## အခန်း(၁၅၁)

ထိုဒဏ်ရာသည် အလွန်ပြင်းထန်လှသော ကြောင့်ဆင်းပိရဲ သည် အသက်မသေလျှင်သော်မှ သိုင်းပညာ ပြန်လည် လေ့ ကျင့်ရန် ခက်ခဲသွားပေပြီ။

'ဟား....ဟား....ဟား၊ ဆင်းပိရဲ မင်း သိုင်းလောကထဲ ပြန်ဝင်နိုင်ရင် အင်မတန် ကံကောင်းလို့ပဲ၊ ကျုပ်နဲ့တော့မတွေ့ စေနဲ့၊ တွေ့ရင်မင်းအသေပဲ'

ကြေးရုပ်လူ ချိကုန်းဘည် ဆင်းပိရဲကို ယခင်ကပင်မမှုပေ၊ ယခုရင်ဆိုင်ရှေ့တွေ့လိုက်ရသောအခါ သူ့ထက် အဆမတန်သိုင်း

ပညာအဆင့်နိမ့်နေမှုန်း သိသွားသဖြင့် ပို၍ပင် အထင်သေး သွားတော့သည်။

သူသည် ခုံသမာဓိ အဘိုးအိုသုံးယောက်အား ဂါရဝပြု လိုက်၏။

'အခုပွဲကို ခင်ဗျားတို့ မြင်တဲ့အတိုင်းပါပဲ၊ ကျုပ် တရားသဖြင့် ယှဉ်ပြိုင်သွားတယ်ဆိုတာ အားလုံးလဲ သိမြင်ပါတယ်'

ခုံသမာဓိ အဘိုးအိုတစ်ဦးက....

'ဟုတ်ပါတယ်၊ မင်း မတရားတာ ဘာတစ်ခုမှ မလုပ်ပါဘူး၊ မင်းနိုင်ပါတယ်'

'ကျုပ်ကို သွားခွင့်ပြုပါ'

'သွားပါ....သွားပါ၊ မင်းလိုရာ သွားနိုင်ပါတယ်'

ကြေးရုပ်လူ ချိကုန်းသည် ပွဲကြည့်ပရိသတ် သိုင်းလောကသားတို့အား ဦးညွတ် ဝါရခပြုလိုက်၏။

သိုင်းလောကသားများက သောင်းသောင်းဖျဖျ လက်ခုပ်သြဘာ ပေးကြလေ၏။ ထို့နောက် တောင်ပေါ်မှပြေးဆင်း သွားလေတော့၏။

ခုံသမာဓိအဘိုးအိုသုံးယောက်သည် ကြေးရုပ်လူ သိုင်းသမားကို ငေးကြည့်နေကြလေ၏။ ခုံသမာဓိအဘိုးအို တစ်ယောက်သည် ကြေးရုပ်လူကို မမြင်ရတော့မှသက်ပြင်းချလိုက်သည်။



'အင်း....ဒီအတိုင်းဖြစ်ရမယ်လို့ ကျုပ်ထင်ပါတယ်လေ'

ခုံသမာဓိ အဘိုးအိုတစ်ယောက်က....

'ကျုပ် မြင်တာနဲ့သိတယ်၊ ဟိုသူငယ်ရဲ့ အတွင်းအားဟာ အင်မတန်ညံ့ဖျင်းတယ်ဆိုတာကို၊ ဒီလောက်ညံ့ဖျင်းလျက်နဲ့ ဘာဖြစ်လို့တိုက်စားလဲ မသိဘူး'

* • *

ခုံသမာဓိအဘိုးအိုတစ်ယောက်က ဝင်ပြောလိုက်၏။

'တစ်ခါတစ်ရံကျတော့လဲ လူသူမသိသေးတဲ့ အမှန်တရားတွေ ရှိတတ်တယ်ဗျ၊ အဲဒီအမှန်တရားအတွက် ဝင်တိုက်တာလို့ ကျုပ်ထင်တယ်၊ သူသေရမယ်ဆိုတာ သိလျက်သားနဲ့ဝင်တိုက်တာပဲဗျာ'

'ဟုတ်ပ....ဟုတ်ပ'

ကျန်အဘိုးအိုနှစ်ယောက်လည်း သဘောကျသွားကြလေသည်။ သိုင်းပြိုင်ပွဲပြီးဆုံးသွားပြီဖြစ်၍ သိုင်းလောကသားများသည် အလျှိုအလျှို ပြန်သွားကြလေ၏။

သိုင်းသမားအများစုသည် မျှော်လင့်ထားသလို ပွဲကြီးပွဲကောင်း မတွေ့ရသဖြင့် စိတ်ပျက်သွားကြသည်။

သို့သော် သိုင်းသမားချိကုန်း၏ သိုင်းပညာအစွမ်းကိုမြင်သွားကြသဖြင့် ကြေးရုပ်လူသိုင်းသမားကို ပို၍အထင်ကြီးသွားကြသည်။

ဤပြိုင်ပွဲတွင် စင်မြင့်ဘေး၌ လူတစ်ယောက်သာ ကျန်ရှိတော့သည်။

ထိုလူမှာ တုလျှံဝေးသာတည်း။ တုလျှံဝေးသည်ခေါင်းငိုက်စိုက်ကျနေ၏။

ဆင်းပီရဲအား ကယ်တင်သွားသူကို မမြင်လိုက်ပါချေ။

အကယ်၍ သူကြည့်နေလျှင်လည်း တိုလူရိပ်မည်သူ ဖြစ်သည်ကို သူသိမည် မဟုတ်ပါ။

'ဘယ်သူကများ ကယ်တင်သွားသလဲ မသိဘူး၊ တခြားလူတွေ ပြောစကားအရတော့ ဗီလူရဲ့ကိုယ်ဖော့ပညာဟာတကယ်ကောင်းတယ်ဆိုပဲ'

နောက်ဆုံး သူသည် စန္ဒဝမ်မင်းတောင်ပေါ်မှ ဆင်းလာခဲ့ရလေတော့၏။

သူ့အနေဖြင့် ဆင်းပီရဲအား တွေ့အောင်ရှာဖွေသင့်သည်ဟု ခံစားမိသည်။

'အင်း...ငါတစ်ယောက်တည်း အရမ်းလုပ်လို့ မဖြစ်ဘူး၊ ငွေဓားချိန်ဖိုး အိမ်ဆေးတွေသောက်ပြီး အိပ်ကျန်ရစ်ခဲ့တယ်၊



သူနဲ့တိုင်ပင်ပြီး ဘာဆက်လုပ်သင့်တယ်ဆိုတာ ဆွေးနွေးမယ်'

သူသည် ထိုအတွေးကို တွေးမိသဖြင့် စိတ်လက်ပေါ့ပါးသွားလေ၏။

★

## အခန်း(၁၅၂)

ငွေခါးချိန်ဖုံသည် အိပ်ရာမှနိုးလာလေ၏။ သူသည်နိုးနိုးချင်း သူဘာဖြစ်ခဲ့သည်ကို စဉ်းစားကြည့်ရ၏။ သူသည်ဆင်းပီရဲကိုယ်စား ကြေးရုပ်လူခါကုန်းကို ယှဉ်ပြိုင်မည်ဟု ဆုံးဖြတ်ခဲ့သည်။

ထိုသို့ဆုံးဖြတ်ရာတွင် တုလျှံဝေးနှင့်တိုင်ပင်ပြီးမှ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆုံးဖြတ်ရာတွင် လွယ်လွယ်နှင့်ဆုံးဖြတ်ခြင်း မဟုတ်ပေ။ သူသည် ဆင်းပီရဲကိုယ်စား ဝင်၍အသေခံခြင်းဖြစ်သည်ကိုသေသေချာချာ စဉ်းစားပြီးမှဆုံးဖြတ်ခြင်းဖြစ်ပေသည်။



ဆင်းပီရဲ၏တာဝန်မှာ များပြားလှန်းသဖြင့် သူကိုယ်တိုင်ဆောင်ရွက်နိုင်စေရန် ဆင်းပီရဲကိုယ်စား ဝင်၍ အသေခံရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

တုလျှံဝေးကတော့ မည်သို့မျှအကြံမပေးပါ။ တစ်ဦးတစ်ယောက်ကိုယ်စား ဝင်၍အသေခံရန် တုလျှံဝေးအကြံပေးလိမ့်မည်မဟုတ်ပါ။

ငွေခါးချိန်ဖုံက သူ့အစီအစဉ်အား တုလျှံဝေးအားအသိပေးခြင်းသာ ဖြစ်ပါသည်။ တုလျှံဝေးသည် တားမြစ်ခြင်းလည်း မပြုပေ။

ငွေခါးချိန်ဖုံက ဆင်းပီရဲ သူ့အကြံကို လက်ခံမည်မဟုတ်ကြောင်း သိနေသည့်အတွက် အရက်တွင် ဆေးခတ်၍တိုက်ရန် စီစဉ်ခဲ့သည်။

သို့သော် ဆင်းပီရဲသည် လှန်စွာပါးနပ်သူဖြစ်၏။ ဆင်းပီရဲသည် သူ့အကြံကိုကြိုတင်သိနေခဲ့သည်။ ထို့ကြောင့်နွှက်ချင်းလဲခဲ့သဖြင့် သူသာ အိပ်ပျော်သွားခဲ့ရသည်။

ယခု သူနိုးလာချေပြီ။

ဆင်းပီရဲကတော့ စန့်ဝမ်မင်း တောင်ထိပ်ကို သွားလေတော့မည်။ သူသည် လူးလဲထလိုက်လေ၏။

တုလျှံဝေးအား ခေါင်းငိုက်စိုက်ချလျက်တွေ့ရသောအခါ ရင်ထဲ၌ လေးလံသွားရလေတော့၏။

ငွေခါးချိန်ဖုံက....

'ဆင်းပီရဲကော'

သူသည် အရေးတကြီး မေးလိုက်လေ၏။

တုလျှံဝေးသည် သက်ပြင်းချလိုက်သည်။ သူသည်တောင် ပေါ်မှအကြောင်းစုံကို ပြောပြလိုက်သည်။

'ကျုပ်တော့ မမြင်လိုက်ရပါဘူးဗျာ၊ ကယ်သွားတဲ့လူဟာ လျှပ်စစ်လိုမြန်တယ်လို့ ပြောကြတာပဲ'

'ဘယ်သူမှန်း ခင်ဗျားတို့ မသိလိုက်ကြဘူးပေါ့'

'မသိလိုက်ကြပါဘူးဗျာ၊ ကြေးရုပ်လူချီကုန်းက ဂိုဏ်းချုပ်ကြီးကို သတ်တော့မယ်ဗျ၊ ကျုပ်မကြည့်ရက်လို့ မျက်စိမှိတ်လိုက်တဲ့ အချိန်မှာ ဘယ်သွားတာဗျ၊ မျက်စိလဲဖွင့်လိုက်ရော ဂိုဏ်းချုပ်ကြီးလဲ ပျောက်သွားရော'

'အင်း....တော်သေးတာပေါ့ဗျာ'

'ကျုပ်တို့ ဂိုဏ်းချုပ်ကြီးကို လိုက်ရှာရအောင် ထဗျာ၊ ခင်ဗျားလဲ အဆင်သင့်လုပ်'

ချိန်ဖုံက စဉ်းစဉ်းစားစားပြောလေ၏။

'ဆင်းပီရဲကို အဲ့ဒီလူက ကယ်သွားပြီဆိုတော့ သူ့အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်စရာ လုံးဝမရှိတော့ပါဘူး၊ ကျုပ်တို့ လိုက်ရှာတာထက် ခြင်္သေ့နန်းတော်က ထိုင်စောင့်တာက ပိုကောင်းမယ်ဗျ၊ ခင်ဗျားလဲ ခြင်္သေ့နန်းတော်မှာ လုပ်စရာအလုပ်ကလေးတွေရှိမှာပေါ့'

တုလျှံဝေးသည် ချိန်ဖုံပြောသည်မှာ သဘာဝကျသည်ဟု စဉ်းစားမိ၏။ သူလည်း ခြင်္သေ့နန်းတော်၌ လုပ်စရာကိုင်စရာများ ရှိနေသည် မဟုတ်ပါလား။



'ကောင်းတယ်၊ ကျုပ်တို့ ဂိုဏ်းချုပ်ကြီးကို စောင့်မယ်၊ ကျုပ်တို့လက်ထဲမှာ ခေါင်းတလား ရောက်နေတယ်ဆိုတာ ဘယ်သူမှမသိကြဘူး။ ကျုပ်တို့ အဖြေရှာကြည့်ကြတာပေါ့'

## အခန်း(၁၅၃)

## ပစ္စည်းကိုပြန်တောင်းခြင်း

တောလမ်းအတိုင်း မြင်းလှည်းတစ်စီးသည် အရှိန်ပြင်း မောင်းနှင်လာလေ၏။ မြင်းသုံးစီးက မြင်းလှည်းအား ခြံရံ လိုက်ပါလာကြသည်။

သူတို့ကား မင်းသားလေးဟိုကျန်းနှင့် ကိုယ်ရံတော် သုံး ယောက်ပင် ဖြစ်ကြပါလေသည်။

ထိုအခိုက်လမ်းပေါ်သို့ သစ်ပင်ကြီးတစ်ပင်လဲကျ လာလေ ၏။ မြင်းများပဒပ်ရပ်လိုက်ကြ၏။ မြင်းအားလုံး လန့်ပြီး ရပ် ဓာန့်သွားကြသည်။

'ကျ....'



'ဝုန်း....'

မြင်းများနှင့်တစ်လံအကွာတွင် သစ်ပင်ကြီး ကျရောက်လာ လေ၏။

သွေးစွန်း၏ မြင်းသည် ရှေ့သို့တိုးထွက်လာပြီး....

'ဘယ်သူလဲ....အနောက်ဘက်တောင်တန်း သခင်မကိုဘယ် သူနှောင့်ယှက် သွားတာလဲ၊ သတ္တိရှိရင် ထွက်ခဲ့၊ ခိုးကြောင် ခိုးဝှက်မလုပ်ပါနဲ့'

သူမ၏အော်သံအဆုံးတွင် လူတစ်ယောက်၏ရယ်မောသံကို ကြားလိုက်ရတော့၏။

'ဟား....ဟား....ဟား'

ရယ်မောသံအဆုံးတွင် လူတစ်ယောက် ပေါ်လာသည်။ အလွန်တရာသန်မာထွားကျိုင်းသော လူကြီးပေတည်း။

ထိုလူက သွေးစွန်းကိုသေချာစွာကြည့်ပြီး....

'ကျုပ်ရဲ့ သခင်မကမှာလိုက်ပါတယ်၊ သူ့ရဲ့ပစ္စည်းကို ပြန် ပေးလိုက်ပါတဲ့'

သွေးစွန်မျက်မှောင်ကုတ်လိုက်၏။

'ရှင့်သခင်မက ဘယ်သူလဲ'

'ကျုပ် သခင်မကို ခင်ဗျားမသိဘူးလား'

'ကျွန်မတို့ဟာ လူတကာရဲ့ သခင်မတွေကို သိမနေနိုင်ဘူး ရှင့်....'

'ကောင်းပြီ....အနီရောင်ပျံ့လွှားပါ'

'ဩော်....အနီရောင်ပျံ့လွှားကိုး'

'မင်းတို့ ခိုးသွားတဲ့ပစ္စည်းကို ပြန်ပေးဖို့ မှာလိုက်တယ်'

သေနတ်စွန်ဒေါ်သထွက်သွား၏။
'ရှင်စကားပြောရင် ဆင်ခြင်ပြောပါ'
လူထွားကြီးက....
'ကျုပ်က ဘာမှဆင်ခြင်စရာမလိုပါဘူး၊ မင်းတို့ဟာ ကျုပ် ညခင်မဆီက ပစ္စည်းကို ခိုးယူ သွားတယ်၊ အဲဒါကြောင့် သခင်မဟာပြန်လိုချင်တယ်၊ အဲ့ဒါကို မင်းတို့ပြန်ပေး လိုက်ပါ၊ အဲဒီပစ္စည်းကိုပေးရင်ပေး၊ မပေးရင်မင်းတို့ရဲ့ဦးခေါင်းတွေကို ဖြတ်ယူသွားရမှာပဲ'

သေနတ်စွန်က မျက်နှာမဲ့လိုက်သည်။
'ရှင်ကဒီလောက် အစွမ်းရှိနေလို့လား'
'ကျုပ် အစွမ်းအစရှိမရှိ မင်းက သိချင်တယ်ပေါ့'
'လာစိန်ခေါ်တဲ့လူ ဆိုတော့ အစွမ်းနဲ့အစ ဘယ်လောက် ရှိသလဲဆိုတာသိချင်တာပဲ၊ အပြောနဲ့ အဟော ဘယ်လောက် ညီမလဲဆိုတာ ကျွန်မသိချင်တယ်'
'မင်းတို့ခေါင်း ဘယ်နှစ်လုံးရှိသလဲ'
'ရှင်အပိုတွေ ပြောမနေပါနဲ့'
'လူသုံးယောက်ဆိုတော့ ခေါင်းသုံးလုံးပေါ့၊ အေး.... မင်းတို့ခေါင်းကို ဖြတ်ယူသွားရမှာပဲ'
လူထွားကြီးသည် ဓားကိုဆွဲထုတ်လိုက်၏။
'ကျုပ် နောက်ဆုံးမေးမယ်၊ မင်းတို့ ခိုးယူသွားတဲ့ ပစ္စည်း ပြန်ပေးမှာလား၊ မပေးဘူးလား'
'ကျွန်မတို့ ဘာပစ္စည်းမှမယူတာ'
'မင်းတို့ကြောင်မလိမ်နဲ့'



'တကယ်ပြောတာ၊ အခုလောက်ပြောနေတာကိုပဲ ကျေး ဇူးတင်ဖို့ကောင်းနေပါပြီ'
'ကောင်းပြီ.... မင်း' ကျုပ်ဓားကိုကြည့်ပေတော့'
လူထွားကြီးသည် စကားဆုံးသည်နှင့် သေနတ်စွန်ဓားအား တင်တိုက်ခိုက်တော့၏။ လူထွားကြီးသည် ခန္ဓာကိုယ်ကြီးမား သဖြင့်လေးလံမည်ဟု ထင်ရပေသည်။
သို့သော်တကယ်ထမ်း တိုက်သောအခါတွင် ပေါ့ပါးသွက် လက်သည်ကို တွေ့ရသဖြင့် သေနတ်စွန်အံ့သြသွားလေ၏။
သေနတ်စွန်သည် မြင်းပေါ်မှမဆင်းဘဲ လူထွားကြီးကို ပြန် လှန်တိုက်ခိုက်သည်။ သေနတ်စွန်သည် ဓားသိုင်း ကျွမ်းကျင်လှ သည်။

'ခြွမ်း.... ခြွမ်း'

ဓားနှစ်လက်သည် ပြင်းထန်စွာထိတွေ့သွားကြ၏။ မီးပွင့် ကလေးများပင် ဖြာထွက်သွားသည်။
'အောင်မာ မင်းက ငါ့ကို ခုခံတယ်ပေါ့၊ 'မင်းတို့ သုံး ယောက်စလုံးရဲ့ ခေါင်းတွေကို ဖြတ်ယူပြီမယ်'
လူထွားကြီးသည် ပြောပြောဆိုဆိုသေနတ်စွန်အား ပြင်းထန် စွာ တိုက်ခိုက်လေတော့သည်။
မင်းသားလေးဟိုကျွန်းသည် တိုက်ပွဲကိုမြင်းလှည်းအတွင်းမှ လှမ်းကြည့်နေလေ၏။
'အင်း.... ဒီလူထွားကြီးဟာ အနီရောင်မျက်လွှားရဲ့ တပည့် ကိုး....'

သူသည် ခေါင်းတဆတ်ဆတ် ညိတ်ရင်း လူတွားကြီး၏ စွပ်စွဲချက်ကို ပြန်လှန်စဉ်းစားနေရတော့၏။

သည်အနီရောင်ပျံလွှား၏စွပ်စွဲချက်ကို ပြန်လှန်စဉ်းစား၍ မရအောင်ဖြစ်နေသည်။

✯

## အခန်း(၁၅၄)

'ငါ...သူ့ဆီက ဘာပစ္စည်း ခိုးသလဲ၊ ပစ္စည်းခိုးတာလဲမရှိဘူး၊ ပစ္စည်းမှာတာလဲမရှိဘူး၊ ငါ သူ့ဆီက ပစ္စည်း ဝယ်မယ်လို့ ပြောထားတာပဲ၊ သူကဘာဖြစ်လို့အကြောင်းမဲ့ လာစွပ်စွဲရတာလဲ'

သူသည် တွေးရင်းတွေးရင်းဖြင့် ဒေါသ ထွက်လာလေသည်။

'ဒါ...သက်သက်မဲ့ ငါ့ကို စော်ကားတာပဲ၊ သူ့ဘာသာဘာတွေမဟုတ်တာ၁ လုပ်မှန်းမသိတဲ့ဥစ္စာ....ငါ့ကို လာ စွပ်စွဲတယ်'

သူသည် ဒေါသထွက်သွားသဖြင့် အော်ခေါ်လိုက်၏။

'အဆိပ်စွန်...ခားစွန်'

'ကျွန်မတို့ အဆင်သင့် ရှိနေပါတယ်၊ မင်းသားလေး အမိန့်ရှိပါ'

'မင်းသားလေးဟိုကျန်းက လူထွားကြီးအား လက်ညှိုးထိုး လိုက်၏။

'သူ့ကို ရှင်းပစ်လိုက်'

'ဟုတ်ကဲ့...မင်းသားလေး'

အဆိပ်စွန်နှင့် ခားစွန်တို့သည် မြင်းကိုချက်ချင်းပင် တိုက်ပွဲ ရှိရာကို ဦးတည်လိုက်လေတော့၏။

မြင်းများသည် လူထွားကြီးနှင့် သေွးစွန် တိုက်ပွဲဖြစ်ပွား ရာသို့ တိုးဝင်သွားလေ၏။

'ရှမ်း....'

'ရှမ်း....'

ခားစွန်နှင့် အဆိပ်စွန်တို့သည် သူတို့၏ခားများကိုဆွဲထုတ် လိုက်ကြသည်။

ထို့နောက်တစ်ပြိုင်နက်ပိုက်ခိုက်ကြတော့သည်။ လူထွား ကြီးသည် မြင်းသုံးကောင်အလယ် ကျရောက်သွားပြီး ညှပ်ပူး ညှပ်ပိတ်အတိုက်ခံရလေတော့၏။

လူထွားကြီးသည် သွေးစွန်နှင့် တိုက်နေရာ အခြေအနေ ကောင်းနေသလောက် ခားစွန်နှင့် အဆိပ်စွန်တို့ ဝင်လာကြ သောအခါ တစ်ခဏအတွင်း အခြေအနေဆိုးဝါး သွားလေ တော့၏။



သူသည်အပြင်းထန်ဆုံးနှင့် အကောင်းဆုံး ကြိုးစား ခုခံရ ပါ၏။ သို့သော် ခားစွန် အဆိပ်စွန်နှင့် သွေးစွန်တို့၏ သုံး ယောက်ပေါင်းတိုက်ချက်ကိုမူ မခုခံနိုင်ပါချေ။

ပိုစိုးသည်မှာ မြင်းသုံးကောင်၏ အလယ်သို့ ကျရောက် ခြင်းပေယည်း။

သွေးစွန်က အေးစက်စက်ရယ်ပြီး....

'ရှင့်ခေါင်းကို ဖြတ်ပြီး ကျွန်မတို့က အရှင် သခင်မဆီ အရောက် ပို့ရတော့မှာပဲ၊ အလကား လေလုံးကြီးတဲ့ အတ္တ ဘောကြီး'

လူထွားကြီးသည် စကားမျှ ပြန်မပြောနိုင်တော့ပေ။ သူ့ကိုယ် သူ မထိခိုက်အောင်သာ တရကြမ်း ကြိုးစား နေရလေတော့ သည်။

စွန်သုံးကောင်က အကွက် စေ့စေ့ဖြင့် တိုက်ခိုက်သော အခါ လူထွားကြီးမှာ ချွေးပြန်နေရတော့သည်။

သွေးစွန်သည် လူထွားကြီး၏ ဦးခေါင်းကို လှမ်းခုတ်လိုက် သည်။

'ဂွိ....'

လူထွားကြီးမှာဇက်ပုပြီးရှောင်လိုက်ရတော့သည်။ တဆက် တည်းဝင်လာသော ခားစွန်၏ ခားချက်ကိုလည်း ခုခံလိုက် ရသည်။

အဆိပ်စွန်က ခားဖြင့်လှမ်းထိုးသောအခါ ဘယ်ဘက်သို့ ခြေတစ်လှမ်းတိုး ရှောင်တိမ်းပေးရသည်။

သူ့ခမြာ တိုက်စစ်ဆင်နိုင်ခြင်း လုံးဝမရှိတော့ဘဲခံစစ်သာ ကစားနေရတော့သည်။ မကြာမီ သူ့ဦးခေါင်းသည် သူ့သခင်မထံသို့ ပြန်လည်ရောက်ရှိပေတော့မည်။

ထိုစဉ်....

'ငါလာပြီဟေ့'

အော်သံတစ်သံ ကြားလိုက်ရပြီး ' အနီရောင် လူရိပ်သည် တိုက်ပွဲများအကြားသို့ ခုန်ပျံရောက်ရှိလာလေ၏။

ဓားရောင်သည် ဝင်းလက်သွားလေ၏။

သွေးစွန်းမှာ ထိတ်လန့်သွားပြီး မြင်းပေါ်မှကျွမ်းပစ်ထွက် လိုက်ရသည်။

ဓားချက်မှာ လွန်စွာမှန်လှသည်။ သွေးစွန်းသာ ထိုသို့ မရှောင်တိမ်းဘဲနေမိပါက အနီရောင်၏ ဓားချက်သည်သူမ ကိုယ်ပေါ်သို့ ကျိန်းသေကျရောက်လာမည်ဖြစ်သည်။

ယခုတော့ ဓားချက်သည် မြင်းကြီးပေါ်သို့သာကျရောက် သွားလေ၏။

'ဟီး....ဟီး....ဟီး'

မြင်းကြီးမှာ နာကျင်စွာအော်ဟစ်ပြီး လဲကျသေဆုံးသွား လေ၏။

အနီရောင်အရိပ်သည် ဆက်တိုက်ပင်ဓားစွန်နှင့် အဆိပ်စွန် တို့ကိုဆက်လက်တိုက်ခိုက်လေ၏။ သူ့တိုက်ခိုက်မှုမှာ လွန်စွာ ပြင်းထန်လေ၏။

ဓားစွန်နှင့်အဆိပ်စွန်တို့မှာ အနီရောင်အရိပ်၏တိုက်ခိုက်မှု ကိုရင်မဆိုင်ဝံ့ပါချေ။ နောက်သို့ ဆုတ်ခွာပေးကြရ ပါသည်။



လူထွားကြီးသည် ထိုအခါမှ သက်သာရာရသွား၏။ အနီရောင်ပျံလွှားသာရောက်ရှိမလာပါက လူထွားကြီးသည် မုချ သေဆုံးရမည်ဖြစ်ပါသည်။

ယခုတော့ သူသည် အနီရောင်ပျံလွှား၏နောက်နားတွင် ရပ်ပြီး စွန်သုံးကောင်ကို စူးရှစွာ ကြည့်နေပါသည်။

★

## အခန်း(၁၅)

မင်းသားလေးဟိုကျန်းသည် မြင်းလှည်းတံခါးကို ဖွင့်လိုက်၏။ ဆင်စွယ်ယပ်တောင်ကိုဖွင့်ကာ ယပ်တောင်ကိုခတ်ရင်းမြင်းရထားပေါ်မှဆင်းသက်လာလေ၏။

သူသည် ယခင်ယေ်စဉ်ကတည်းက ထိုသို့ ဟန်နှင့်ပန်နှင့်နေလာသူဖြစ်ရာ ယခု သူဆင်းလာရာ၌ ဟန်ပန် လုပ်စရာမလိုတော့ချေ။

'အနီရောင်ပျံလွှားပါလား'

'ဟုတ်တယ်'

'ခင်ဗျား လုပ်ပုံက ကြည့်စမ်းပါဦး'



'ခင်ဗျား.... ကျုပ် ကိုယ်ရံတော်တွေကို အနိုင်ကျင့်တာကောင်းသလားဗျ'

အနီရောင်ပျံလွှားက ရယ်မောလိုက်၏။

'ဟိုကျန်း....မင်းရဲ့ မိခင်မျက်နှာကို ထောက်ထားပြီးမင်းကို ချမ်းသာပေးလိုက်မယ်၊ မင်း ငါ့ဆီက မလိမ့်တပတ် ယူထားတဲ့ ရွှေသော့ကို ပြန်ပေးပါ'

ဟိုကျန်းမျက်မှောင်ကုတ်သွားသည်။

'ခင်ဗျား ဘာ့ပြောတာလဲ'

အနီရောင်ပျံလွှားက နှာခေါင်းရှုံ့လိုက်၏။

'မင်း ငါ့ဆီလာပြီး လိပ်ညာယူသွားတဲ့ ရွှေသော့လေ၊ မင်းက ငါ့ကိုတစ်ပတ်ရိုက်ပြီး ယူသွားပေမယ့် မင်းငါ့လက်က လွတ်နိုင်ပါ့မလား'၊

ဟိုကျန်း သိလိုက်လေပြီ။ အနီရောင်ပျံလွှားထံမှ တစ်စုံတစ်ယောက်သည် ရွှေသော့ကို သူ့အယောင်ဆောင်လျက် ယူသွားကြောင်း သိလိုက်လေပြီ။

သူ့ထံမှ ကောင်းကင်ဓားလည်း ဤနည်းဖြင့် ပါသွားသည် မဟုတ်ပါလား၊ ဟိုကျန်းသည် တစ်ပက်ရိုက်သွားသူကို အံကြိတ်လိုက်၏။

သို့သော် အံကြိတ်ခြင်းမှတစ်ပါး သူဘာမျှမလုပ်နိုင်ပါ၊ ထိုသူကို မတွေ့ရမမြင်ရ ဖြစ်နေသည်မဟုတ်ပါလား။

မင်းသားလေးဟိုကျန်းက ခေါက်ယပ်တောင်ကိုသိမ်းပြီး အနီရောင်ပျံလွှားအား ဂါရဝပြုလိုက်သည်။

'ခင်ဗျား အထင်လွဲနေပါပြီ'

အနီရောင်ပျံလွှားက နှာခေါင်းရှုံ့လိုက်၏။

'မင်းက ဘာလိမ်မလို့လဲ၊ ငါကအထင်လွဲရအောင် မင်းကိုယ်တိုင်လာတာ မဟုတ်ဘူးလား၊ ငါ့ရဲ့ရွှေသော့ကို အစစ်နဲ့အတုလဲသွားတာ မင်းမဟုတ်ဘူးလား၊ ငါ ငှေ့သေတ္တာကိုကြည့်နေတုန်း မင်းဟာ ရွှေသော့ကို အတုနဲ့လဲသွားခဲ့တယ်၊ ကဲ....ငါ့ရွှေသော့ကို ပြန်ပေးမလား၊ မပေးဘူးလား'

မင်းသားလေးဟိုကျန်းက....

'ကျုပ် ရှင်းပြပါရစေဦးဗျာ၊ ကျုပ်ရှင်းပြပါရစေဦး'

အနီရောင်ပျံလွှားက လက်ကာပြလိုက်၏။

'မင်းပေးမလား၊ မပေးဘူးလား တစ်ခွန်းပဲပြော'

မင်းသားလေးဟိုကျန်းက....

'ကျုပ်ရှင်းပြတာကို ခဏနားထောင်ပါဦး'

'မင်းငါ့သိက လိမ်သွားတဲ့ကိစ္စကို မင်းကပြန်ရှင်းဦးမယ်ဆိုတော့ ပိုရှုပ်မကုန်ပေဘူးလား'

'ရှင်းပြစရာရှိတာတော့ ရှင်းပြရမှာပေါ့၊ ခင်ဗျား နားထောင်ပါ'

'ငါက မင်းမိခင်မျက်နှာနဲ့ ဒီလောက် ပျော့ပျော့ပျောင်းပျောင်း စကားပြောနေတာကို မင်းနားလည်သင့်တယ်၊ ငါက ငါ့ပစ္စည်းပြန်ရရင် ပြီးရော၊ ဘယ်သူမှပြဿနာ လုပ်မနေဘူး၊ ငါ့ပစ္စည်းပြန်ရရင် မင်းကိုအပြစ်ကာခွင့်လွှတ်မယ်၊ ဒီလိုမှမဟုတ်ရင်တော့ မင်းကိုဆုံးမရမယ်'

မင်းသားလေးဟိုကျန်းသည် ထိုစကားကိုကြားသောအခါ ဒေါသထွက်သွားလေတော့၏။



'ခင်ဗျားဆုံးမချင်တိုင်း ဆုံးမလို့ရမလား'

အနီရောင်ပျံလွှားက....

'မင်းပေးမလား၊ မပေးဘူးလား။ ဒါပဲပြော'

'မပေးဘူး'

မင်းသားလေး ဟိုကျန်းသည် အနီရောင်ပျံလွှားက သူ့ရှင်းပြချက်များကို လက်မခံတော့သဖြင့် မထူးတော့ဘူးဟု ဆိုကာ မပေးဘူးဟု ပြောချလိုက်သည်။

ထိုစကားအရ သူယူသွားသည့် သဘောသို့ သက်ရောက်သွားတော့သည်။

အနီရောင်ပျံလွှားလည်း ဒေါသအမျက် ခြောင်းခြောင်းထွက်သွားလေတော့သည်၊

'ကောင်းပြီ၊ မင်းတို့ အနောက်ဘက် တောင်တန်းက ဘယ်လောက် ပညာတတ်သလဲဆိုတာ ကြည့်ရသေးတာပေါ့'

သူမသည် စကားဆုံးသည်နှင့် ခားကိုဆွဲထုတ်လိုက်၏။

စောစောက ကိုယ်ရံတော်သုံးယောက်အား တိုက်ခိုက်စဉ်က ခားနှင့်တိုက်ခိုက်ခြင်း ဖြစ်သော်လည်း ထိုခားကိုခားအိမ်ထဲ ပြန်ထည့်ပြီးနေလေပြီ။

ယခုတစ်ဖန် မင်းသားလေးဟိုကျန်းနှင့် တိုက်ခိုက်ရန်ဖြန့်လာသောအခါ သူသည် ခားကိုပြန်ဆွဲထုတ်လိုက်ရခြင်း ဖြစ်သည်။

'ရှမ်း....'

သူမသည် ခေါးကိုငှေ့ယမ်းကာ တိုက်ခိုက်လေတော့၏။ မင်းသားလေး ပိုကျန်းသည် အနီရောင်ပျံလွှားကို အတင် မသေးဝံ့ပါ။

အခန်း(၁၅၆)

အခြားသူများကို လက်နက်မဲ့ ပြန်လှန်တိုက်ခိုက်မိမည် ဖြစ်သော်လည်း အနီရောင်ပျံလွှားကိုမူ လက်နက်မဲ့ မတိုက်ခိုက်နိုင်ပါ။ သူ၏ခေါးကိုဆွဲထုတ်ပြီး ခုခံတိုက်ခိုက်ပါသည်။

'ခြွမ်း....'

ခေါးခေါးချင်း ထိတွေ့သွားသောအခါ မီးပွင့်ကလေးများ ဖြာထွက်သွားလေ၏။ သိုင်းကွက်တစ်ကွက်တည်းဖြင့်ပင် တစ်ယောက်၏သိုင်းပညာကို တစ်ယောက် နားလည်မိလိုက်ကြသည်။

'အင်း....ဟိုကျန်းရဲ့သိုင်းပညာက မဆိုးပါလား'

မင်းသား လေးဟိုကျန်းသည် အနေ့ကဘက်တောင်တန်းသခင်မ၏ သိုင်းပညာအမွေကို ကောင်းစွာရထားသူ ဖြစ်သည်။

ထို့ကြောင့် ဟိုကျန်းအား အသင်သေး၍ မရပါ။ အထင်သေးလိုက်သည်နှင့် တစ်ပြိုင်နက် ဇီဝိန်ကြွေသွားမည် ဖြစ်ပါလည်း

ထို့အတူ အနီရောင်ပျံလွှားၕ် ပညာမှာလည်း ယက္ခမယ်တော်ထက် သာလွန်ကြောင်း ဟိုကျန်းသိသည်။ ယက္ခမယ်တော်ကို သူအနိုင်တိုက်နိုင်သည်မှာ ကောင်းကင်ဓား၏အစွမ်းကြောင့် ဖြစ်သည်။

ယခု သူ့၌ ကောင်းကင်ဓား မရှိတော့ပေ။ ထို့ကြောင့် ဟိုကျန်းမှာ ရင်ထိတ်သွားရတော့သည်။

'တောက်...'

သူသည် သူ့လက်ထဲမှ ကောင်းကင်ဓား မလိမ့်တစ်ပတ်ယူသွားသူကို ရေရွတ်ကျိန်ဆဲလိုက်မိ၏။

အဘယ့်ကြောင့်ဆိုသော် ကောင်းကင်ဓားသာ ရှိလျှင် သူသည် အနီရောင်ပျံလွှားကို အနိုင်ယူနိုင်သည်မဟုတ်ပါလော၊ ယခုတော့ ကိုယ်ရံတော်သုံးဦးနှင့်အတူ အပြင်းအထန် တိုက်ခိုက်ရပေတော့မည်။

သူသည် စဉ် စားလိုက်၏။ အနီရောင်ပျံလွှားနှင့်တိုက်ခိုက်လျှင် သိုင်းကွက်သုံးရာအတွင်း အနိုင်ယူနိုင်မည် ဖြစ်ပါသလော။ သူသည် ခေါင်းယမ်းလိုက်သည်။



သိုင်းကွက်သုံးရာအတွင်း မည်သို့မျှ အနိုင်မရနိုင်ပါ။

အနီရောင်ပျံလွှားသည် ဓားချက်သုံးချက်တိတိ ထိုးခုတ်တိုက်ခိုက်လိုက်သည်။ သူ၏ဓားချက်တိုင်းသည် ပြင်းထန်ပြီး ရက်စက်လှ၏။

ဟိုကျန်းကလည်း လျင်မြန်စွာ မတိုက်ခိုက်နိုင်ချေ၊ တစ်ကွက်ချင်း ပြန်ခုခံသည်။

အနီရောင်ပျံလွှားသည် ဟိုကျန်းအား မည်သို့တိုက်ခိုက်ရမည်ကို ကောင်းစွာသဘောပေါက်နားလည်သည်၊ သူသည် သိုင်းလောက၌ ကျင်လည်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ မဟုတ်ပါလော။

ဟိုကျန်း၏ဓားပညာနှင့် သူမ၏ဓားပညာမှာ အဆင့်သိပ်မကွာချေ။ သို့သော် အတွင်းအားပညာတွင်မူ သူက ဟိုကျန်းထက် များစွာသာလွန်နေ၏။ သူ့အား အတွင်းအားဖြင့် အနိုင်ယူရပေမည်။

ထို့ကြောင့် အနီရောင်ပျံလွှားသည် အတွင်းအားကို အပြည့်အဝ အသုံးချကာ ဟိုကျန်းအား တိုက်ခိုက်ခဲ့သည်။

ဟိုကျန်းမှာ အနီရောင်ပျံလွှား၏ ပြင်းထန်သော ဓားချက်များကို ရင်ဆိုင်မခုခံနိုင်တော့ပါ။

သူသည်ခါးဓားချင်း မထိခိုက်ရအောင် ရှောင်တိမ်းပြီး လှည့်ပတ်တိုက်ခိုက်တော့၏။ အနီရောင်ပျံလွှား၏ ဓားချက်များကို ရှောင်တိမ်းရသည်မှာ မလွယ်ပ။

သိုင်းကွက်သုံးဆယ်ခန့်ရောက်သောအခါတွင် ဟိုကျန်းမှာ ခံစစ်အနေအထားသို့ဆိုက်ရောက်သွားပါ၏။

ဘောမှုရပ်ကြည့်နေသော သေွးစွန်နှင့် အဆိပ်စွန် တို့က မင်းသားလေး ပြေးလွှားရှောင်တိမ်းနေရသည်ကို ကြည့်မနေနိုင်တော့ပါ။

အနီရောင်ပျံလွှားအား ဝင်ရောက် တိုက်ခိုက်ကြ တော့သည်။

'တစ်ယောက်ချင်းတိုက်နေတာ မင်းတို့က ဝင်ကူသလား'

အနီရောင်ပျံလွှား၏တပည့် လူထွားကြီး ဆင်းလူကလည်း သည်အတိုင်းကြည့်မနေနိုင်တော့ပေ။

တိုက်ပွဲအတွင်း ခုန်ဝင်လာပါသည်။ ထိုအခါ ခေါ်းစွန်က လည်းလူထွားကြီးအား ဝင်တိုက်တော့သည်။

အလွန်ပြင်းထန်သည့် တိုက်ပွဲတစ်ပွဲသည်ဖြစ်ပေါ်လာလေ တော့သည်။

အနီရောင်ပျံလွှားနှင့် ဟိုကျန်း၊ သွေးစွန်တို့က တစ်တွဲ၊ ဆင်းလူနှင့် ခေါ်းစွန်၊ အဆိပ်စွန်တို့က တစ်တွဲ တိုက်ခိုက်နေကြ တော့၏။

တိုက်ပွဲသည်ညီသယောင်ဖြစ်သွားသည်။

အနီရောင်ပျံလွှားသည် အတွင်းအားထုတ်၍တိုက်ခိုက်နေ ရပါသည်။ မတိုက်၍မရပါ။ နှစ်ယောက်တစ်ယောက် ဖြစ်နေ သည် မဟုတ်ပါလော။

အနီရောင်ပျံလွှား၏ ပြင်းထန်သောခေါ်းချက်တို့သည် ဟို ကျန်းနှင့် သွေးစွန်တို့အား / လွှမ်းခြုံထားလေ၏။



မင်းသားလေး ဟိုကျန်းနှင့် သွေးစွန်တို့သည် အနီရောင် ပျံလွှား၏ ခေါ်းချက်များကိုထိပ်တိုက်မခုခံမိအောင်သတိထား နေရသည်။

## အခန်း(၁၅၇)

ထိပ်တိုက် ခုခံမိသည်နှင့် သူတို့ဓားများ လွတ်ကျ သွားမတတ် လက်မောင်းများထုံ ကျင် သွားရပါသည်။

သို့သော်အနီရောင်ပျံ လွှားသည် သူတို့နှစ်ဦးအား ဒဏ်ရာရအောင်လည်း မတိုက်ခိုက်ပါ။ အချိန်ကြာမြင့်သော အခါ အနီရောင်ပျံ လွှားမှာ ရင်ထိတ်လာရတော့သည်။

အဘယ့်ကြောင့်ဆိုသော် သူ၏အတွင်းအားများသည် ကုန်ခမ်းလာနေသောကြောင့်တည်း။

သူသည်အတွင်းအားကို တရစပ်အသုံးပြုကာ တိုက်ခိုက်နေရသဖြင့် တစ်စတစ်စမောဟိုက်လာလေ၏။



ခွန်အားများလည်း ယုတ်လျော့လာနေသည်။ဤသည်ကို သူမခံစားသိရှိနေရသည်။

ဤအတိုင်းရေရှည် ဆက်လက်တိုက်ခိုက်နေပါက သူမ ရှုံးနိမ့် သွားနိုင်ကြောင်း သူမ နားလည်လိုက်သည်၊ သူမသည် နောက်ဆုတ်ရန်စဉ်းစားလိုက်၏၊

သို့သော် လူထွားကြီးဆင်းလူကို သူမ သတိရသွားသည်။ ဆင်းလူလည်းတိုက်ပွဲဝင်နေသည်မဟုတ်ပါလော၊

သူမသည်ဆင်းလူကိုသတိရလိုက်သည်နှင့် ဆင်းလူကိုလှည့်ကြည့်လိုက်၏။

ထိုအချိန်တွင်ဆင်းလူ၏ နာနာကျင်ကျင်အော်သံကို ကြားလိုက်ရတော့သည်၊ အနီရောင်ပျံလွှားသည် တိုက်ပွဲ စည်းအတွင်းမှ ခုန်ထွက်လိုက်လေ၏။

အနီရောင်ပျံ လွှားသည် မျက်နှာ ပျက်သွား၏၊

သူမသည် လဲကျနေသောဆင်းလူအား ပြေးပွေ့လိုက်၏။ သူမ၏တပည့်မှာ အသက်မရှိတော့ပါ။

'ဆင်းလူ... ဆင်းလူ'

အနီရောင်ပျံ လွှားသည် သူတပည့်ကြီးကို လှုပ်၍ ခေါ်လိုက်၏။ ဆင်းလူမှာ မကြားနိုင်တော့ချေ။သူမသည် ဆင်းလူအားပွေ့ချီလိုက်လေ၏။

သူမသည် မင်းသားလေး ဟိုကျန်းအား မီးတောက်နေသော မျက်လုံးများဖြင့် ကြည့်လိုက်၏။

'ဟိုကျန်း....မင်း သတိထားနေပါ၊ တစ်နေ့မှာ ငါဟာ အနောက်ဘက်တောင်တန်းကို အရောက်လာခဲ့မယ်၊ ရှေ့သော့

အတွက်အကြေးကော၊ ဆင်းလှူအတွက်အကြွေးကော နှစ်ထပ်ကွမ်းအကြွေးလာတောင်းမယ်'

သူမသည် ဆစ်းလူ၏ အသက်ကင်းမဲ့နေသော ခန္ဓာကိုယ်ကြီးအားပွေ့ချီပြီးချာခနဲ လှည့်ထွက်သွားလေ၏။

ထိုအခါ အဆိပ်စွန်က ဟန့်တားရန်ပြုလိုက်သည်။

'သွားပါစေ'

မင်းသားလေး ဟိုကျန်းက အဆိပ်စွန်အား လှမ်းတားလိုက်လေသည်။

အဆိပ်စွန်သည် မင်းသားလေး ဟိုကျန်းအား အံ့သြစွာကြည့်လိုက်သည်။

အနီရောင်ပျံလွှားသည် သူတို့၏မျက်စိရှေ့မှောက်မှ မကြာမီပျောက်ကွယ်သွားလေတော့၏။

အဆိပ်စွန်က....

'မင်းသားလေး၊ အနီရောင်ပျံလွှားရဲ့အစွမ်းကို သိတယ်မဟုတ်လား၊ တစ်ယောက်ချင်းဆိုရင် မင်းသားလေး သူ့ကို မနိုင်ပါဘူး၊ သူဟာ တစ်နေ့မှာ မင်းသားလေးကိုကြီးမားတဲ့အန္တရာယ်ပေးလိမ့်မယ်၊ အခုဟာက အခွင့်အရေးပဲ၊ ကျွန်မတို့သာနေကြပြီး အခွင့်လာတုန်း သူ့ကိုရှင်းပစ်လိုက်ကာကောင်းပါတယ်'

မင်းသားလေးဟိုကျန်းက....

'ဒါကို ငါသိပါတယ်'



မင်းသားလေးဟိုကျန်းသည် အနီရောင်ပျံလွှားထွက်သွားသည့်ဘက်သို့ ငေးမျှော်ကြည့်နေလေ၏၊ ထို့နောက် ဖြည်းညင်းစွာ ဆက်လက်ပြောသည်။

'သူ့ကိုအပြစ်မပြောသင့်ဘူး၊ သူဟာ ငါ့ကိုနာကြည်းမှာအမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ လိမ်သွားတဲ့အကောင်က ငါ့အယောင်ဆောင်ပြီး သူ့ကိုလိမ်သွားတာကိုး၊ ဒီတော့ သူ့စိတ်ထဲမှာ လိမ်သွားတဲ့လူဟာ ငါပဲလို့ ထင်နေတော့တာပေါ့၊ ငါ့ဆီက ကောင်းကင်ဓားယူသွားတဲ့ကောင်ဟာ သူ့ဆီကရွှေသော့ကိုလဲ မလိမ့်တစ်ပတ်လုယူသွားတယ်၊ ဒီတော့ သူဟာ ငါ့ကိုပဲနာကြည်းနေတယ်၊ သူ့မှာ အပြစ်မရှိပါဘူး။ ဒါကြောင့် မင်းကို ငါတားတာပေါ့'

အဆိပ်စွန်က....

'အဲဒီလူဟာ ဘယ်သူလဲ မင်းသားလေး'

ဟိုကျန်း၏မျက်လုံးတွင် နာကြည်းသောအရိပ်အယောင်များ ပေါ်ထွက်လာလေ၏။

'အဲ့ဒီလူဘယ်သူလဲဆိုတာ ငါသိရင်အဲ့ဒီလူသေပြီ'

သူ့အသံမှာ အေးစက်နေလေ၏။

'ကဲ....ငါတို့လဲ နောက်ပြန်လှည့်မှပဲ၊ ကဲ....မြင်းလှည်းကိုနောက်ပြန်လှည့်ပေတော့'

သေးစွန်က....

'မင်းသားလေး၊ အနောက်တောင်ကုန်းဘက်ကို မပြန်တော့ဘူးလား'

ဟိုကျန်းက ယတိပြတ် ပြောလေ၏။

'ကောင်းကင်မားနဲ့ ရွှေသော့ကို ရအောင် ပြန်ယူပြီးမှ အနောက် တောင်တန်းကို ပြန်မယ်'

အားလုံးသည် နောက်သို့ ပြန်လှည့်ကြလေတော့၏။

★

## အခန်း(၁၅၈)

တုလျှ ဝေးသည် သက်ပြင်းတစ်ချက် ချလိုက်၏။

'ဟင်း....'

ထို့နောက် သူသည် အညောင်းဆန့်လိုက်သည်။ ထိုအခါ ချိုးချိုးချွတ်ချွတ် အသံများမြည်လာတော့သည်။

သူသည် ထရပ်ပြီး ဟိုဟိုသည်သည် စကြံလျှောက်လိုက်၏။ သူသည် အကြီးအကျယ် ဦးနှောက်ခြောက်နေသည်။

ဌာနချုပ်ကို ပြန်ရောက်ပြီးနောက်သုံးရက်လုံးလုံး ကောင်းကင်မား၏ လျှို့ဝှက်ချက်ကို ရှာဖွေခဲ့သည်။ မည်သည့်လျှို့ဝှက်ချက်မျှ မတွေ့ရပါချေ။

တုလျှံဝေးသည် ဟိုဟိုသည်သည်လျှောက်ပြီး ငွေခားချိန်ဖုံအား ကြည့်လိုက်၏။

ချိန်ဖုံသည်လည်း ပိုသီပတ်သီ ဖြစ်နေသည်။ ဆံပင်များ ရှုပ်ပွနေသည်။ သုံးရက်တိတိ ဒုံပ်ရေးပျက်သဖြင့်မျက်နှာကြီး ယောက်ပက်ပြစ်နေသည်။

သူတို့နှစ်ယောက်သည် ကောင်းကင်ခား၏ လျှို့ဝှက်ချက်ကို နေ့မအား ညမအား ရှာဖွေခဲ့သော်လည်း လျှို့ဝှက်ချက်ကို လုံးဝမတွေ့ရှိကြချေ။ ထို့ကြောင့် နှစ်ယောက်စလုံးစိတ်ဓာတ် အကြီးအကျယ် ကျနေကြ၏။

တုလျှံဝေးက....

'ချိန်ဖုံ....ခင်ဗျားလဲ မတွေ့ဘူး မဟုတ်လား'

ချိန်ဖုံက ခေါင်းခါယမ်းလိုက်သည်။

'မတွေ့ပါဘူးဗျာ၊ ကောင်းကင်ခားမှာ လျှို့ဝှက်ချက်ရှိနေတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လားမသိဘူး'

တုလျှံဝေးက....

'မရှိတော့ မဟုတ်ဘူးဗျ'

'ရှိရင်တွေ့ရမှာပေါ့ဗျ၊ ကျုပ်တို့လဲ အမျိုးမျိုးစမ်းသပ်ကြည့်ရှုနေတာပဲ'

'အေးဗျာ....ကျုပ်တို့လဲ ဥာဏ်မီသလောက် ဖော်ထုတ်နေတာပဲ၊ ဥာဏ်မမီဘူးလားမသိဘူး၊ လျှို့ဝှက်ချက်ကတော့ ရှိကိုရှိနေတယ်ဗျ၊ ကျုပ်တို့မဖော်ထုတ်နိုင်လို့သာပါ'

ချိန်ဖုံသည် ခေါင်းယမ်းလိုက်လေ၏။



'ကျုပ်တို့ ဒီလောက်ညံ့တဲ့လူတွေ မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့ အခု စိတ်ရှည် လက်ရှည်ရှာနေတာပဲ၊ လျှို့ဝှက်ချက်ထည့်ခဲ့တဲ့လူ ဘယ်လောက်တော်သလဲ မသိဘူး၊ ခုထက်ထိကို ရှာမတွေ့ဘူး၊ ဒါပေမယ့် တစ်နေ့နေ့တော့ တွေ့ရမှာပေါ့ဗျာ'

တုလျှံဝေးက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ်တို့စိတ်ရှည်လက်ရှည်ထားနိုင်ဖို့ကအရေးအကြီးဆုံးပါပဲ၊ လျှို့ဝှက်ချက် ဖော်ထုတ်နိုင်တဲ့အထိပေါ့ဗျာ'

သူတို့သည် လျှို့ဝှက်သောပစ္စည်းများအားလျှို့ဝှက်သောနေရာ၌ သိမ်းဆည်းလျက် အိပ်လိုက်ကြသည်။ သို့သော် မည်သူမျှ အိပ်မပျော်ပါ။

ထိုစဉ် ချွတ်နင်းသံတစ်သံကို ကြားလိုက်ရ၏။

'ချွတ်....ချွတ်'

ငွေခားချိန်ဖုံနှင့်-တုလျှံဝေးတို့မှာ မအိပ်ကြသေးသဖြင့် ထိုအသံများကို ကြားကြသည်။

သူတို့ ခြေသံ့နန်းတော်၌ အစောင့်များများပြားစွာချထားသဖြင့် ဤလူ ထိုးဖောက်ဝင်ရောက်လာနိုင်ခြင်းကို အံ့ဩနေကြသည်။ သူတို့သည် ခားများကိုဆွဲယူပြီး တိတ်တဆိတ်ထလိုက်၏။

ချိန်ဖုန်နှင့် တုလျှံဝေးတို့သည် တစ်ဦးကိုတစ်ဦး အချက်ပြပြီး လူခွဲလိုက်ကြ၏။ ထို့နောက် ချွတ်နင်းလာသူကို လိုက်လံရှာဖွေကြတော့သည်။

တုလျှံဝေးက မီးထွန်းညှိလိုက်၏။

အခန်းထဲ၌ လင်းထိန်သွားသည်။

သူတို့သည် ဝတ်စုံနက် ဝတ်ဆင်ထားသူတစ်ယောက်အား တွေ့လိုက်ကြရ၏။

'မပြေးနဲ့'

ချိန်ဖုံက အော်လိုက်၏။

'ဟား....ဟား....ဟား'

ထိုဝတ်စုံနက် ဝတ်ဆင်ထားသူသည် ဖွင့်ထားသည့် ခြင်္သေ့နန်းတော်ပြတင်းပေါက်မှ ပေါ့ပါးစွာ ခုန်ချထွက်ပြေးသွားလေတော့၏။

သူ၏ကိုယ်ဖော့ပညာမှာ ကောင်းလှသဖြင့် တုလျှံဝေးနှင့် ချိန်ဖုံတို့မှာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေလိုက်ရတော့၏။

တုလျှံဝေးက....

'ကျုပ်တို့ခြင်္သေ့နန်းတော်ကို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်နေတဲ့လူတွေ ရှိနေပါကလား'

ချိန်ဖုံက....

'ကျုပ်စိတ်ထဲမှာထင်နေတယ်၊ ဒီလူဟာ ကောင်းကင်ဓားကို လာရှာတဲ့လူ ဖြစ်ရမယ်'

'အတပ်တော့ မပြောနိုင်ပါဘူးလေ၊ ကဲ....ကျုပ်တို့လဲ အိပ်ကြရအောင်'

ထိုစဉ် အချက်ပေးသံချောင်းခေါက်သံများ ဆူညံစွာထွက်ပေါ်လာလေ၏။

တုလျှံဝေးက....

'ဟော အချက်ပေးသံချောင်းခေါက်နေကြပြီ'



ချိန်ဖုံက ...

'ဘာသတော့လဲဗျ'

'ရန်သူရောက်လာတဲ့ သတော့ပဲ'

တုလျှံဝေးသည် အခန်းထဲမှ ပြေးထွက်သွားလေတော့၏။ ချိန်ဖုံလည်း ဓားဆွဲပြီး သူ့နောက်သို့ ပြေးလိုက်သွားလေသည်။

## အခန်း (၁၅၉)

### သေမည်လော၊ ရှင်မည်လော

ခြသေ့်နန်းတော်ဂိုဏ်းသားများသည် အဘိုးအိုတစ်ယောက်အား ဝန်းရံထားလေ၏။

အဘိုးအိုသည် ခေါင်းတစ်လုံးကို ထမ်းထားသည်။

တုလျှံဝေးသည် အဘိုးအိုအား တွေ့လိုက်ရသောအခါ အံ့အားသင့်သွားသည်။

သူသည် လက်နှစ်ဖက်ဆုပ်ပြီး ဦးညွှတ်ဂါရဝပြုလိုက်လေ၏။

'လေမီးခိုးပါလား'

သူသည် ဝိုင်းထားသည့် ခြသေ့်နန်းတော်ဂိုဏ်းသားများအား အမိန့်ပေးလိုက်၏။



'ဘာမှမလုပ်ကြနဲ့၊ သူဟာ ငါတို့ရဲ့မိတ်ဆွေပဲ၊ မင်းတို့တာဝန်ကျတဲ့ဆီ သွားစောင့်နေကြ၊ တော်ကြာ ရန်သူလာမှ ဒုက္ခရောက်နေပေးမယ်'

ခြသေ့်နန်းတော် ဂိုဏ်းသားများသည် ဖယ်ခွာသွားကြတော့၏။ သူတို့တာဝန်ကျနေရာ အသီးသီးသို့ ထွက်ခွာသွားကြလေ၏။

လေမီးခိုးက ချီးကျူးလိုက်၏။

'မင်းတို့ခြသေ့်နန်းတော်ကလူတွေ မဆိုးပါဘူး'

သူသည် ထမ်းယူလာသောခေါင်းကို အောက်သို့မှောက်ချလိုက်လေ၏။

တုလျှံဝေးက....

'ခင်ဗျားဟာ အကြောင်းမရှိဘဲနဲ့ မလာတတ်ပါဘူး၊ အခု ခြသေ့်နန်းတော်နဲ့ပတ်သက်တဲ့ ကိစ္စတစ်ခု ပါလာပြီနဲ့တူတယ်'

လေမီးခိုးက....

'မင်းတို့ခြသေ့်နန်းတော်နဲ့ အကြီးအကျယ် ပတ်သက်တာပေါ့ကွာ'

'ခင်ဗျားကိုတွေ့မှ သတိရတယ်၊ ဟိုနေ့က ကျုပ်တို့ဂိုဏ်းချုပ်ကြီးကို ကယ်သွားတဲ့လူဟာ သိပ်လျှင်မြန်တာပဲလို့ သိရတယ်၊ ခင်ဗျားဖြစ်ဖို့များတယ်၊ ဟုတ်ရဲ့လား'

လေမီးခိုးက ပြုံးလိုက်၏။

တုလျှံဝေးသည် လေမီးခိုး၏အပြုံးကို သဘောပေါက်သွား၏။ ဆင်းပိရဲကယ်တင်သူမှာ လေမီးခိုးသာဖြစ်ကြောင်း သိလိုက်သည်။

ထိုအခါ တုလျှံဝေးက အလောတကြီး မေးလိုက်လေတော့၏။

'ကျုပ်တို့ဂိုဏ်းချုပ်ကြီး ဆင်းပိရဲ ဘယ်မှာလဲ'

လေမီးခိုးက မေးငေါ့ပြလိုက်သည်။ သူမေးငေါ့ပြလိုက်သည့်အရာမှာ သူ့ရှေ့၌ချထားသည့် ခေါင်းကြီးကိုတည်း။

တုလျှံဝေးမှာ အကြီးအကျယ် မျက်နှာပျက်သွားတော့၏၊ သူသည် ဒူးထောက်ထိုင်ပြီး ခေါင်းအဖုံးကို ဖွင့်လိုက်သည်၊ အထဲတွင် ဆန့်ဆန့်ကြီးလဲလျောင်းနေသော ဆင်းပိရဲကို တွေ့မြင်လိုက်ရသတည်း။

တုလျှံဝေးမှာ မျက်ရည်များပင် စီးကျလာတော့သည်၊ ချိန်ဖုံလည်း အကြီးအကျယ် စိတ်ထိခိုက်သွားလေ၏။

တုလျှံဝေးက....

'ဂိုဏ်းချုပ်ကြီး....သေ....သေပြီ....ဟုတ်လား'

လေမီးခိုးက....

'သူ သေတော့ မသေသေးပါဘူး'

'ကျုပ်စိတ်ချမ်းသာအောင် ပြောလိုက်တဲ့စကားဆိုတာ ကျုပ်သိပါတယ်'

တုလျှံဝေးသည် လေမီးခိုး၏စကားကို မယုံပါ၊ ဆင်းပိရဲသည် အိပ်ပျော်သကဲ့သို့ လဲလျောင်းနေသော်လည်း သေဆုံးနေပြီဖြစ်ကြောင်း သူသိပါသည်။



လေမီးခိုးက သက်ပြင်းချလိုက်၏။

'သူတကယ် မသေပါဘူးကွ၊ ကျုပ်တကယ်ပြောတာပါ'

တုလျှံဝေးသည် လေမီးခိုးအား မော့ကြည့်လိုက်၏။

'မင်းမယုံရင် သူ့သွေးကို စမ်းကြည့်ပါလား'

တုလျှံဝေးသည် မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့် ဆင်းပိရဲ၏သွေးကြောကို စမ်းသပ်ကြည့်လေ၏။

သူသည် မျက်နှာရှုံ့သွား၏။ မျက်မှောင်ကုတ် သွား၏။ ပထမတွင် ဆင်းပိရဲ၏သွေးကြောကို မစမ်းသပ်မိချေ၊ နောက်မှစမ်းသပ်၍ ရသည်။

ဆင်းပိရဲ၏ သွေးခုန်နှုန်းမှာ လွန်စွာနှေးကွေးလှ၏၊ သူသည်အကြာကြီး စမ်းသပ်ပြီးမှ ဆင်းပိရဲ၏ သွေးကြောကို စမ်းသပ်၍ရလေ၏။

တုလျှံဝေးက....

'ဂိုဏ်းချုပ်ကြီးအသက်ရှိသေးတာပဲ၊ အခုတယ်လို ဖြစ်တာလဲခင်ဗျာ၊ ခေါင်းထဲ-ထည့်ထားတယ် ဆိုတော့ မထိတ်သာ မလန့်သာရှိလှပါတယ်'

လေမီးခိုးက....

'ကျုပ်လဲ သူ့ကိုတတ်နိုင်သမျှကုသခဲ့တာပဲ'

'မရဘူးလားခင်ဗျာ'

'မရဘူးကွ၊ ကြေးရုပ်လူချီကုန်းရဲ့ လက်ဝါးရိုက်ချက်ဟာ တကယ် ပြင်းထန်တယ်၊ ကျုပ်တယ်လိုမှ ကုသလို့ မရဘူး၊ အသက်မသေအောင် ထိန်းထားရုံပဲ ထိန်းထား နိုင်ခဲ့တယ်'

ငွေခေါ်ချိန်ဖုံသည် ဆင်းပိရဲကို ငေးကြည့်နေ၏။ သူသည် ဆင်းပိရဲကို လေးစားခဲ့၏၊ ဆင်းပိရဲသည် လူသာ ငယ်သော်လည်း ကတိသစ္စာရှိသည်။ ဖြောင့်မတ် ရိုးသားသည်။

ယခု သေလုနီးနီး ရှိနေလေပြီ၊ သူတို့သည် ဤအတိုင်း လက်ပိုက်၍ ကြည့်နေရတော့မည်။

အခန်း(၁၁၈)

တုလျှံဝေးသည် ခြင်္သေ့နန်းတော် ဂိုဏ်းသား များအား လှမ်းခေါ်လိုက်၏။

'ဂိုဏ်းသားတွေ လာကြ၊ ဂိုဏ်းချုပ်ကြီးကို ခြင်္သေ့နန်းတော်ထဲ သယ်ဆောင်ကြမယ်'

ဂိုဏ်းသားများသည် ညီညီညာညာ ရောက်ရှိလာကြလေသည်။

မိုးသောက်ရောင်နီလည်း ထွက်လာလေပြီ။

ဂိုဏ်းသားများသည် ဂိုဏ်းချုပ်ကြီးကိုသယ်ဆောင်လာပြီး ခုတင်ပေါ်၌တင်ထားကြလေ၏။ အမွှေးတိုင်များ ထွန်းထားသည်မှာ မှုးယစ်ထုံ အီနေသည်။

တုလျှံဝေးသည် စီမံခန့်ခွဲရာတွင် အလွန်တော်သူ ဖြစ်၏။ သူသည်လေမီးခိုးအတွက် စားပွဲကုလားထိုင်နှင့် တကွ အရက်အိုးများ၊ စားစရာ သောက်စရာများကိုလိုလေသေး မရှိချထားပေးလေ၏။

သူနှင့်ငွေစားချိန်ဖုံတို့မှာမူ ဂိုဏ်းချုပ်ကြီးဆင်းပိရဲ၏ဘေး၌ဒူးထောက်ထိုင်နေကြလေ၏။

လေမီးခိုးသည် ငွေစားချိန်ဖုံနှင့် တုလျှံဝေးတို့အား ကြည့်ပြီး အရက်သောက်နေသည်။

သူတို့လုပ်မည့်အစီအစဉ်ကိုလည်း သိရှိလို၍ စောင့်ဆိုင်းနေခြင်းဖြစ်ပေသည်။

တုလျှံဝေးသည် ချိန်ဖုံအားကြည့်နေသည်။

ငွေစား ချိန်ဖုံသည် တုလျှံဝေးအား လှမ်းပြော လိုက်လေသည်။

'ဒီအဖြစ်ကြီးကတော့ မကောင်းလှပါဘူး။ ဆင်းပိရဲ့ဟာဒီလိုပဲတစ်သက်လုံးနေသွားရတော့မှာလား၊ အခုဟာကလူသေနဲ့မခြားတော့ပါဘူး'

လေမီးခိုးက ဝင်ပြောလိုက်၏။

'ကျုပ်လဲ ကျုပ်တတ်သမျှ မှတ်သမျှ ကုသပြီးပြီ၊ ဒဏ်ကြေဆေးတွေလဲ ကျွေးပြီးပြီ၊ သူဟာ အသက်တော့ မသေသေးဘူး၊ ဒါပေမယ့် အခု မင်းတို့ မြင်တဲ့အတိုင်းပဲ၊ ငါ စဉ်းစားမိတာတစ်ခုပြောမယ်နော်'

တုလျှံဝေးက....



'ပြောပါ....ပြောပါ၊ ဆရာကြီးဟာဂိုဏ်းချုပ်ကြီးနဲ့ ခြင်္သေ့နန်းတော်ဂိုဏ်းအပေါ် စေတနာ ထားတဲ့လူပဲ၊ ဆရာကြီးရဲ့အမြင်ကိုပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ်'

လေမီးခိုးက....

'မင်းတို့ဒီလိုထိုင်ကြည့် နေတာထက်စာရင် ကျွမ်းကျင်တဲ့သမားတော်ကြီး တစ်ယောက်ယောက်ကို ပင့်ခေါ်ပြီးပြသင့်တယ်လို့ထင်တယ်'

လေမီးခိုး၏ အကြံပေးချက်မှာ သင့်လျော်ပေသည်။

တုလျှံဝေးသည် လက်ထောက်ဂိုဏ်းချုပ်ဖြစ်သည်။ လေမီးခိုး၏အကြံဉာဏ်ကိုစဉ်းစားရတော့၏။ နောက်ဆုံး သူသည် လေမီးခိုး၏အကြံဉာဏ်ကိုသဘောတူလိုက်သည်။

'ကောင်းတယ် အကောင်းဆုံးသမားတော်ကိုပင့်ပြီး ပြသမယ်'

ချက်ချင်းပင်သူသည် သမားတော်အားပင့်ဖိတ်ရန် ဂိုဏ်းသားလေးယောက်အား စေလွှတ်လိုက်၏။

တုလျှံဝေးက....

'ဂိုဏ်းချုပ်ကြီးအသက်ပြန်ရှင်လာမယ်ဆိုရင် ကျုပ်ဘာမဆိုလုပ်မယ်'

လေမီးခိုးသည် အပေါင်း အသင်းကောင်း မိတ်ဆွေကောင်းများ ရှိနေသည့်အတွက် ဆင်းပိရဲအတွက် ဝမ်းသာမိသည်။ သူသည်ခေါင်းတဆတ်ဆတ်ညိတ်၍ကြည့်နေသည်။

တုလျှံဝေးနှင့် ချိန်ဖုံအပိုပြောနေခြင်းမဟုတ်ကြောင်း သူသိပေသည်။

ထိုစဉ် ဂိုဏ်းသားတစ်ယောက် ဝင်လာပြီး တုလျှံဝေးကို ဂါရဝပြုလေ၏။

'ဘာလဲ....ဆိုစမ်း'

'သမားတော်ကြီးပေစမ်းရောက်လာပါပြီ'

သမားတော်ကြီးသည် ဂိုဏ်းသားသုံးယောက် ခြံရံလျက် ရောက်ရှိလာလေ၏။

ပေစန်းက တုလျှံဝေးအား ဦးညွှတ်ဂါရဝပြုသည်။

တုလျှံဝေးကလည်း ပြန်လည်ဂါရဝ ပြုလိုက်ရလေ၏။

'လက်ထောက်ဂိုဏ်းချုပ်ကြီးက အခေါ် လွှတ်လိုက်တယ် ဆိုလို့ ကျုပ်လိုက်လာတာပါ'

တုလျှံဝေးက လဲလျောင်းနေသည့် ဆင်းပိရဲကို ညွှန်ပြလိုက်ပြီး....

'ကျုပ်တို့ဂိုဏ်းချုပ်ကြီး ဒဏ်ရာအပြင်းအထန် ရနေတယ်၊ အဲဒီဒဏ်ရာကိုကုသပေးဖို့ပါပဲ'

'ကဲ....ဂိုဏ်းချုပ်ကြီးရဲ့ ဒဏ်ရာကိုကြည့်ကြရအောင်'

သမားတော်ကြီးပေစန်းသည် လိုရင်းကိုပြောလိုက်၏။

'ကဲ....လာပါ'

တုလျှံဝေးသည် ဆင်းပိရဲထံသမားတော်ကြီး ပေစန်းအား ခေါ်သွားလေ၏။



ပေစန်းသည် သမားတော်ပီသသူ ဖြစ်သည်။ သူသည် ချက်ချင်းပင် ဆင်းပိရဲအား စစ်ဆေးကြည့်သည်။ သူစစ်ဆေးနေသည်မှာ အတော်ပင်ကြာသည်။

ထို့နောက် သူသည် သက်ပြင်းချလိုက်လေ၏။

★

## အခန်း(၁၆၁)

စိတ်ဝင်စားစွာကြည့်နေသော ချိန်ဖုံးသည် မအောင့်နိုင်ဘဲ ဝင်ခမေးလေ၏။

'သမားတော်ကြီး၊ သူ့အခြေအနေက....'

သမားတော်ကြီးပေစန်းက....

'ခင်ဗျားတို့ဂိုဏ်းချုပ်ဟာ အတွင်းဒဏ်ရာအတော်ပြင်းပြင်း ထန်ထန်ကိုရနေတယ်၊ ကလီစာတွေနေရာရွှေ့နေတယ်၊ ဒီ အတွင်းဒဏ်ရာက တခြားအတွင်းဒဏ်ရာတွေနဲ့မတူဘူး၊ သူ့ ခန္ဓာကိုယ်တွင်းမှာ အေးစက်နေတယ်ဗျ၊ အဲ့ဒီ အအေးဒဏ်က ကုသဖို့ခဲယဉ်းတယ်။ နောက်ဆုံးပြောလိုက်မယ်ဗျာ၊ သူဟာ သုံးရက်အတွင်း ဒီဒဏ်ရာနဲ့သေရမယ်ဗျ'



လေမီးခိုးက....

'ကျုပ်အတွင်းအားနဲ့ သူ့ကိုအသက်ဆက်ပေးထားတာပါ၊ သုံးရက်အတွင်းသေရမယ်ဆိုတော့ ကျုပ် အတွင်းအားတွေ အလကားဖြစ်သွားတာပေါ့'

သမားတော်ပေစန်းက....

'ခင်ဗျားအတွင်းအားနဲ့ ဆက်ပေးထားတာလား'

'ဟုတ်ပါတယ်ဗျာ'

'အဲဒါ ပိုဆိုးသွားတာပေါ့'

'ဘုရားရေ....သူ့အသက်ကို ကျုပ်ကယ်တာပါ'

'ကယ်တော့ကယ်တာပေါ့၊ ခင်ဗျားကယ်လိုက်လို့ သူ့ ဒဏ်ရာက ပိုဆိုးသွားတာဗျ၊ အင်း....အဲ့သက်တော့မသေဘူး ပေါ့ဗျာ'

လေမီးခိုးမှာ သူကယ်တင်မှု ပိုဒုက္ခရောက်သွားရသည်ကို သိသဖြင့် စိတ်မကောင်းဖြစ်သွားသည်။

ငွေခေါးချိန်ဖုံက....

'ဒီတော့ သမားတော်ကြီးကုသ....'

သမားတော်ကြီးပေစန်းက လက်ကာပြလိုက်၏။

'အမှန်အတိုင်း ကျုပ်ပြောပါ့မယ်'

'ပြောပါဗျာ....ပြောပါ'

'ခင်ဗျားတို့ရဲ့ဂိုဏ်းချုပ်ကြီး အသက်ရှင်လာအောင် ကျုပ် ကုသနိုင်စွမ်း မရှိပါဘူး'

'ဗျာ'

အားလုံးပင် မျက်နှာပျက်သွားကြသည်။ လေမီးခိုးတစ်ယောက်သာ ဤသို့ဖြစ်လိမ့်မည်ဟုမျှော်လင့်ထားသဖြင့် အရက်ဆက်သောက်နေနိုင်သည်။

တုလျှံဝေးက....

'ဒါ....ဒါဆိုရင် ဂိုဏ်းချုပ်ကြီးကို ဘယ်သူမှမကယ်နိုင်တော့ဘူး၊ 'အသေစောလှချည်လားဂိုဏ်းချုပ်ကြီးရယ်'

တုလျှံဝေးသည် မျက်ရည်များတွေတွေကျဆင်း လာလေသည်။

သမားတော်ကြီးပေစန်းသည် တွေဝေစဉ်းစား နေလေသည်။

အတန်ကြာမှ....

'တစ်ခုတော့ရှိတယ်ဗျ'

တုလျှံဝေး၏မျက်လုံး၌ မျှော်လင့်သော အရိပ်အယောင်များ တောက်ပလာလေသည်။ သူသည် သမားတော်ကြီးပေစန်းအား အရေးတကြီးမေးမြန်းလေ၏။

'ဘယ်လိုလဲဗျ၊ နည်းလမ်းရှိရင်ပြောပါ၊ ကျုပ်တို့ ဘယ်နည်းလမ်းကိုမဆို လိုက်လုပ်မှာပါ'

သမားတော်ကြီးပေစန်းက လေးလေးနက်နက်ပြောလေသည်။

'လူတစ်ယောက်တော့ရှိပါတယ်၊ အဲဒီလူတစ်ယောက်ကကုသပေးမယ်ဆိုရင်တော့ သူ့အသက် ပြန်ရှင်လာကောင်းလာနိုင်ပါတယ်၊ အဲ့ဒီလူက ကုသပေးမပေးတာမှမသိတာ'

တုလျှံဝေးက ဝမ်းသာသွားလေ၏။



သူ့မေးမည့်အလုပ်တွင် ဇွေခေါ်းချိန်ဖုံက ဝင်မေးလိုက်သည်။

'အဲဒီလူက ဘယ်သူလဲ'

သမားတော်ကြီးပေစန်းက တစ်လုံးချင်း ပြောလိုက်သည်။

'သ....မား....တော်....သိုင်း....သ....မား'

သမားတော်ပေစန်းသည် ထိုအကြောင်းကိုမပြောချင်ပေ။ မပြောချင်သည်မှာ မပြောချင်၍မဟုတ်ပေ။

ဆင်းပိရဲတို့အတွက် မည်သို့မျှ အကျိုးထူးမည်မဟုတ်သည်ကို သိသောကြောင့်ဖြစ်သည်။ သူသည် သမားတော် သိုင်းသမားအကြောင်း သိထားသည်မဟုတ်ပါလော။

တုလျှံဝေး၊ ဇွေခေါ်းချိန်ဖုံနှင့် လေမီးခိုးတို့သည် ဤသည်ကိုသာ သိချင်သည်။ ဆင်းပိရဲကိုကုသနိုင်သူရှိမရှိကိုသာ သိချင်သည်။

ဆင်းပိရဲကိုကုသနိုင်သူမှာ သိကြားမင်းဖြစ်သည်ဆိုလျှင်လည်း သူတို့သည် သိကြားမင်းထံရောက်အောင်သွားကြမည်သာဖြစ်သည်။

တုလျှံဝေးက ဝမ်းသာအားရမေးလိုက်၏။

'တကယ်လားဗျာ၊ သမားတော်သိုင်းသမားက တကယ်ကုနိုင်သလား'

သမားတော်ကြီးပေစန်းက....

'သူကချင်စိတ်ရှိလို့ ကုပြီဆိုရင်တော့ ဒီလူဟာ အသက်ရှင်ပါပြီ၊ အဲ့....သူကုသချင်စိတ်မရှိဘူးဆိုရင်တော့....'

သမားတော်ကြီးပေစန်းက တစ်ဝက်တစ်ပျက်ဖြင့် စကား ရပ်လိုက်သည်။

တုံလျှံ့ ဝေး၊ ငွေဓားချိန်ဖုံနှင့်လေမီးခိုးတို့သည်တစ်ယောက် မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေ၏။

★

# အခန်း(၁၆၂)

## အတုလော အစစ်လော

သမားတော် သိုင်းသမား။

သမားတော်သိုင်းသမားကို သိုင်းလောကတွင် မသိသူမရှိ ပေ။ ကျော်ကြားသော သိုင်းသမားသည် မည်သို့သော သိုင်းသမားပေနည်း။

သိုင်းလောကဆေးပညာ၌ တစ်ဖက်ကမ်းခတ်ထူးချွန်သော သမားတော်တစ်ယောက်ဖြစ်ပါ၏။ ဆေးပညာ၌ထူးချွန်သည် မဟုတ်၊ သိုင်းပညာ၌လည်း ထူးချွန်ပါသေးသည်၊

ထိပ်သီးသိုင်းသမား အတော်များများသည် သမားတော် သိုင်းသမားကို ရှုံးနိမ့်ကြသည်။

သူသည် သာမညလူသားတစ်ယောက်မဟုတ်ပေ။ ချမ်းသာကြွယ်ဝသောမျိုးရိုးရှိသူဖြစ်၏။ သူ့အဘိုးအဘွားများလည်း ချမ်းသာပါ၏။

သူ့မိဘများလည်း ချမ်းသာ၏။ သို့သော် သူသည်မြို့တွင်းမနေပါ၊ မြို့တွင်း လူရှုပ်သောကြောင့်ဖြစ်ပါ၏။ သူသည် အမြင့်ရှုပ်သည်ကိုလည်း မခံနိုင်ပါ။

သူသည် ဆေးကျွန်းဟုခေါ်သော ရေလယ်ကျွန်းကလေးတစ်ကျွန်းတွင် တစ်ဦးတည်းနေထိုင်ပါ၏။ ထိုကျွန်းတွင် မည်သည့် အမြင့်အရှုပ်မျှမရှိချေ။

သူသည် အချိန်ရှိသရွေ့ ဆေးပညာသာ လေ့လာဆည်းပူးနေ၏။ ဤသို့ နေ့ရှိသရွေ့ ဆေးပညာကို ဆည်းပူးလေ့လာ၍လားမသိ၊ သူသည် ဆေးပညာ၌ အလွန်ထက်မြက်လှပါ၏။

သူကုသပြီဆိုလျှင် မည်မျှအခြေအနေဆိုးဝါးသော လူနာဖြစ်နေပါစေ၊ တစ်ပတ်၊ တစ်လအတွင်း လူကောင်းပကတိပြန်ဖြစ်သွားရမည် ဖြစ်သည်။

သူ့တွင် လူနာကုသသော ထုံးတမ်းစဉ်လာတစ်ခုရှိသည်။ သူသည် မည်သည့်လူနာဆီကိုမျှမသွားပါ၊ မည်သို့ပင် သူ့အား လာရောက်ပင့်စေ မည်သည့်အခါမျှ လူနာဆီသို့ မသွားပါ။

ကုသလိုသော လူနာများသည် သူရှိရာဆေးကျွန်းသို့သာ လာရောက်ရပါ၏။ ဆေးကျွန်းသို့ လူနာရောက်ရှိလာလျှင်လည်း သူကချင်မှကု၏။ သူမှုက်နှာလှဲ့သဖြင့် သေရသည့် လူနာများမှာလည်း မြောက်မြားစွာရှိပါ၏။



သူကုသလိုသည့်လူနာကို ရွေးချယ်ပါ၏။ သူမကုသဘူးဆိုသည့် လူနာကို ဘုရင့်အမိန့်အာဏာနှင့် လာကုသခိုင်းလျှင်ပင် မရပါ။

သူကုသမည်ဟု ရွေးချယ်လိုက်သူသည် မည်သို့ အသက်ရှင်ရပေမည်။ သို့အတွက် ညီသည့်လက်ဆောင် ငွေကြေးပဏ္ဏာ ပေးရန်မလိုအင်ပါ၊ လက်ဆောင် ငွေကြေးပဏ္ဏာ ပေးလျှင်လည်း ဆေးကျွန်းမှ ကန်ထုတ်လိုက်မည်သာ ဖြစ်ပါ၏။

သူသည် အလွန်ထူးဆန်းသော စိတ်ထားရှိသူဖြစ်လေ၏။ ထို့ကြောင့် သိုင်းလောကရှိ လူထူးလူဆန်းလေးယောက်တွင် တစ်ယောက် အပါအဝင်ဖြစ်နေခြင်းပေတည်း။

တုလျှံဝေးက တိတ်ဆိတ်ငြိမ်သက်မှုကို စတင်ဖြိုခွဲလိုက်၏။

'ဆေးကျွန်းကို ကျုပ်တို့သွားရမှာပေါ့'

ငွေစားချိန်ဖုံက....

'သွားရမယ်၊ အခုအချိန်ဟာ ဆင်းပိရဲ့ရဲ့နောက်ဆုံးအချိန်ပဲ၊ သမားတော်သိုင်းသမားက ကုသဖို့လက်ခံလိုက်ရင် သူ့အသက်ရှင်မှာပဲပေါ့၊ လက်မခံရင်တော့ သူ့ကံအတိုင်းပေါ့'

လေမီးမိုးက နှာခေါင်းရှုံ့လိုက်၏။

'သူကုသဖို့လက်မခံဘူးဆိုရင်တော့ ကျွန်းကို ကျုပ်မီးရှို့ပစ်မယ်'

တုလျှံဝေး ဝမ်းသာသွား၏။ အဘယ်ကြောင့်ဆိုသော် လေမီးခိုး၏ စကားအရ သူပါဆေးကျွန်းသို့ လိုက်မည်ကို သိလိုက်ရသောကြောင့်ပေတည်း။

ကြေးရုပ်လူချိကုန်း၏လက်ချက်ဖြင့် သေအံ့ဆဲဆဲ ဆင်းပိရဲသည် သေဘေးမှလွတ်မြောက်သွားသည်။ ထို့နောက် သူ့အတွင်းအားဖြင့်ပင် ဆင်းပိရဲ အသက်ဆက်နေရသည်။

ယခု ဆေးကျွန်းသို့ သွားရောက်ကုသမည် ဆိုသောအခါ လေမီးခိုးပါ လိုက်ပါမည်ဆိုသဖြင့် ကျိန်းသေအောင်မြင်မည်ဟု တုလျှံဝေး ယုံကြည်မိလေ၏။

ငွေခေါးချိန်ဖုံက....

'ကျုပ်တို့ ဘယ်အချိန်စထွက်ကြမလဲ'

လေမီးခိုးက ယတိပြတ်ပြောလေ၏။

'အချိန်ဆွဲနေလို့ ဘာထူးမှာလဲ၊ ကြာရင် ဆင်းပိရဲ ဒုက္ခရောက်ဖို့ပဲရှိတယ်၊ ဆေးကျွန်းကို စောစောရောက်ရင် စောစော စိတ်အေးရတာပေါ့'

တုလျှံဝေးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့....ကျုပ်အခုပဲ ခရီးထွက်ဖို့ ပြင်ဆင်လိုက်ပါမယ်'

တုလျှံဝေးသည် အခန်းတွင်းမှထွက်ရန် တန်ပြင်လိုက်သည်။

ထိုစဉ်....

'ခေါင်...ခေါင်'

'ခေါင်...ခေါင်'



ခြင်္သေ့နန်းတော် ပတ်ဝန်းကျင်မှ အချက်ပေးသံချောင်းခေါက်သံများ ပေါ်လာတော့၏။ တုလျှံဝေးမှာအပြင်သို့ လှမ်းကြည့်မိလေ၏။

တုလျှံဝေးက....

အခုရေးထဲ ဘယ်ကရန်သူများ ရောက်လာတာလဲ မသိဘူး။

သူသည် အခန်းထဲမှ ပြေးလွှားထွက်ခွာ သွားရလေတော့သည်။

ငွေခေါးချိန်ဖုံလည်း သူ့အားကူညီရန် လိုက်ပါသွားလေသည်။

တုလျှံဝေးသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ ခြင်္သေ့နန်းတော်ဂိုဏ်းသားများသည် အမျိုးသမီး လေးယောက်ကို ဝိုင်းထားကြလေ၏။ ခါး၊ လှံ၊ လေး၊ မြားနှင့် တားဆီးထားကြ၏။

အမျိုးသမီးများ၏ ခေါင်းဆောင်ကား မျက်နှာဖုံးတစ်ခုကို စွပ်ထားလေ၏။ နောက်ပါအမျိုးသမီးများကတော့မထင်ဟန်ရှိကြ၏။

တုလျှံဝေးသည် အမျိုးသမီးကို အသေအချာ ကြည့်လိုက်၏။ သူမျက်နှာပျက်သွား၏။

'သွေး....ဂိုဏ်းချုပ်ကြီး'

သူ့နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်၏။ မှန်ပါသည်။

ရောက်ရှိလာသူများမှာ သွေးဂိုဏ်းချုပ်ကြီး စန်းလျှံဝေဝေ၊ လျှံဟူးနှင့် ငွေခေါးတို့ပင်ဖြစ်ပါသည်။

တုလျှံဝေး ဝင်လာသောအခါ ခြသေ့်နန်းတော်ဂိုဏ်းသားများသည် ရှဲခနဲလမ်းဖွင့်ပေးလိုက်ကြ၏။ ထိုအခါ သွေးဂိုဏ်းချုပ်ကြီး စန်းလျှံနှင့် တုလျှံဝေးတို့မှာ မျက်နှာချင်းဆိုင်ဖြစ်သွားကြလေ၏။

## အခန်း(၁၆၃)

တုလျှံဝေးက လက်နှစ်ဖက်ဆုပ်ပြီး ဦးညွှတ်ဂါရဝပြုလိုက်၏။

'သွေးဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်'

သွေးဂိုဏ်းချုပ်ကြီးကလည်း ဂါရဝပြု၏။

တုလျှံဝေးက....

'ဘယ်လိုကိစ္စကြောင့် သွေးဂိုဏ်းချုပ်ကြီးဟာ ကျုပ်တို့ခြသေ့်နန်းတော်ကို ရောက်လာရတာပါလဲ'

ဂိုဏ်းချုပ်ကြီး စန်းလျှံက အေးစက်စက်ပြောလေ၏။

'ရှင်တို့ဂိုဏ်းချုပ်ကြီးနဲ့တွေ့ချင်လို့'

'ဘာကိစ္စ များပါလဲခင်ဗျာ'

'စကားမရှည်နဲ့၊ ကျုပ်အနေနဲ့ စကားရှည်ရှည်ဝေးဝေး ရှင်းပြမနေနိုင်ဘူး၊ ရှင့်ရဲ့ဂိုဏ်းချုပ်ကြီးကိုသာ ခေါ်လိုက်ပါ'

'မဟုတ်ဘူး၊ ကျုပ်တို့မှာလဲ အရေးပေါ်ကိစ္စ ပေါ်နေပါတယ်၊ ဒါကြောင့်မို့ပါ'

'အို...မလိုချင်ဘူး၊ သူထွက်လာရင်ထွက်လာ၊ မထွက်လာရင်တော့ ခြသေ့်နန်းတော်တစ်ခုလုံးကို မီးရှို့ပစ်မယ်'

'ဟား...ဟား...ဟား၊ ဒီမှာ အရေးတကြီးကိစ္စ ပေါ်နေတယ်၊ မင်းက တမှောင့်ပဲ'

ရယ်သံကြားလိုက်ရသဖြင့် သွေးဂိုဏ်းချုပ်ကြီးသည် လှမ်းကြည့်လိုက်လေ၏။

တိမ်မီးခိုးသည် ခြသေ့်နန်းတော် အတွင်းမှ ထွက်လာသည်ကို တွေ့လိုက်ရလေ၏။

တိမ်မီးခိုးက....

'မင်းက စန်းလျှံဆိုတာလား'

စန်းလျှံသည် ဂိုဏ်းချုပ်ကြီး ဖြစ်သေးသည်မှာ မကြာသေးသဖြင့် သိုင်းလောကမှ လူထူးလူဆန်းအပါအဝင်ဖြစ်သော လေမီးခိုးကို သူမမြင်ဖူးချေ။

ထို့ကြောင့် စန်းလျှံသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'ရှင်ဘယ်သူလဲ၊ ခြသေ့်နန်းတော်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကို ကျွန်မသိတယ် မြင်ဖူးတယ်၊ ရှင်တော့မဟုတ်ဘူး'

'ဟား....ဟား....ဟား'

လေမီးခိုးက ရယ်မောလိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်က ဂိုဏ်းချုပ်မဟုတ်ပါဘူး'



သွေးဂိုဏ်းချုပ်ကြီးစန်းလျှံက လက်ကာပြလိုက်ပြီး....

'ရှင်တို့ဂိုဏ်းချုပ်ကြီးကို သွားခေါ်ပါ၊ ကျွန်မ ကြာကြာ မစောင့်နိုင်ဘူး၊ စောင့်ရတာ ကျွန်မစိတ်မရှည်ဘူး'

'စိတ်မရှည်ရင် ပြန်ပေါ့ကွာ'

'ကျွန်မကို စိတ်ဆိုးအောင် မလုပ်နဲ့နော်၊ ကျွန်မစိတ်ဆိုးရင် ခြသေ့်နန်းတော်ကြီး တစ်ခုလုံး ပြာကျသွားမယ်'

'မင်းက အပြောကြီးလှချည်လား'

'ရှင် သေချင်နေပြီနဲ့တူတယ်'

လေမီးခိုးက တဟားဟား ရယ်လိုက်၏။

'မင်းက ငါ့ကိုသတ်နိုင်လို့လား'

'ဟင်း....ဟင်း၊ ရှင်စမ်းကြည့်ပေါ့'

'ကဲ....မင်းကို ဂိုဏ်းချုပ်နဲ့တွေ့ပေးမယ်၊ ဒါပေမယ့် ဒီအတိုင်းဆိုရင်တော့ မရဘူး၊ မင်းကျုပ်ကို ပညာစွမ်းနည်းနည်းတော့ ပြမှဖြစ်မယ်'

သွေးဂိုဏ်းချုပ်ကြီး စန်းလျှံက နောက်သို့ လက်ဖြန့်လိုက်၏။ လျှံကူးက ဓားတစ်လက်ကို လက်ထဲသို့ထည့်ပေးလိုက်သည်။

စန်းလျှံသည် ဓားလက်ထဲရောက်သည်နှင့် လျှပ်ပြက်သည့်အလား လေမီးခိုးအား ခုတ်ထစ်လိုက်လေ၏။ သူမ၏ဓားသည် လျင်မြန်လှသည်။ ပြူးခနဲ ပြက်ခနဲ ဝင်းလက်သွားသည်။

သို့သော် လေမီးခိုးမှာ သူမရှေ့တွင် မရှိတော့ပေ။ စန်းလျှံ အံ့ဩသွားသည်။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ်၏။

'အဘိုးကြီး ရင်မဆိုင်ရဲဘဲနဲ့များ'

သူမ၏စကားမဆုံးမီ သူမ၏နောက်ကျောဘက်မှ ရယ်သံသဲ့သဲ့ ထွက်ပေါ်လာလေ၏။

စန်းလှိုင်သည် ဓားကို နောက်ပြန်ထိုးချလိုက်၏။ တစ်ဆက်တည်း ကိုယ်ကိုလှည့်၍ ညာခြေဖြင့် ဝိုက်၍ကန်ချလိုက်သည်။ သူ၏တိုက်ခိုက်မှုမှာ တိကျသည်။ သို့သော် လေကိုသာ ထိုးကန်မိသလိုသာ ဖြစ်သွားလေ၏။

အဘိုးအိုသည် သူမရှေ့သို့ ရောက်ရှိလာပြန်လေ၏။

'မိန်းကလေး....မင်းက ဒေါသချည်းပဲကိုး'

စန်းလှိုင်သည် ရှေ့သို့သုံးလှမ်းတက်ပြီး အဘိုးအိုအားခုတ်ထစ်လိုက်၏။

အဘိုးအိုသည် သူမရှေ့မှ ပျောက်သွားပြန်သည်။ သူမသည် နောက်သို့လှည့်ပြီး ဒုတိယအကြိမ် ခုတ်လိုက်ပြန်၏။

'ရှမ်း....ရှမ်း....ရှမ်း'

အဘိုးအိုသည် ရှေ့သို့ ရောက်လာပြန်လေ၏။ အဘိုးအို၏ ကိုယ်ဖော့ပညာမှာ အကြောက်ခမန်းလိလိ ကောင်းလှသည်ကို သူမ တွေ့ရှိလိုက်ရလေ၏။

သူမသည် အဘိုးအိုအား ဓားဖြင့်ခုနစ်ချက် ဘိဘိ သိုးခုတ်လိုက်၏။ ခုနစ်ချက်စလုံး အဘိုးအိုအား မထိပေ။ လေကိုသာ ထိုးမိသည်။

သူမသည် အဘိုးအိုအား တိုက်ခိုက်ခြင်းကို လက်လျှော့လိုက်ရလေ၏။ သူမသည် ဓားကို ပြန်သိမ်း ပိုက်ရသည်၊



'ရှင်ဘယ်သူလဲ၊ ရှင့်ကိုယ်ဖော့ပညာ ကောင်းလှချည်လား၊ ရှင်ဟာ ခြသေ့်နန်းတော်က မဟုတ်ဘူးတော့ သေချာတယ်'

အဘိုးအိုက ရယ်မော၍ ပြောလိုက်သည်။

'ဟား....ဟား....ဟား၊ လေမီးခိုးပါ'

စန်းလှိုင် မျက်နှာပျက်သွားလေ၏။

သိုင်းလောက လူထူးလူဆန်း လေးယောက်တွင် အပါအဝင်ဖြစ်သော လေမီးခိုးကို သူမ ကြားဖူးသည်။ သို့သော် မမြင်ဖူးချေ။

'ရှင်က ဟိုကျန်းကို အကာအကွယ်ပေးနေတဲ့ လူလား'

လေမီးခိုး မျက်မှောင်ကုတ်သွားတော့သည်။

'ဟိုကျန်း....ဘယ်က ဟိုကျန်းလဲ'

စန်းလှိုင်က ရယ်မောလိုက်၏။

'ရှင်က ဟိုကျန်းကိုလဲ အကာအကွယ် ပေးနေသေးတယ်၊ ဘယ်က ဟိုကျန်းလဲလို့လဲ ပြန်မေးနေသေးတယ်'

'ဟိုကျန်းကို ကျုပ်မသိဘူး မိန်းကလေး'

'ဘာဖြစ်လို့မသိရမှာလဲ၊ ဟိုကျန်းဆိုတာ ခြသေ့်နန်းတော်က ဂိုဏ်းချုပ် လူယုတ်မာပဲ'

တုလှိုင်ဝေးက ဝင်ပြောလိုက်၏။

'သေဒဏ်ဂိုဏ်းချုပ်ကြီး ခင်ဗျားမှားနေပြီ'

★


တက္ကသိုလ်နေလင်းအောင်
ခေါင်းတလား နှင့် ဓါးသိုင်းရှစ်ကွက်
တတိယပိုင်း ဇာတ်သိမ်း အပိုင်း (၂) အား ဆက်လက်ဖတ်ရှုပါရန်..
သိုင်းစာစဉ်များPAGE..
sina 新浪时尚